The **Commerce** Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
**VOL. 22, NO. 22** | တနင်္လာနေ့တိုင်းထုတ်ဝေသည် | **November 7, 2022**



# အလေးချိန် အတိုင်းအတာများ နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီစေရေး ပူးပေါင်းဆောင်ရွက်

၁၆

ခေါင်းဆောင်မှုတွင် အရေးကြီးသည့် စဉ်းစားချိန်နှင့် တိုင်ပင်ချိန် (သို့မဟုတ်) အချိန်စီမံခန့်ခွဲမှု ၆

ပို့ကုန် သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ ထုတ်ပြန် ၇

၂၀၂၃ ကမ္ဘာ့စီးပွားရေးမြင်ကွင်း ၈

အီးယူသို့ ပဲတီစိမ်းတင်ပို့မည့် ကုမ္ပဏီများအတွက် အသင့်ရှိနေပြီဖြစ် ၂၀



## ကောမတ်စ် ပုံနှိပ်လုပ်ငန်း

အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။

*Pamphlets, Calendar(Table/Wall)*
*Visiting Card, Company Letter Head*
*File Holder, Business Cards*
*Certificates Labels, Voucher, Book,*
*Catalouges, Postcards, Envelopes, Journal*

No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:
Ph:09 43034879, 09 795679800, 09 420119709



TRP Soe Myint Co.,Ltd
သရဖူ စိုးမြင့် ကုမ္ပဏီလီမိတက်
" လယ်ယာသုံးထွန်စက်အမျိုးမျိုး၊ စီးပွားရေးလုပ်ငန်းသုံးကား၊ ခရီးသည်တင်ကား၊ သုံးဘီးဆိုင်ကယ်၊ မီးစက်အမျိုးမျိုး အရောင်းပြခန်း "
HERO Tractor
KAMA
FOTON
LOVOL WHEEL LOADER
SINOTRUK-CDW
HOTLINE : 09 444 477 811, 09 444 477 822



GMP Wholesale Mall
@ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်
LOCATION
ရန်ကုန်မြို့၊ မြို့တွင်း Downtown မြို့နယ်များ၊ ဆိပ်ကမ်းများ၊ မင်္ဂလာဈေး၊ ယုဇနပလာဇာတို့နှင့် အနီးဆုံး ၅မိနစ်ခန့် ကားမောင်းရသော အကွာအဝေး သာရှိသည့်အချက်အခြာကျသော နေရာ။
SHOP AREA
ကြမ်းခင်းဧရိယာ (၂၀၀)စတုရန်းပေမှ (၈၀၀)စတုရန်းပေ အထိရွေးချယ်နိုင်သည်။
FACILITIES
ဆိုင်ခန်းတိုင်းအတွက် Hitachi အမှတ်တံဆိပ် Water-cooled chiller စနစ်သုံး လေအေးပေးစက်စနစ်ကိုတပ်ဆင်ပေးထားပြီး၊
SUPERMARKET & SUPPORTING
မြေအောက်ထပ်တွင် Supermarket၊ စားသောက်ဆိုင်များ၊ မုန့်ဆိုင်များ၊ Beauty Salon နှင့် Pharmacy ကိုဖွင့်လှစ် သွားမည်ဖြစ်ပြီး warehouse
PAYMENT
OPENING SOON!
Contact us-
09-777 117 664, 09-777 117 665, 01-653 653 Ext: 8105,8106,8125

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး CITIC Consortium Myanmar Port Investment Limited ဒုတိယဥက္ကဋ္ဌ Mr. Frank Ma Chuanfu ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင် စုဝန်ကြီး ဦးအောင်နိုင်ဦးသည် နိုဝင်ဘာ ၂ ရက် ညနေပိုင်းက CITIC Consortium Myanmar Port Investment Limited ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Frank Ma Chuanfu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

MOC (IR)

# မန္တလေးမြို့ မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် စက်သုံးဆီသိုလှောင်ရုံနေရာများသို့ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး



စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်နိုင်ဦးသည် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မြန်မာ့စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေး အများပိုင်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသော စက်သုံးဆီ သိုလှောင်ရုံနေရာများသို့ ရောက်ရှိကာ စီမံကိန်းဆောင်ရွက်နေမှုများကို လှည့် လည်ကြည့်ရှုခဲ့သည်။

ရှေးဦးစွာ ရှင်းလင်းဆောင်တွင် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန် ကြားရေးမှူးချုပ် ဦးရွှေမောင်နှင့် မြန်မာ့ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်တို့က မြန်မာနိုင်ငံ အထက်ပိုင်းသို့ စက်သုံးဆီဖြန့်ဖြူးရေး၊ သိုလှောင်ရေးနှင့် စီမံကိန်းတည်ဆောက် ပြီးစီးမှု အခြေအနေများကို ရှင်းလင်း တင်ပြခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး က ပြည်ပမှ တင်သွင်းလာသည့် စက် သုံးဆီများကို မြန်မာနိုင်ငံ အထက်ပိုင်းရှိ မြို့များသို့ ဖြန့်ဖြူးနိုင်ရေးအတွက် သယ ယူမှု၊ လုံလောက်စွာ သိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးမှု အခြေအနေများနှင့် မြန်မာ နိုင်ငံ အထက်ပိုင်းရှိ မြို့ကြီးများတွင် စက်သုံးဆီ လုံလောက်စွာနှင့် ဈေးနှုန်း တည်ငြိမ်စွာတို့ဖြင့် ပုံမှန်ဖြန့်ဖြူးပေး နိုင်ရေး စီစဉ်ဆောင်ရွက်သွားမှု အခြေ အနေများကို စစ်ဆေးကာ လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

MOC (IR)

# မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင် အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန အစည်းအဝေးခန်းမ(၂)၌ အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည့် မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည် ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော် မတီ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက် အဖွင့် အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင် ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များ မြန်ဆန်ချောမွေ့စေရန်နှင့် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် အစည်းအဝေး သို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍ များအလိုက် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြော ကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ အဖွဲ့ဝင်များ ဖြစ်ကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ ရှမ်း ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်း မောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ် ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် ဗဟိုကော်မတီ အဖွဲ့ဝင် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဗဟိုကော်မတီ တွဲဖက်အတွင်း ရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင် အထည်ဖော်ရေးဆိုင်ရာ အခြေအနေများအား ရှင်း လင်းတင်ပြခြင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလွင်က ဆဋ္ဌမအကြိမ် အစည်းအဝေး ဆုံးဖြတ် ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများအား ရှင်း လင်းတင်ပြခဲ့ရာ တင်ပြမှုများအပေါ် တက်ရောက် လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်း ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

MOC (IR)

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဝင်းလွင်
အောင်သွင်ဦး
ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**
ရန်နိုင်လွင်

**အုပ်ချုပ်ရေးမှူး**
မြမြစိန်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝဝဝမင်း(ပြည်)၊ မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊
သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ဝင်း

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခြူးခြူးနိုင်၊ မေသန္တာမိုး

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# အောက်တိုဘာလအတွင်း ဆန်နှင့် ဆန်ကွဲတန်ချိန် တစ်သိန်းခုနစ်သောင်းကျော် တင်ပို့

အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လတာကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၀၃၁ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၀၂၅၂၀ ကျော် တင်ပို့ခဲ့သည်။ အောက်တိုဘာလအတွင်း ဆန်အများဆုံး တင်ပို့သော နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် ၃၆၀၀၀၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၁၁၀၀၀ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၈၆၉၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၂၃၆၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၆၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး အီးယူနိုင်ငံများသို့ တန်ချိန် ၄၂၈၀၀ ကျော် တင်ပို့ခဲ့သည်။ ဟောင်ကောင်နှင့် ထိုင်ဝမ်သို့လည်း တန်ချိန် အနည်းငယ်စီ တင်ပို့ခဲ့သည်။

အောက်တိုဘာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုစခန်းများမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၇၆၀ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၇၅၀၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်တင်ပို့သည့် နိုင်ငံများသို့ ဆန်အပြင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၃၂ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၄၄၀၀၀ ခန့်ကို အောက်တိုဘာလအတွင်း တင်ပို့ခဲ့သည်။ အလားတူ မြန်မာ-တရုတ်နှင့် မြန်မာ-ထိုင်းနယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှလည်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၂၁ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၈၀၀၀ ကျော်ကို အောက်တိုဘာလအတွင်း တင်ပို့ခဲ့သည်။ မြန်မာ-တရုတ်နယ်စပ်မှ ဆန်ကွဲတန်ချိန် ၁၇၄၈၀ ခန့်နှင့် မြန်မာ -ထိုင်းနယ်စပ်မှ ဆန်ကွဲတန်ချိန် ၅၆၀ ကျော် တင်ပို့ခဲ့သည်။

အောက်တိုဘာလအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်းလမ်း ကုန်သွယ်မှုများမှ ဆန်တန်ချိန် ၁၁၀၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၆၂၀၀၀ တင်ပို့ခဲ့သောကြောင့် ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှာ စုစုပေါင်းတန်ချိန် ၁၇၂၀၀၀ ရှိကြောင်း သိရသည်။

**CJ**

# ပြည်မြို့နယ်၏ ရာသီစာ ဝါးဥ(သို့)အာတာလွတ်နှင့် လိမ္မော်သီး ဈေးကွက်

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်မြို့တွင် အောက်တိုဘာလ စတုတ္ထပတ်မှစတင်၍ မြို့မစည်ပင်သာယာဈေးကြီးနှင့် အခြားဈေးများတွင် ရာသီစာဖြစ်သော ဝါးဥများ ရောင်းချလျက်ရှိသည်။ ပြည်မြို့ မြို့မစည်ပင်သာယာဈေးကြီးတွင် ရှမ်းပြည်နယ်ဘက်မှ လာသော ဝါးဥနှင့် ရွှေတောင်မြို့နယ်ဘက်မှလာသောဝါးဥတို့ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသော ဝါးဥမှာ တစ်ပိဿာလျှင် ကျပ် ၁၇၀၀ နှင့် ရွှေတောင်မြို့နယ်ဘက်မှ ဝင်ရောက်လာသော ဝါးဥ တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ ရာသီစာဖြစ်သည့်အတွက် ဈေးကောင်းရသလို စားသုံးမှုများသဖြင့် အရောင်းအဝယ်လည်းဖြစ်ကြောင်း သိရသည်။

ပြည်မြို့ရှိ လိမ္မော်သီးဈေးကွက်မှာ ဈေးနှုန်းများ ကျဆင်းခြင်းမရှိဘဲ ပုံမှန်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ လိမ္မော်ပင်များသည် ဒေသတစ်ခုနှင့်တစ်ခု စိုက်ပျိုးချိန်နှင့် မြေအနေအထား၊ ရာသီဥတု အခြေအနေ၊ ဒေသအနေအထားအရ အသီးသီးကွဲပြားသည်။ အများအားဖြင့် မတ်လနှင့် ဧပြီလတွင် စတင်အသီးသီးပြီး အောက်တိုဘာလ အသီးများ လှိုင်လှိုင်ထွက်ရှိသည်။ လိမ္မော်သီးအား တောင်ကြီးနှင့် လားရှိုးတို့ တွင်စိုက်ပျိုးပြီး ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်များတွင်လည်း စီးပွားဖြစ် စိုက်ပျိုးကြသည်။ လိမ္မော်ပင် တစ်ပင်လျှင် အသီး ၂၀-၂၅ ပိဿာခန့် ထွက်ရှိသည်ဟု သိရသည်။ ပြည်မြို့နယ်အတွင်း ဝင်ရောက်လာသော လိမ္မော်သီးများမှာ တောင်ကြီး၊ လားရှိုးဒေသများမှ အလုံးချော ချောများ ဝင်ရောက်ပြီး ဟင်္သာတမြို့နယ်များမှ ဝင်ရောက်လာသော အသီးများမှာ ပိဿာချိန်ဖြင့် ရောင်းချရသော အသီးများဖြစ်ကာ ပြည်မြို့မှတစ်ဆင့် အခြားမြို့နယ်များပြန်လည်၍ လက်လီ/ လက်ကား ရောင်းချကြောင်း သိရသည်။ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော လိမ္မော်သီး ဈေးနှုန်းများမှာ အလုံးချော တစ်လုံးလျှင် ကျပ် ၁၀၀၀-၁၅၀၀ နှင့် အချိန်နှင့် ရောင်းချသော လိမ္မော်သီးဈေးနှုန်းများမှာ တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**အိအိခိုင်၊ ခင်ဆွေဦး(ပြည်)**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၄-၁၁-၂၀၂၂ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၃၉ | ၄၄၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၆ | ၄၂၇ | △ | ၄၂၈ | ၄၄၂ | △ | ၃၈၂ | ၃၈၂ | □ | ၃၉၇ | ၄၀၇ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၁၆ | ၄၁၈ | △ | ၄၀၈ | ၄၂၂ | △ | ၃၆၇ | ၃၆၇ | □ | ၃၈၀ | ၃၈၉ | △ |
| ပေါင်းဆန် | ၄၃၆ | ၄၄၀ | △ | - | - | - | - | - | | - | - | |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၄-၁၁-၂၀၂၂)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၁၀၅၀၀ | □ | ၄၀၀၀၀ | □ | - | - | - | - |
| ပုသိမ် | ၁၁၂၀၀ | □ | ၄၂၀၀၀ | □ | ၁၅၅၀၀ | □ | ၆၂၀၀၀ | □ |
| ပဲခူး | ၁၀၀၀၀ | □ | ၃၉၀၀၀ | □ | - | - | ၉၃၀၀၀ | □ |
| ရွှေဘို | ၁၄၅၀၀ | □ | ၆၅၀၀၀ | □ | ၂၄၀၀၀ | □ | ၈၅၀၀၀ | □ |
| စစ်တွေ | ၁၁၂၅၀ | □ | ၄၂၀၀၀ | □ | ၁၆၅၀၀ | □ | ၆၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၁၁၀၀၀ | ▽ | ၄၈၀၀၀ | □ | - | - | ၇၀၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၁၁၀၀၀ | ▽ | ၄၈၀၀၀ | □ | - | - | ၇၀၀၀၀ | △ |
| မန္တလေး | ၁၂၅၀၀ | □ | ၄၈၀၀၀ | □ | - | - | ၈၁၀၀၀ | □ |
| မကွေး | ၉၅၀၀ | □ | ၅၂၀၀၀ | □ | - | - | ၇၀၀၀၀ | □ |
| မော်လမြိုင် | ၈၀၀၀ | □ | ၄၅၀၀၀ | △ | ၁၁၀၀၀ | □ | ၆၀၅၀၀ | ▽ |
| မြိတ် | ၁၁၀၀၀ | □ | ၄၈၀၀၀ | □ | - | - | ၆၈၀၀၀ | □ |
| ဘားအံ | ၁၁၀၀၀ | □ | ၄၃၀၀၀ | □ | - | - | ၆၄၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။



# အောက်တိုဘာလအတွင်း နို့ဆီ၊ နို့မှုန့် တင်သွင်းမှု အခြေအနေ

အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၆ သန်းတန်ဖိုးရှိ နို့ဆီ တန်ချိန် ၁၀၀၀ ခန့်အား မလေးရှားနိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက နို့ဆီတန်ချိန် ၄၀၀ ခန့် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၄၃ သန်း တန်ဖိုးရှိ နို့မှုန့် တန်ချိန် ၃၅၀ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် အိုင်ယာလန်နိုင်ငံမှ တန်ချိန် ၁၅၀ ကျော်၊ လစ်သူရေးနီးယားနိုင်ငံမှ တန်ချိန် ၁၅၀ ကျော်နှင့် နယူးဇီလန်နိုင်ငံမှ တန်ချိန် ၄၀ ခန့် တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နို့မှုန့်တန်ချိန် ၁၅၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ယခုလအတွင်း နယ်စပ်မှ နို့ဆီ၊ နို့မှုန့် တင်သွင်းမှုမရှိကြောင်း သိရသည်။

**အိမ့် (DOT)**

# အောက်တိုဘာလအတွင်း ဓာတ်မြေဩဇာနှင့် ဘိလပ်မြေ တင်သွင်းမှု အခြေအနေ

အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၈၄၇ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၇၅၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် အိုမန်နိုင်ငံမှ တန်ချိန် ၂၅၀၀၀ ကျော်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ တန်ချိန် ၂၇၀၀၀ ကျော်၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ တန်ချိန် ၈၅၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၂၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၃၈၀၀ ကျော်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၂၇၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၃၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၂၀ကျော်၊ စပိန်နိုင်ငံမှ တန်ချိန် ၁၅ တန်ကျော်နှင့် အိန္ဒိယနိုင်ငံမှ တန်ချိန် ငါးတန်ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ဓာတ်မြေဩဇာ တန်ချိန် ၃၅၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ယခုတစ်ပတ်အတွင်း အမေရိကန် ဒေါ်လာ ၄ ဒသမ ၂၈၁ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၁၁၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၅၇၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၃၇၀၀ ကျော်၊ နှင့် အိန္ဒိယနိုင်ငံမှ တန်ချိန် ၁၁၀၀ ကျော်နှင့် ထိုင်းနိုင်ငံမှ တန်ချိန် ၄၀၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်း တရုတ်နိုင်ငံမှ ဓာတ်မြေဩဇာ အများဆုံးတင်သွင်းကြောင်း သိရသည်။ အနီးစပ်ဆုံး ကာလနှင့်နှိုင်းယှဉ်ပါက နယ်စပ်မှ ဓာတ်မြေဩဇာတန်ချိန် ၁၄၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၃၆၀ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၃၅၀၀ ကျော် တင်သွင်းခဲ့သည်။ ထိုင်းနိုင်ငံမှ တန်ချိန် ၃၀၀၀ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၄၀၀ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၁၅၀ ခန့်၊ အနီးစပ်ဆုံး ကာလနှင့်နှိုင်းယှဉ်ပါက ဘိလပ်မြေတန်ချိန် ၉၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၀၃၄ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၅၀၀၀ ကျော် အား ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဓာတ်မြေဩဇာတန်ချိန် ၂၈၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# မန္တလေးပဲမျိုးစုံ ဈေးနှုန်းဈေးကွက် အခြေအနေ

ပြည်တွင်း နေ့စဉ်စားသုံးမှုတွင် စားတော်ပဲပြုတ်ပြီးလျှင် ထောပတ်ပဲပြုတ်သည် စားသုံးမှု အများဆုံးဖြစ်သည်။ ထောပတ်ပဲ စတင်ထွက်ပေါ်သည့်အချိန်တွင် အစိုအတိုင်းစားသုံးခြင်း၊ ပဲကြော်၊ ပဲလှော်အဖြစ် အသုံးပြုခြင်းတို့ကြောင့် ထောပတ်ပဲသည် ဈေးကွက်ရှိသည့် ပဲတစ်မျိုးဖြစ်သည်။ ယခုလတ်တလောတွင် ထောပတ်ပဲအသစ်များ စတင်ထွက်ပေါ်လာပြီဖြစ်၍ ထောပတ်ပဲအစို နို့ဆီတစ်ဘူးလျှင် ကျပ် ၄၀၀ မှ ၅၀၀ အထိ ရောင်းဝယ်နေကြသည်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ထောပတ်ပဲကို အရွယ်အစားအရည်အသွေးအလိုက် အကြီး၊ အလတ်၊ အသေးဟူ၍ ဈေးဖွင့်ရောင်းဝယ်နေကြသည်။ အလတ်အရွယ်အစားသည် ပြည်ပဈေးကွက်ရှိသည့်အခါတွင် ဈေးအမြင့်ဆုံးရလေ့ရှိသည်။ ကုန်စည်ဒိုင်ဈေးကွက်တွင် ထောပတ်ပဲ အခြောက်အသစ်များ ဝင်ရောက်မှုမရှိသေးပဲ လက်ကျန်ပဲများသာ အရောင်းအဝယ်ဖြစ်နေပြီး ကထိန်ပွဲတော်နီးလာ၍ အရောင်းအဝယ်အေးပြီး ဈေးအေးနေသည်။

**ထောပတ်ပဲ(ကြီး)** ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခင်တစ်ပတ်နှင့် ယခုတစ်ပတ် ကျပ် ၁၅၄၀၀၀ မှ ၁၅၈၀၀၀၊ ယခင်လက ကျပ် ၁၆၂၀၀၀ ဖြစ်ခဲ့သည်။ ယခင်လထက် ကျပ် ၄၀၀၀ မှ ၈၀၀၀ နိမ့်ကျလာသည်။

**ထောပတ်ပဲ (လတ်)** ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ် လျှင် ယခင်တစ်ပတ် နှင့် ယခုတစ်ပတ်တို့တွင် ကျပ် ၁၅၀၀၀၀၊ ယခင်လက ကျပ် ၁၅၈၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ယခင်လထက် ကျပ် ၈၀၀၀ နိမ့်ကျလာသည်။

ထောပတ်ပဲ (သေး) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခင်တစ်ပတ်နှင့် ယခုတစ်ပတ်တို့တွင် ကျပ် ၁၄၅၀၀၀၊ ယခင်လက ကျပ် ၁၅၀၀၀၀ မှ ၁၅၂၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ယခင်လထက် ကျပ် ၅၀၀၀ မှ ၇၀၀၀ နိမ့်ကျလာသည်။

**ပဲတီစိမ်း(အညာ)** ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းဝင် တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၂၅၀၀၀ မှ ၁၄၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၂၅၀၀၀ မှ ၁၄၆၀၀၀၊ ယခင်လ ကျပ် ၁၅၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၆၀၀၀၊ ယခင်လထက် ကျပ် ၁၅၀၀၀ နိမ့်ကျလာသည်။

**မတ်ပဲ** ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၆၇၀၀၀ မှ ၁၇၁၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၇၈၀၀၀ မှ ၁၈၂၀၀၀၊ ယခင်လ ကျပ် ၁၇၃၀၀၀ မှ ၁၇၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၇၀၀၀ မှ ၁၁၀၀၀၊ ယခင်လထက် ကျပ် ၄၀၀၀ မှ ၆၀၀၀ နိမ့်ကျလာသည်။

**ပဲစင်းငုံ(နီ)** ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၈၆၀၀၀၊ ယခင် တစ်ပတ် ကျပ် ၁၉၀၀၀၀၊ ယခင်လက ကျပ် ၁၉၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်၊ ယခင်လထက် ကျပ် ၄၀၀၀ နိမ့်ကျလာသည်။

**မြေထောက်ပဲ** ၅၄ ပိဿာဝင် သုံးတင်းဝင် တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၃၅၀၀၀ မှ ၂၄၀၀၀၀၊ ယခင်တစ်ပတ်က ကျပ် ၂၃၅၀၀၀ မှ ၂၅၅၀၀၀၊ ယခင်လက ကျပ် ၂၃၅၀၀၀ မှ ၂၆၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ကျပ် ၁၅၀၀၀၊ ယခင်လထက် ကျပ် ၂၀၀၀၀ နိမ့်ကျလာသည်။

**မြင့်မြင့်လှိုင် (ရတနာပုံကုန်သွယ်မှုဇဟိုဌာန)**

# ပြည်ကုန်စည်ဒိုင်တွင် ပဲအမျိုးအစားအလိုက် ဈေးနှုန်းများ ကျဆင်း

ပြည်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲဈေးများမှာ အောက်တိုဘာလကုန်ပိုင်းတွင် ကျဆင်းလျက်ရှိသည်။

ပြည်ကုန်စည်ဒိုင်၌ အောက်တိုဘာလ တတိယပတ်တွင် မတ်ပဲ တစ်တင်းကို ကျပ် ၆၂၀၀၀-၆၂၅၀၀ ဖြင့် တစ်ရက်ကို အိတ် ၁၀၀-၂၀၀ ခန့် အဝယ်ရှိခဲ့သည်။ အောက်တိုဘာလ နောက်ဆုံးပတ်တွင် မတ်ပဲတစ်တင်းကို ၅၇၅၀၀-၅၈၀၀၀ ကျပ်ဖြင့် တစ်ရက်ကို အိတ် ၁၀၀-၁၅၀ခန့် ရန်ကုန်တင်ပို့မှု ရှိခဲ့သည်။

ပြည် ကုန်စည်ဒိုင်၌ အောက်တိုဘာလ တတိယပတ်တွင် ပဲတီစိမ်း အိတ် ၄၀၀၊ ၅၀၀ခန့် အဝင်ရှိပြီး တစ်တင်းကို ကျပ် ၄၇၀၀၀ ဖြင့် အရောင်းအဝယ်ရှိကာ မန္တလေးနှင့် ရန်ကုန်သို့ တစ်ရက်ကို အိတ် ၄၀၀၊ ၅၀၀ခန့် တင်ပို့သည်။ အောက်တိုဘာလ စတုတ္ထပတ်တွင် ပဲတီစိမ်း ဈေးကျလာပြီး ပဲတစ်တင်းကို ကျပ် ၄၄၀၀၀၊ ၄၆၀၀၀ ဖြင့် တစ်ရက်ကို အိတ် ၄၀၀၊ ၅၀၀ ခန့် အဝယ်ရှိသည်။

ပြည်ကုန်စည်ဒိုင်၌ အောက်တိုဘာလ တတိယပတ်တွင် ပဲစင်းငုံ တစ်တင်းကို ကျပ် ၆၀၀၀၀-၆၁၀၀၀ ဖြင့် တစ်ရက်ကို အိတ် ၂၀၀၊ ၃၀၀ခန့် အရောင်းအဝယ်ရှိပြီး ရန်ကုန်သို့ တင်ပို့သည်။ အောက်တိုဘာလ စတုတ္ထပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၆၁၀၀၀ ဖြင့် ဈေးအေးနေပြီး ရန်ကုန်ဝယ်လက် အဝယ်ရှိခဲ့သည်။

အောက်တိုဘာလ တတိယပတ်တင် ကုလားပဲ(HL) တစ်တင်းကို ကျပ် ၆၅၀၀၀-၆၆၀၀၀၊ ကုလားပဲ(မြကြေးမှုံ) တစ်တင်းကို ကျပ် ၆၅၀၀၀-၆၆၀၀၀ ဖြင့် ခွဲစက်သမားများ မြို့တွင်း အဝယ်ရှိပြီး တစ်ရက်ကို အိတ် ၂၀၀၊ ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ အောက်တိုဘာလ နောက်ဆုံးပတ်တွင် ကုလားပဲ (HL) တစ်တင်းကို ကျပ် ၆၂၀၀၀-၆၃၀၀၀၊ ကုလားပဲ(မြကြေးမှုံ) တစ်တင်းကို ကျပ် ၆၂၀၀၀-၆၃၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၂၀၀၊ ၃၀၀ ခန့် အဝယ်ရှိသည်။

အောက်တိုဘာလ တတိယပတ်တွင် ပဲကြီး(ရွှေကျွန်း) တစ်တင်းကို ကျပ် ၇၅၀၀၀-၇၆၀၀၀-၇၇၀၀၀၊ ပဲကြီး(ကမ်းနား) တစ်တင်းကို ကျပ် ၇၁၀၀၀-၇၂၀၀၀ ဖြင့် မြို့တွင်းပဲကြော်သမားများအဝယ်ရှိပြီး တစ်ရက်ကို အိတ် ၂၅၀၊ ၃၀၀ ခန့် အဝယ်ရှိသည်။ အောက်တိုဘာလ နောက်ဆုံးပတ်တွင် ပဲကြီးဈေးအေးနေပြီး ပဲကြီး(ရွှေကျွန်း) တစ်တင်းကို ၇၅၀၀၀-၇၆၀၀၀-၇၇၀၀၀ ကျပ်တို့ဖြင့် မြို့တွင်းအဝယ်ရှိခဲ့သည်။

အောက်တိုဘာလ တတိယပတ်တွင် စားတော်ပဲ(ကျွန်း) တစ်တင်းကို ကျပ် ၁၁၅၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကို အိတ် ၅၀ ခန့်အဝယ်ရှိပြီး စတုတ္ထပတ်တွင် ဈေးကျပြီး စားတော်ပဲ (ကျွန်း)တစ်တင်းကို ကျပ် ၁၁၀၀၀၀ ဖြင့် အဝယ်ရှိခဲ့သည်။

အောက်တိုဘာလ တတိယပတ်တွင် ဗိုလ်ကိတ်ပဲအသစ် အဝင်နည်းပါးပြီး တစ်တင်းကို ကျပ် ၄၅၀၀၀ ဖြင့် မြို့တွင်းနှင့် နယ်စုံ အဝယ်ရှိပြီး တစ်ရက်ကို အိတ် ၄၀ ခန့်သာ အဝယ်ရှိသည်။ အောက်တိုဘာလစတုတ္ထပတ်တွင် ဗိုလ်ကိတ်ပဲတစ်တင်းကို ကျပ် ၄၁၀၀၀ ဖြင့် မြို့တွင်းအဝယ်ရှိခဲ့သည်။

**မိမိအေး (ပြည်)**



# ကံမမြို့နယ် ကျေးရွာများမှ ထွက်ရှိသည့် ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲကြီး ဈေးနှုန်း ဈေးကွက် အခြေအနေ

ကံမမြို့နယ်မြောက်ချောင်းဘက်ရှိ ရေနံသာကျေးရွာ၊ ဆုံကုန်းခြောက်ပင်၊ သံပရာ၊ ဥသျှစ်ကုန်း၊ မင်းတည်း စသည့်ကျေးရွာများမှထွက်ရှိသည့် ပဲမျိုးစုံသီးနှံများအနက် ဆောင်းသီးနှံပဲတီစိမ်းများ စတင်ထွက်ပေါ်လျက်ရှိသည်။ ပဲတီစိမ်း ၃၀ ပိဿာဝင် တစ်အိတ်လျှင် အောက်တိုဘာ တတိယပတ်တွင် ကျပ် ၇၀၀၀၀ ရှိခဲ့ရာ စတုတ္ထပတ်တွင် ၃၀ ပိဿာဝင် တစ်အိတ်လျှင် ကျပ် ၆၇၀၀၀ မှ ၇၀၀၀၀ အထိဖြစ်ပြီး ပဲအရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းအတက်ဖြင့် တစ်ပတ်လျှင် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မတ်ပဲ ၃၀ ပိဿာဝင် တစ်အိတ်လျှင် ယခင်တစ်ပတ် ကျပ် ၉၀၀၀၀၊ ယခုတစ်ပတ်တွင် ကျပ် ၉၀၀၀၀ ဖြင့် ဈေးငြိမ်နေပြီး ပဲကြီးမှာ ၃၀ ပိဿာဝင် တစ်အိတ်လျှင် ယခင်တစ်ပတ် ကျပ်၁၀၅၀၀၀၊ ယခုတစ်ပတ်တွင်လည်း ကျပ် ၁၁၀၀၀၀ ဖြစ်၍ ယခင်တစ်ပတ်ထက် ဈေး ကျပ် ၅၀၀၀ ဈေးမြင့်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ရေနံ့သာကျေးရွာ ကုန်သည်တစ်ဦးထံမှ သိရသည်။

**နွဲ့ယဉ်ဝင်း**

# ရေနံချောင်းမြို့နယ်၌ ပဲနောက် ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ယာမြေများတွင်စိုက်သည့် ပဲနောက်ပင်များ ဆွတ်ခူးနေကြပြီဖြစ်သောကြောင့် စိုက်တောင်သူများ ဝင်ငွေရနေကြောင်း သိရသည်။ မိုးသီးနှံ နှမ်းနှင့် မြေပဲများ စိုက်ပျိုးရိတ်သိမ်းပြီးနောက် သီးထပ်အဖြစ် မြေပြုပြင်ကာ နွားချေး၊ မြေသြဇာများချ၍ ထွန်ရေး၌ သီးထပ်အဖြစ် ပဲနောက်ကိုစိုက်ကြကြောင်း၊ တောင်သူများအနေဖြင့် မူလသီးနှံနှမ်းနှင့် မြေပဲအပြင် ပဲနောက်ကလည်း ဝင်ငွေရသည့်အပြင် နွားစာအဖြစ် ဖူလုံကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

“ပဲနောက် လှိုင်လှိုင် ဆွတ်ခူးနေကြပါတယ်။ ယခုနှစ်စိုက် သီးထပ်တွေဖြစ်တဲ့ ပဲနောက်ကနေ ဝင်ငွေရတဲ့အပြင် အပင်အရိုး နွားစာအဖြစ် အသုံးဝင်တယ်”ဟု လင်ပင်လှိုကျေးရွာအုပ်စုနေ တောင်သူတစ်ဦးကပြောသည်။

လက်ရှိ ပဲနောက်ပဲ တစ်တင်းလျှင် ကျပ် ၅၀၀၀၀ ရောင်းရပြီး ရုံဖန်ရုံခါ ကျပ် ၄၈၀၀၀ ဝန်းကျင်ဖြင့် ရောင်းရကြောင်း သိရသည်။ ဒေသတွင်း ပဲနောက်စေ့ကို ပဲပင်ပေါက်အဖြစ်ကြော်၊ ချက်ပြုတ်စားသုံးကြပြီး ပဲပင်ချဉ်အဖြစ် စားသုံးကြကြောင်း၊ အလှူပွဲလမ်းများတွင် ဝက်သား သို့မဟုတ် အသားဟင်း၊ ငရုတ်သီးကြော်၊ ပဲဟင်းများနှင့် ပဲပင်ချဉ်ကို ဟင်းတစ်မယ်အဖြစ် ဧည့်ခံကျွေးမွေးကြသည်။

**ဆန်းညွန့် (ရေနံချောင်း)**

# ရေနံချောင်းမြို့နယ်၌ ပဲလွမ်းကို ကိုင်းမြေများ၌ အဓိက စိုက်ပျိုးလျက်ရှိ

ကိုင်းမြေများ၌ ဆီထွက်သီးနှံ မြေပဲ၊ နေကြာအပြင် ပဲမာများအဖြစ် ကုလားပဲ၊ စားတော်ပဲ၊ ပဲတီစိမ်းအပြင် ပဲလွမ်းကိုလည်း အဓိက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုလက်ရှိ ကိုင်းမြေများတွင် ပဲလွမ်းကို စိုက်နေကြပြီး ပဲလွမ်းမှာ စိုက်ပျိုးစရိတ် သက်သာသည့်အပြင် အသစ်ပေါ်ချိန်၌ ဈေးကောင်းရရှိသဖြင့် ပဲလွမ်းကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း ရေနံချောင်းမြို့နယ် ပဲစိုက်တောင်သူ ဦးထွန်းအေးထံမှ သိရသည်။

ပဲလွမ်းကို မြေပဲစိုက်ခင်းများရိတ်သိမ်းအပြီး၌ သီးထပ်အဖြစ် ယာမြေများ၌ စိုက်ကြကြောင်း၊ လက်ရှိ ပဲလွမ်းအသစ်များမှာ တစ်တင်းလျှင် ကျပ် ၄၇၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် မိုးသီးနှံကို ဇွန်လမှစ၍ မိုးရွာသွန်းမှု အခြေအနေကိုကြည့်ကာ ယာမြေများ၌ ဆီထွက်သီးနှံ မြေပဲ၊ နှမ်းအပြင် ပဲမာအဖြစ် ပဲစင်းငုံ၊ ပဲနောက်၊ ပဲလွမ်းတို့ကို စိုက်ကြပြီး ဆောင်းသီးနှံအဖြစ် အောက်တိုဘာလမှစ၍ ကိုင်းမြေများ၌ ဆီထွက်သီးနှံများအပြင် ပဲမာအဖြစ် စားတော်ပဲ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲထောပတ်များကို ရာသီမပြတ်စိုက်ပျိုးကြကြောင်း၊ ယခုကာလတွင် ယာမြေစိုက် ပဲလွန်းအသစ်ပေါ်ချိန်ဖြစ်ကြောင်း၊ ကိုင်းသီးနှံ ပဲလွမ်းများ စိုက်ပျိုးရာသီဖြစ်ကြောင်း သိရသည်။

**ရွှေဇင်**

# ခေါင်းဆောင်မှုတွင် အရေးကြီးသည့် စဉ်းစားချိန်နှင့် တိုင်ပင်ချိန် (သို့မဟုတ်) အချိန်စီမံခန့်ခွဲမှု

သုတနိုင်

ကျလာသောအင်ဂျင်ကို လက်ပူတိုက်ရုံပြုပြင်၍ တစ်ခဏ မောင်းလျှင်ရပြီဟု စဉ်းစားသော ခေါင်းဆောင်နှင့် အင်ဂျင်တစ်ခုလုံး ကောင်းအောင်ပြုပြင်ရန် စဉ်းစားသည့် ခေါင်းဆောင်တို့၏ စဉ်းစားတွေးခေါ်မှုအရည်အသွေး၊ အဆင့်အတန်း ကွာခြားနေမည်ဖြစ်သကဲ့သို့ ထိုသူတို့ တာဝန်ယူဦးဆောင်သော ဌာနအဖွဲ့အစည်း၏ စွမ်းဆောင်ရည်သည်လည်း အခြားဌာနများနှင့် ကွာခြားနေလိမ့်မည်ဟု ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

အချို့ခေါင်းဆောင်ကမူ ကြိုးစားလုပ်ဆောင်လိုစိတ်ရှိပါလျက် ခေါင်းဆောင်အဆင့်အတွက် အရေးကြီးသည့် စဉ်းစားချိန်နှင့် တိုင်ပင်ချိန်ရရှိရန် အချိန်စီမံခန့်ခွဲမှု လိုအပ်နေခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မကြာမီက အစိုးရဌာနတွင် တာဝန်ယူ ကြီးကြပ်ယူထားသူ မိတ်ဆွေထံသို့ သူရုံးဆင်းမည့်အချိန်ကို ခန့်မှန်း၍ ညနေ ၆ နာရီခွဲခန့်တွင် ဖုန်းဆက်ကြည့်ရာ နေ့စဉ်လိုပင် ညပိုင်း ၇ နာရီကျော်မှ ရုံးဆင်းကြောင်း ပြောပြခဲ့သည်။

စာရေးသူက ဘာတွေများ ဒီလောက် အလုပ်များနေရတာလဲဟုမေးရာ ဝင်စာတွေကို ရှင်းနေရလို့ပါ။ ည ၇ နာရီကျော်မှ မပြီးသေးရင် ဝင်စာခြင်းများကို အိမ်သို့ယူ၍ ဆက်ပြီးဖတ်ရတယ်ဟုဆိုသည်။

ရုံးဌာနတို့၏ ထုံးစံအတိုင်း ဝင်စာ၊ ထွက်စာများ၊ ရုံးတွင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးများ၊ ရုံးပြင်ပ အခြားဌာနဆိုင်ရာဖိတ်ကြားသော အစည်းအဝေးများအကြားတွင် အချိန်ကုန်နေကြရသည်။

ထို့ကြောင့် ရုံးဌာနအများစုသည် သာမန်နေ့စဉ်လုပ်ငန်း (Routine Works) များနှင့် လည်းကောင်း၊ ကျပန်းဝင်လာသော (Ad hoc) လုပ်ငန်းများနှင့် လည်းကောင်း၊ အချိန်ကုန်နေကြရလေ့ရှိပြီး မိမိတို့ဌာနက ရေးဆွဲထားသော မဟာဗျူဟာစီမံကိန်းများကို အချိန်ဇယားရေးဆွဲ၍ လစဉ်လုပ်ဆောင်မှု၊ တိုးတက်မှု၊ အကဲမဖြတ်နိုင်ကြတော့သည့် အခြေအနေကို တွေ့ခဲ့ဖူးသည်။

ဝင်စာ၊ ထွက်စာများမှအစ လုပ်ငန်းတိုင်းတွင် အရေးကြီးမှုနှင့် အမြန်လိုအပ်မှု (Important and Urgent) ရွေးချယ်ခွဲခြား၍ အရေးကြီးတာကို ဦးစားပေး (First Thing First) လုပ်ရသကဲ့သို့ လက်အောက်သို့ လုပ်ကိုင်ခွင့်ပေးထားပြီး ခေါင်းဆောင်အတွက် စဉ်းစားချိန်နှင့် တိုင်ပင်ချိန်ကို ရရှိအောင် ယူနိုင်ရန်လိုသည်။

အချို့ခေါင်းဆောင်က ဝင်စာမှန်သမျှ ဌာန၏ အမြင့်ဆုံးအကြီးအကဲအဆင့်အထိ တင်ပြခိုင်းလေ့ရှိသူ (လက်အောက်ကို စိတ်မချသဖြင့်) တာဝန်ခွဲဝေမပေးသူမျိုးကို တွေ့ခဲ့ဖူးသည်။ ရုံးစာများ၏ အရေးကြီးမှုနှင့် ဦးစားပေးမှု အဆင့်များကို သိရှိခွဲခြားနိုင်ရန်လိုသည်။

အချိန်သည် တန်ဖိုးရှိကြောင်း ရေးသားခဲ့ဖူးသည်။ ခေါင်းဆောင်အဆင့် တာဝန်ယူရသူများအတွက် တန်ဖိုးရှိသည့် အချိန်အမျိုးမျိုး ရှိသည့်အနက် စဉ်းစားချိန်သည် အရေးကြီးဆုံးဖြစ်သည်။

နိုင်ငံတော်အဆင့်က ချမှတ်ပေးထားသော ထိုဌာနအတွက် မူဝါဒလုပ်ငန်းစဉ်များ၊ Vision, Mission တို့ကို ထိရောက်အောင် မြင်အောင် မည်သို့လုပ်ဆောင်သင့်သည်ကို ဦးစားပေး၍ အချိန်ယူစဉ်းစားလျက် မဟာဗျူဟာ၊ နည်းဗျူဟာများကို စီမံချမှတ်ရန်လိုသည်။ ထိုသို့စီမံနိုင်ရန် အထူးသဖြင့် ခေါင်းဆောင်အဆင့်၏ တာဝန်သည် ထိုရည်မှန်းချက်တာဝန်များကို ဝေဖန်ပိုင်ခြားတွေးခေါ် စဉ်းစာမှု (Critical thinking)၊ ခွဲခြမ်းစိတ်ဖြာ တွေးခေါ်စဉ်းစားမှု (Analytical thinking)၊ ဖန်တီးမှု တွေးခေါ်စဉ်းစားမှု (Creative Thinking) တို့ဖြင့် အချိန်ပေး စဉ်းစားနိုင်မှသာ ပြည့်စုံကောင်းမွန်သောမူဝါဒ၊ အစီအမံများကို ရရှိနိုင်မည်ဖြစ်သည်။

ခေါင်းဆောင်လုပ်သူ၏ မှန်ကန်စွာ တွေးခေါ်စဉ်းစားဆင်ခြင်မှု (right thought or right thinking) ရှိမှသာ ဌာနနှင့် နိုင်ငံအတွက် မူဝါဒအစီအမံ၊ အဆုံးအဖြတ်ချမှတ်မှု (policy making, decision Making) မှန်ကန်ကောင်းမွန်မည်ဖြစ်သည်။

အချို့ခေါင်းဆောင်တို့သည် အလုပ်တာဝန်များစွာကို တာဝန်ယူ လုပ်ကိုင်နေရပါက ကဏ္ဍတိုင်းအတွက် အချိန်ပေး၍ စဉ်းစားချိန် မရဖြစ်လာတတ်သည်။ ထိုအခါ အမှားအမှန်ကို စဉ်းစား ဝေဖန်ဆန်းစစ်ပိုင်းခြားချိန် နည်းလာတတ်သည်ကို သတိပြုသင့်သည်။ ထို့ကြောင့် ခေါင်းဆောင်အဆင့်အတွက် အရေးကြီးသည့် စဉ်းစားချိန်ကိုရအောင်ယူကြရန် လိုအပ်လှပေသည်။ များသောအားဖြင့် ခေါင်းဆောင်အဆင့်တွင် ကဏ္ဍအသီးသီး၏ ပြဿနာများစွာကို မိမိတစ်ဦးတည်းက အလုံးစုံသိရှိကျွမ်းကျင်ရန် ခက်ခဲသောကြောင့် ကဏ္ဍတာဝန်ခံ ဌာနဆိုင်ရာ ကျွမ်းကျင်သူများနှင့်ဖြစ်စေ အချိန်ယူ လေ့လာသုတေသနပြုနေသည့် အကြံပေး (Think Tank) နှင့်ဖြစ်စေ၊ တိုင်ပင်ချိန်ယူရန်လိုသည်။ စာရေးသူ တွေ့ဖူးသော ခေါင်းဆောင်တစ်ဦးသည် မူဝါဒတစ်ခု၊ ဆုံးဖြတ်ချက် တစ်ခုမချမီ အချိန်များစွာယူ၍ လေ့လာသည်။ ဆိုင်ရာကဏ္ဍ ဌာနတာဝန်ခံများနှင့် ရက်သတ္တတစ်ပတ်လျှင် အချိန် နေ့တစ်ဝက်ယူ၍ သတင်းစုံစွာ ရယူသည်။ အကြံပေးအဖွဲ့များကိုလည်း အချိန်ယူ တွေ့ဆုံလေ့ရှိသည်။ ထိုအခြေအနေတို့ကြောင့် ခေါင်းဆောင်အဆင့်အတွက် အရေးကြီးသည့် စဉ်းစားချိန်နှင့် တိုင်ပင်ချိန်ကိုရအောင် အချိန်ကို ပိုင်နိုင်စွာစီမံခန့်ခွဲလျက် မှန်ကန်စွာတွေးခေါ်စဉ်းစားဆင်ခြင်မှုဖြင့် ထိရောက်သည့် အစီအမံများ ချမှတ်ဆောင်ရွက်သင့်ကြသည်ဟု မြင်သည်။

## မြန်မာ့ဆိပ်ကမ်းတွင် ၄ .၁၁ . ၂၀၂၂ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | MT SICHOUZHILU | P'Oil(In Bulk) ၅၇၂၀ တန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | SITC TOKYO | ကုန်သေတ္တာ ၅၆၅ တင် ၄၈၆ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | PHC FORTUNE | Y'Maize ၆၆၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၂) | ANT GLORY | ဆန်တန်ချိန် ၂၁၀၀၀ တင်ရန်ရှိ |
| ဆူးလေဆိပ်ကမ်းအမှတ်(၆) | BMC ENDORA | Fertilizer တန်ချိန် ၁၅၁၀၀ ချဆဲ |
| MIPL | MBS BRATAN | Steel Product တန်ချိန် ၃၅၀၀၀ ချရန်ဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၅) | WOOHYUN HOPE | Y'Maize တန်ချိန် ၁၅၀၀၀ တင်ဆဲ |
| WILMAR JETTY | AGIA IOANNA | Rice(Top Up) တန်ချိန် ၄၂၅၀ တင်ဆဲ |
| IBTT ဆိပ်ကမ်း | MV MCL 17 | Y'Maize တန်ချိန် ၂၇၀၀ တင်ဆဲ |
| ။ (ပူးတွဲလုပ်ဆောင်) | BETTY | Wheat, ၂၅၀၀၀ တန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PIONEER IRENS | Y' Maize, ၁၁၀၀၀ တင်ရန် | VIETNAM | ၆.၁၁. ၂၀၂၂ |
| BETTY | Wheat, ၂၅၀၀၀ တန်ချရန် | AUSTRUA | ၇.၁၁. ၂၀၂၂ |
| TAC SUZUKA | Rice, ၂၃၃၂၀ တန်တင်ရန် | BELGIUM | ၇.၁၁. ၂၀၂၂ |
| HN LUXURY | Y' Maize, ၂၂၀၀၀ တင်ရန် | VIETNAM | ၈.၁၁. ၂၀၂၂ |
| MV MCL 12 | Rice, ၂၆၅၀ တန် တင်ရန် | BANGLADESH | ၈.၁၁. ၂၀၂၂ |
| ZIRCON | ဆန် ၇၅၀၀ တန်တင်ရန် | PHILLIPINE | ၈.၁၁. ၂၀၂၂ |
| VTC OCEAN | Rice, ၂၁၃၀၀ တန် တင်ရန် | BANGLADESH | ၉.၁၁. ၂၀၂၂ |
| PIONEER GLORY | Y' Maize, ၁၀၀၀၀ တင်ရန် | VIETNAM | ၉.၁၁. ၂၀၂၂ |
| HORIZON-9 | (1018PKG)Steel Plate ၂၁၁၇ တန်ချရန် | JAPAN | ၉.၁၁. ၂၀၂၂ |
| TUG:NATILLUS& BG: SINGA BESAR 280 | Pipe, ၂၉၂၃ တန်ချရန် | MALAYSIA | ၁၀.၁၁. ၂၀၂၂ |
| FU RUN | Steel, ၂၃၀၀၀ တန်ချရန် | CHINA | ၁၄.၁၁. ၂၀၂၂ |
| BRILLIANT PROFIT | Iron Slag, ၉၀၀၀ တန်ချရန် | JAPAN | ၁၅.၁၁. ၂၀၂၂ |
| CP SHANGHAI | Soy Bean Meal, ၂၀၀၀၀ တန်ချရန် | BRAZIL | ၂၀.၁၁. ၂၀၂၂ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TI2 APPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁၁. ၂၀၂၂ |
| NORDBORG MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၅.၁၁. ၂၀၂၂ |
| ALVAN | SINGAPORE | သီလဝါဆိပ်ကမ်း | ၆.၁၁. ၂၀၂၂ |
| TORRES STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၆.၁၁. ၂၀၂၂ |
| SINAR POMALAA | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၁၁. ၂၀၂၂ |
| FILOTIMO | SINGAPORE | သီလဝါဆိပ်ကမ်း | ၅.၁၁. ၂၀၂၂ |
| BLPL TRUST | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၁၁. ၂၀၂၂ |
| VENUS C | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၁၁. ၂၀၂၂ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၁၁. ၂၀၂၂ |
| KOTA HIDAYAH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁၁. ၂၀၂၂ |
| MSC SUPARNA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁၁. ၂၀၂၂ |
| SINAR SOLO | SINGAPORE | စက်မှုဆိပ်ကမ်း | ၉.၁၁. ၂၀၂၂ |
| TCI SURYA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁၁. ၂၀၂၂ |
| FILOTIMO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၉.၁၁. ၂၀၂၂ |
| TC SYMPHONY | SINGAPORE | စက်မှုဆိပ်ကမ်း | ၉.၁၁. ၂၀၂၂ |
| UNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁၁. ၂၀၂၂ |

### စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ (၃၁.၁၀.၂၀၂၂)ရက်နေ့မှ (၇.၁၁.၂၀၂၂)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန် ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

Quantity (MT) 1000
CIF Price (USD/MT) 993
ပျမ်းမျှငွေလဲနှုန်း 2403
Customs ငွေလဲနှုန်း 2100

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 2,982,724 | 4.87 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ပျမ်းမျှငွေလဲနှုန်း | 11,930,895 | 19.48 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 104,265,000 | 170.26 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 300 | 300,000 | 0.49 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 7,569,450 | 12.36 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| | Local cost | | **132,930,789** | **217.07** |
| ၁၁ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | 2,386,179,000 | 3,896.50 |
| | **စရိတ်စုစုပေါင်း** | | **2,519,109,789** | **4,113.57** |

### ၂၀-၁၀-၂၀၂၂ မှ ၂-၁၁-၂၀၂၂ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 691 | 8 | - | - | - | 699 |
| | Form AANZ | 40 | - | - | - | - | 40 |
| | Form AHK | 3 | - | - | - | - | 3 |
| | Form AI | 128 | 1 | - | - | - | 129 |
| | Form AJ | 30 | - | - | - | - | 30 |
| | Form AK | 373 | 4 | - | - | - | 377 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 51 | - | - | - | - | 51 |
| | Form E | 360 | 16 | - | - | - | 366 |
| | Form Korea | 27 | - | - | - | - | 27 |
| | E Form D | 444 | - | - | - | - | 444 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 2147 | 29 | - | - | - | 2176 |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ
သတင်းလွှာ (၁၀/၂၀၂၂)

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

အကြောင်းအရာ။ **နယ်စပ်ကုန်သွယ်ရေးတွင် သွင်းကုန်လုပ်ငန်းများအား ဘဏ်စနစ်အသုံးပြုပြီး ငွေပေးချေဆောင်ရွက်ရန်ကိစ္စထုတ်ပြန်ခြင်း**

၁။ ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်အဖွဲ့ (Financial Action Task Force –FATF)၏ အစီရင်ခံစာအပေါ် လိုက်နာအကောင်အထည်ဖော်မှု ပိုမိုအားကောင်းစေရေးအတွက်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေး၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ်စနစ်ကို အသုံးပြုပြီး ငွေပေးချေမှုစနစ်တကျရှိစေရေးအတွက်လည်းကောင်း နယ်စပ်ကုန်သွယ်ရေးမှ သွင်းကုန်ပစ္စည်းများ တင်သွင်းမှုကို ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ ဤသို့ဆောင်ရွက်ရာတွင် သွင်းကုန်ပစ္စည်းများတင်သွင်းမှုအတွက် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေနှင့် တစ်ဖက်နိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ လစာနှင့်လုပ်ခလွှဲပို့ငွေအပါအဝင် အခြားဝင်ငွေများကို အသုံးပြုတင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။ သွင်းကုန်တင်သွင်းသူများအနေဖြင့် အဆိုပါရငွေများကို အသုံးပြုကာ သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် သွင်းကုန်အတွက် ငွေပေးချေမှုများကို ပေးချေဆောင်ရွက်ရမည်ဖြစ်ပါသည်။ နယ်စပ်ကုန်သွယ်မှုကိစ္စရပ်များကို ဘဏ်စနစ်ဖြင့် ဆောင်ရွက်ရာတွင် ကနဦးအဆင့်အနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် စတင်ကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုများဆောင်ရွက်ရာတွင် ကုန်စည်တင်သွင်းမှုများအတွက် အောက်ပါအတိုင်း စိစစ်ခွင့်ပြုပါမည်-

(က) သွင်းကုန်လိုင်စင်လျှောက်ထားရာတွင်ကုမ္ပဏီများအနေဖြင့်မိမိ၏ ဘဏ်ငွေစာရင်းသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေဝင်ရောက်ကြောင်း သက်ဆိုင်ရာဘဏ်မှထုတ်ပေးသည့် အထောက်အထား (Credit Advice)နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement)မူရင်းတို့ကို ပူးတွဲကာ ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

(ခ) ကုန်သွယ်ရေးဦးစီးဌာနသည် သွင်းကုန်တင်သွင်းလိုသည့် ကုမ္ပဏီကတင်ပြလာသော ပို့ကုန်မှ ရရှိသည့်ဝင်ငွေ(သို့မဟုတ်) အခြားဝင်ငွေဝင်ရောက်မှုပမာဏကို စိစစ်၍ ဘဏ်ငွေစာရင်းလက်ကျန်ပမာဏထက်မကျော်လွန်ဘဲ သွင်းကုန်လိုင်စင်ကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါသည်။

(ဂ) သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်တင်သွင်းမှုများအတွက် သွင်းကုန်ကြေညာလွှာ(Import Declaration–ID)ဖွင့်လှစ်ရာ၌ ပို့ကုန်မှရရှိသည့် ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်မှုကို သက်ဆိုင်ရာဘဏ်မှ ထုတ်ပေးသည့် အထောက်အထား (Credit Advice)နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement) မူရင်းတို့ကိုပူးတွဲကာ အကောက်ခွန်ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

၄။ သွင်းကုန်တင်သွင်းမှုများအတွက် ပို့ကုန်မှရရှိသည့် ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်မှုများကိုအခြေခံ၍ တင်သွင်းခွင့်ပြုမည့် အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ကာလအတွင်း လျှောက်ထားပြီးဖြစ်သည့် သွင်းကုန်လိုင်စင်လျှောက်ထားမှုများ အကျုံးဝင်ခြင်းမရှိပါ။ အဆိုပါနေ့ရက်မတိုင်မီ ထုတ်ပေးပြီးဖြစ်သည့် သွင်းကုန်လိုင်စင်များဖြင့် ကုန်ပစ္စည်းတင်သွင်းမှုကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်မတိုင်မီ ပြီးပြတ်အောင်တင်သွင်းကြရန်နှင့် အဆိုပါသတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်းမရှိပါက သွင်းကုန်လိုင်စင်ပျက်ပြယ်မည်ဖြစ်ပါသည်။

၅။ ထိုသို့ တင်သွင်းခွင့်ပြုရာတွင် ပို့ကုန်မှရရှိသည့် ဝင်ငွေနှင့် အခြားဝင်ငွေ ဝင်ရောက်မှုများနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ်၊ဧပြီလ ၁ ရက်နေ့နောက်ပိုင်းဝင်ရောက်သည့် ဝင်ငွေကိုသာအသုံးပြု ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၆။ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့သည့်ကုမ္ပဏီသည် ရရှိသည့်ပို့ကုန်ဝင်ငွေကိုမိမိကိုယ်တိုင် သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ၊ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေး၍ သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။ အဆိုပါပို့ကုန်မှရရှိသည့်ဝင်ငွေကို အသုံးပြု၍ သွင်းကုန်ပစ္စည်းတင်သွင်းရာတွင် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုခုမှ အခြားတစ်ခုခုသို့ လွှဲပြောင်းသုံးစွဲနိုင်သည်။

ကုန်သွယ်ရေးဦးစီးဌာန

# ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးများအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်တွေ့အသုံးချရေး သင်တန်းဖွင့်

အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင် ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ပြည်ပနိုင်ငံ ၁၂ နိုင်ငံသို့ စေလွှတ်မည့် စီးပွားရေးသံမှူး ၁၆ ဦးအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်တွေ့အသုံးချရေး သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် စီးပွားရေးသံမှူးများအနေဖြင့် မိမိတာဝန် ထမ်းဆောင်နေသည့် နိုင်ငံ၏ စီးပွားရေးအခြေအနေကိုသာမက ကမ္ဘာ့စီးပွားရေးအခြေအနေကိုပါ ခြုံငုံသိရှိထားရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံမှ အဓိကပို့ကုန် အလားအလာရှိသော ဈေးကွက်များ၊ ပို့ကုန်အမယ်သစ်များ တင်ပို့မှုဆိုင်ရာ အချက်အလက်များ၊ သွင်းကုန်ဆိုင်ရာ အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိထားပြီး မြန်မာပို့ကုန်များအတွက် ဈေးကွက်ရှာဖွေချိတ်ဆက်ပေးရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အခွန်နှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ ဖြေလျှော့မှုများကို မျက်ခြည်မပြတ် လေ့လာပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ချိတ်ဆက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ နိုင်ငံများတွင် တာဝန်ထမ်းဆောင်သည့်အခါ နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသွားရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာများနှင့် ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**MOC(IR)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**အမိန့်အမှတ် ၅/၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
( ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

**ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့၏ အရည်အသွေးသတ်မှတ်သည့်အမိန့်**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၁၃ ပုဒ်မခွဲ ( ခ ) တို့အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့၏ အရည်အသွေးကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| စဉ် | အရည်အသွေး စစ်ဆေးမှုများ ( Parameter ) | မြေပဲဆီ | နှမ်းဆီ | နေကြာဆီ | ပဲပုပ်ဆီ |
|---|---|---|---|---|---|
| (က) | Iodine Value (I.V) | 86-107 | 104-120 | 118-141 | 124-139 |
| ( ခ ) | Relative Density ( 20° C / water at 20° C) | 0.909-0.920 | 0.915-0.924 | 0.918-0.923 | 0.919-0.925 |
| ( ဂ ) | Free Fatty Acid (F.F.A) | 2 % (max) | 2 % (max) | 0.1% (max) | 0.05% (max) |
| (ဃ) | Saponification Value (mg KOH/g oil) | 187-196 | 186-195 | 188-194 | 189-195 |
| ( င ) | Unsaponification Matter | ≤ 10 | ≤ 20 | ≤ 15 | ≤ 15 |
| ( စ ) | Peroxide Value (P.V) meq O2/kg oil | < 5 | < 5 | 2 (စက်ရုံထွက်) < 5 (ဆိပ်ကမ်းရောက်) | 2 (စက်ရုံထွက်) < 5 (ဆိပ်ကမ်းရောက်) |
| (ဆ) | Rancidity | Negative | Negative | Negative | Negative |
| ( ဇ ) | Moisture and Volatile Matter (105°C) | 0.1% (max) | 0.1% (max) | 0.1% (max) | 0.1% (max) |
| ( ဈ ) | Refractive – index (ND 40°C) | 1.460- 1.465 | 1.465-1.469 | 1.451- 1.468 | 1.461- 1.470 |
| (ည) | Insoluble Impurities | 0.05 % (max) | 0.05 % (max) | 0.05 % (max) | 0.05 % (max) |

( ပုံ )
အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး

# ၂၀၂၃ ကမ္ဘာ့စီးပွားရေးမြင်ကွင်း

**သိန်းမြင့်ဝေ**

ရုရှား-ယူကရိန်း စစ်ပွဲကြောင့် စွမ်းအင်ဈေးနှုန်း မြင့်တက်ပြီး ငွေကြေးဖောင်းပွမှု စံချိန်တင်မြင့်မားလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် ကမ္ဘာ့စီးပွားရေး ဖရိုဖရဲဖြစ်ပြီး ကျဆင်းနေသော စီးပွားရေး တိုးတက်မှုကို ပိုမိုကြာညောင်းစေနိုင်သည်။

ဥရောပသမဂ္ဂ (EU) ၏ စက်မှုအင်အားကြီး နိုင်ငံဖြစ်သော ဂျာမနီနိုင်ငံ၏ စီးပွားရေးသည် လာမည့် ၂၀၂၃ ခုနှစ်တွင် သိသိသာသာ ကျဆင်းနိုင်သည်။ ကမ္ဘာ့စီးပွားရေး တိုးတက်မှုအလားအလာသည် ဆိုးရွားလျက်ရှိကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (Organization for Economic Co-operation and Development - OECD) က ပြောကြားထားသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ဥရောပ၌ ထုတ်ပြန်သည့် စစ်ပွဲ၏ ဆိုးကျိုးကို တွေ့ကြုံခံစားနေရခြင်း (Paying the Price of War) ဟူသော အစီရင်ခံစာထဲ၌ ထိုကဲ့သို့ ပြောကြားထားခြင်းဖြစ်သည်။

အဆိုပါ အစီရင်ခံစာအရ ကမ္ဘာ့စီးပွားရေးမြင်ကွင်းသည် မျှော်လင့်အားရဖွယ်မရှိသော စိတ်ဓာတ်ကျစရာဖြစ်သည်။ စီးပွားရေးလုပ်ငန်းယုံကြည်မှု (Business confidence)၊ သုံးစွဲနိုင်သော ဝင်ငွေ (Disposable incomes) နှင့် အိမ်ထောင်စုအသုံးစရိတ် (Household expenditure) တို့ ဇောက်ထိုးကျဆင်းနေသည်။ အခြားတစ်ဖက်တွင် လောင်စာဆီ၊ စားနပ်ရိက္ခာနှင့် သယ်ယူပို့ဆောင်ရေး စရိတ်များ သိသိသာသာ မြင့်တက်နေသည်။

တစ်ကမ္ဘာလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိသော ငွေကြေးဖောင်းပွမှုသည် ၂၀၂၃ ခုနှစ် တစ်လျှောက်လုံး တဖြည်းဖြည်း ကျဆင်းသွားနိုင်သည်။ သို့သော်လည်း ခြွင်းချက်အနေဖြင့် ငွေကြေးဖောင်းပွမှုသည် ၂၀၂၃ ခုနှစ်တွင် ဆက်လက်မြင့်မားနေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အလွန်အမင်း အတိုးနှုန်းမြှင့်တင်ခြင်းက ဘဏ္ဍာရေး အခြေအနေကို ပိုမိုကျပ်တည်းစေပြီး ငွေကြေးဖောင်းပွမှုကို မကုစားနိုင်သောကြောင့်ဖြစ်သည်။

အအေးပိုမည့် ဆောင်းရာသီ၌ ဥရောပ၏ စီးပွားရေးသည် အေးစက်စက်ဖြင့် စိတ်ပျက်စရာ ကောင်းနေနိုင်သည်။ ဥရောပ၏ မြေအောက်သဘာဝဓာတ်ငွေ့သိုလှောင်မှု ကုန်ခန်းသွားပြီး စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာနိုင်သည်။ အကျိုးဆက်အနေဖြင့် ကုန်စည်ပြတ်လပ်ခြင်းနှင့် စက်မှုလုပ်ငန်းများ တုံ့ဆိုင်းခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ ဤအချက်များက နိုင်ငံများစွာအား ၂၀၂၃ ခုနှစ် တစ်နှစ်ပတ်လုံး စီးပွားရေးကျဆင်းမှု (Recession) ဆီသို့ ရောက်ရှိစေရန် တွန်းပို့ပေးနေသည်။

ဥရောပနိုင်ငံအားလုံးသည် ရုရှားနိုင်ငံထံမှ ရေနံတင်သွင်းမှုကို ပိတ်ဆို့ခြင်း (Sanctions against Russian oil) က မျှော်မှန်းထားသည်ထက် ပိုမို၍ စွမ်းအင်ပြတ်လပ်မှု ဖြစ်နိုင်သည်။ ရုရှားနိုင်ငံ၏ ရေနံတင်ပို့မှုသည် ရုရှားနိုင်ငံ၏ ဝင်ငွေရရှိစေသော ထိပ်တန်းစီးပွားရေးလုပ်ငန်းများအနက် ထင်ရှားသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ဥရောပနိုင်ငံအားလုံး၏ ရုရှားနိုင်ငံအပေါ် ကုန်သွယ်မှုပိတ်ပင်ခြင်း (EU-wide embargo) သည် ယခု ၂၀၂၂ ခုနှစ် နှစ်ကုန် ပိုင်းတွင် ဖြစ်လာနိုင်သည်။ ထိုအခါ ရုရှားနိုင်ငံမှ နေ့စဉ်တင်သွင်းနေသော ရေနံနှင့် ရေနံစိမ်းစည် နှစ်သန်းခန့်သည် ဥရောပဈေးကွက်အတွင်း ဝင်ရောက်လာတော့မည် မဟုတ်ပေ။

ရုရှားနိုင်ငံသည် အဆိုပါရေနံစည်နှစ်သန်းကို အခြားဒေသများသို့ ပြောင်းလဲပေးပို့ခြင်း မပြုနိုင်ပါက နိုင်ငံတကာရေနံဈေးနှုန်း (International prices) မြင့်တက်မည်ဖြစ်သည်။ ထိုကဲ့သို့ ဈေးနှုန်းများ မြင့်တက်ခြင်းက ယခင်ကတည်းက မတည်ငြိမ်သော စွမ်းအင် ထုတ်လုပ်မှု ကွင်းဆက်ကို ပိုမို ဆိုးရွားစေမည်ဖြစ်သည်။ ထို့ကြောင့် OECD အစီရင်ခံစာက ၂၀၂၂ ခုနှစ် (ယခုနှစ်)တွင် ကမ္ဘာ့စီးပွားရေးသည် အရှိန်ပျောက်ဆုံးနေကြောင်း မှတ်ချက်ပြု ဖော်ပြထားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလနောက်ပိုင်း ကမ္ဘာ့စီးပွားရေး သိသိသာသာ ပြန်လည်ဦးမော့လာခဲ့သည်။ တစ်နည်းအားဖြင့် ရုရှားနှင့် ယူကရိန်း ပဋိပက္ခမဖြစ်ပွားမီအချိန်တွင် ကမ္ဘာ့စီးပွားရေးသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။

ယခုအခါ ရုရှားနှင့် ဂျာမနီနိုင်ငံတို့သည် စီးပွားရေးကျဆင်းမှု (Recession) ဆီသို့ ရှေးရှုနေသည်။ ရုရှားနိုင်ငံ၏ စီးပွားရေးအခြေအနေသည် နိုင်ငံအားလုံးထက် ပိုမိုဆိုးရွားလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ရုရှားနိုင်ငံသည် အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုကို မကြုံစဖူး ခံစားနေရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ရုရှားနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်းသို့ လည်းကောင်း ကျဆင်းသွားနိုင်သည်။

ဂျာမနီနိုင်ငံ၏ စီးပွားရေးသည်လည်း ယခုနှစ်တွင် ၁ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အဆုံးသတ်သွားနိုင်သည်။ သို့သော်လည်း ဂျာမနီနိုင်ငံ၏ လာမည့် ၂၀၂၃ ခုနှစ် စီးပွားရေးသည် သုည ဒသမ ၇ ရာခိုင်နှုန်းထိ ကျဆင်းနိုင်သည်။ စီးပွားရေးကျဆင်းမှု ဘေးအန္တရာယ် (Recession fears) သည် ဂျာမနီနိုင်ငံအပေါ် ကျရောက်နေပြီဖြစ်သည်။ ဂျာမနီသည် ယခုနှစ် အစောပိုင်းကာလအထိ ရုရှားဓာတ်ငွေ့ကို အမြောက်အမြား ဝယ်ယူသောနိုင်ငံဖြစ်သည်။ ယခုအခါ ဂျာမနီနိုင်ငံသည် နောက်ထပ် သဘာဝဓာတ်ငွေ့ရောင်းချမည့် နိုင်ငံများ (Alternative Suppliers) ကို အလုအယက် ကြိုးပမ်းရှာဖွေနေရသည်။

ဂျာမနီနိုင်ငံ၏ စီးပွားရေးကျဆင်းနေကြောင်း ဖော်ပြနေသည့် လက္ခဏာရပ်များမှာ တိုးပွားနေကြောင်း ဂျာမန်ဗဟိုဘဏ်က စက်တင်ဘာလ တတိယပတ်တွင် ပြောကြားခဲ့သည်။ စီးပွားရေးကျဆင်းခြင်း (Recession) ဆိုသည်မှာ သုံးလပတ် နှစ်ပတ်ဆက်တိုက် နိုင်ငံ၏ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product - GDP) ကျဆင်းခြင်းဖြစ်သည်။

OECD ၏ လေ့လာမှုအရ အခြားသော ဥရောပနိုင်ငံများ၏ စီးပွားရေးမှာ အနည်းငယ် ကောင်းမွန်နေသည်။ ၂၀၂၃ ခုနှစ်တွင် ပြင်သစ်၊ အီတလီနှင့် စပိန်တို့၏ စီးပွားရေးသည် သုည ဒသမ ၆ ရာခိုင်နှုန်း၊ သုည ဒသမ ၄ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး တိုးတက်နိုင်ကြောင်း တွေ့ရသည်။ ဖော်ပြပါ တိုးတက်မှုရာခိုင်နှုန်းများက အဆိုပါနိုင်ငံများသည်လည်း တစ်ချိန်ချိန်တွင် စီးပွားရေး ကျဆင်းမှုထဲသို့ ရောက်ရှိသွားနိုင်ကြောင်း ညွှန်ပြနေသည်။ သို့သော်လည်း ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် အဆိုပါနိုင်ငံများ၏ စီးပွားရေးသည် အသင့်အတင့် တိုးတက်မှု (Moderate positive growth) ရှိနိုင်ကြောင်း သိရသည်။

ယူရိုဇုန်၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်နိုင်ပြီး ၂၀၂၃ ခုနှစ်တွင် သုည ဒသမ ၃ ရာခိုင်နှုန်းသာ တိုးတက်နိုင်သည်။ ၂၀၂၃ ခုနှစ်တွင် ယူရိုဇုန်၏ ငွေကြေးဖောင်းပွမှုသည် ပျမ်းမျှ ၆ ဒသမ ၂ ရာခိုင်နှုန်း ရှိနိုင်သည်။ အဆိုပါ နှုန်းသည် ဥရောပဗဟိုဘဏ်က လျာထားသတ်မှတ်သည့် ၂ ရာခိုင်နှုန်းထက် ၃ ဆ ပိုမိုများပြားနေသည်။

စွမ်းအင်အကျပ်အတည်း ပိုမိုဖြစ်ပွားလာပါက အားရစရာမရှိသော အဆိုပါ စီးပွားရေး ခန့်မှန်းချက်များသည် ပိုမိုဆိုးရွားလာနိုင်သည်။ အဆိုပါ ခန့်မှန်းချက်များ ပတ်ပတ်လည်တွင် မသေချာမှုများ ဝန်းရံနေသည်။ လောင်စာပြတ်လပ်မှု အထူးသဖြင့် သဘာဝဓာတ်ငွေ့ ပြတ်လပ်မှု ပိုမိုပြင်းထန်လာခြင်းက ၂၀၂၃ ခုနှစ် ဥရောပ စီးပွားရေး တိုးတက်မှုကို ၁ ဒသမ ၂၅ ရာခိုင်နှုန်း အမှတ် (1.25 percentage points) ထိ ထပ်မံကျဆင်းစေနိုင်သည်။

ဥရောပ၏ စီးပွားရေးအခြေအနေ မကောင်းကြောင်းနှင့် မသေချာမှု (Uncertainty) မြင့်မားလျက်ရှိကြောင်း စက်တင်ဘာလ နောက်ဆုံးပတ်တွင် ဥရောပဗဟိုဘဏ် (ECB) ဥက္ကဋ္ဌက သတိပေး ပြောကြားသည်။ ထို့ပြင် ဥရောပ၏ စီးပွားရေးအခြေအနေနှင့် ပတ်သက်ပြီး မြင်ကွင်းကတော့ မှောင်မည်းနေတာပဲ၊ လာမယ့် သုံးလပတ်တွေမှာ စီးပွားရေးလုပ်ဆောင်ချက် တွေ သိသိသာသာ နှေးကွေးသွားနိုင်ပါတယ်ဟူ၍ ဥရောပလွှတ်တော်ရှိ လွှတ်တော်အမတ်များအား ဗဟိုဘဏ်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် မဟုတ်သော နိုင်ငံများ၏ စီးပွားရေး အလားအလာကိုလည်း OECD က သုံးသပ် ခန့်မှန်းထားသည်။ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးသည် သုည ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ပြီး ယူကေ (ဗြိတိန်)နိုင်ငံ၏ စီးပွားရေးသည် သုည ရာခိုင်နှုန်း (၀%) ဖြင့် အတက်အကျမရှိဘဲ ရပ်တန့်နေနိုင်သည်။ ဂျပန်၊ ကနေဒါ၊ အာဂျင်တီးနား၊ ဘရာဇီး၊ တောင်အာဖရိကနှင့် မက္ကဆီကိုနိုင်ငံတို့၏ စီးပွားရေးသည် အကန့်အသတ်ရှိပြီး ၂ ရာခိုင်နှုန်းအောက်သာ တိုးတက်နိုင်သည်။

ကမ္ဘာ့စီးပွားရေးကို မောင်းနှင်လျက်ရှိသော အင်ဂျင်စက်ဖြစ်သည့် တရုတ်နိုင်ငံသည် တင်းကျပ်သော သုည ကိုဗစ်ပေါ်လစီ (Zero Covid policy) ကို ကျင့်သုံးလျက်ရှိသည်။ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ပြီး ၂၀၂၃ ခုနှစ်တွင် ၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်နိုင်သည်။ အခြားတစ်ဖက်တွင် ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ စီးပွားရေးသည် စွမ်းအင်ဈေးနှုန်း မြင့်တက်နေသောကြောင့် စန်းပွင့်လျက်ရှိသည်။ ရေနံကြွယ်ဝသော ယင်းနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်တွင် ၁၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ပြီးလာမည့် ၂၀၂၃ ခုနှစ်တွင် ၆ ရာခိုင်နှုန်း တိုးတက်နိုင်သည်။

အားလုံးခြုံငုံသုံးသပ်ကြည့်ပါက ကမ္ဘာ့စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် ၃ ရာခိုင်နှုန်း တိုးတက်ပြီး ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်းသာ တိုးတက်နိုင်သည်။ ဤစီးပွားရေးအခြေအနေ ခန့်မှန်းချက်များသည် ယခင်ခန့်မှန်းချက်များထက် ပိုမိုနိမ့်ကျသွားကြောင်း တွေ့ရှိရသည်။

Source : euronews.com

## ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် ပဲနီကြီးများ ရာသီအမီ စိုက်ပျိုးလျက်ရှိ

မုံရွာမြို့ အနောက်ဘက်ကမ်း ဆားလင်းကြီးမြို့နယ် ချင်းတွင်းမြစ် ရေဝင်ဒေသများဖြစ်ကြသည့် ရွာရှည်အုပ်စု လက်ပန်းတောင်းအုပ်စုနှင့် တုံအုပ်စုရှိ ကျေးရွာများမှ ပဲမျိုးစုံသီးနှံကို အဓိကစိုက်ပျိုးကြောင်း သိရသည်။ အဆိုပါ ကျေးရွာများလည်း မြေနုကျွန်းနှင့် ရေတင်အင်းမြေများတွင် ယခင်က မြေပဲသီးနှံကို အဓိက စိုက်ပျိုးခဲ့ကြသော်လည်း ယခုနောက်ပိုင်းတွင် စိုက်ပျိုးစရိတ်သက်သာပြီး ဈေးကွက်ရရှိနေသည့် ပဲနီကြီးများကို ပိုမိုစိုက်ပျိုးလာကြောင်း ဒေသခံတောင်သူများထံမှ သိရှိရသည်။

ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ မြေနုကျွန်းများ၌ ပဲနီကြီးသီးနှံကို နှစ်စဉ် ဧက ၇၀၀ ကျော် ပုံမှန်စိုက်ပျိုးကြောင်း၊ ယခုနှစ် အောက်တိုဘာလဆန်းပိုင်မှ စတင်စိုက်ပျိုးခဲ့သော်လည်း မိုးအဆက်မပြတ် ရွာသွန်းနေသည့်အတွက် အောက်တိုဘာလ ဒုတိယပတ်မှသာ ဆက်လက် စိုက်ပျိုးခွင့်ရရှိခဲ့ကြောင်း၊ တောင်သူအများစုက ရာသီအမီ စိုက်ပျိုးလျက်ရှိကြောင်း၊ ယခင်နှစ်က မိုးနှောင်းရွာသွန်းခဲ့ခြင်းမရှိသည့်အတွက် တောင်သူအများစု ရေသွင်းပြီး စိုက်ပျိုးခဲ့ရကြောင်း၊ ပဲပေါ်ချိန် ဈေးကောင်းရရှိခဲ့သည့်အတွက် တောင်သူများ အကျိုးအမြတ်ရရှိခဲ့ကြောင်း ဒေသခံတောင်သူများထံမှ သိရှိရသည်။ ပဲနီကြီးသီးနှံမှာ စိုက်ပျိုးရလွယ်ကူပြီး ထွန်ရေးပြုပြင်စရိတ်နှင့် သွင်းအားစုစရိတ်သက်သာခြင်း၊ ဈေးနှုန်းနှင့် ဈေးကွက်ရရှိနေခြင်းများကြောင့် တောင်သူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးလာကြောင်း၊ ရာသီဥတုကောင်းမွန်ပါက တစ်ဧက တင်း ၂၀ ခန့် ထွက်ရှိကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် နှစ်သိန်းကျော်သာ ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ရရှိခဲ့သည့်အတွက် တစ်ဧက ခုနစ်သိန်းဝန်းကျင်ခန့် အကျိုးအမြတ်ရရှိခဲ့ကြောင်း တောင်သူဦးဌေးလွင်၏ ပြောပြချက်အရ သိရှိသည်။

ယခုလက်ရှိ ဈေးကွက်အတွင်း၌ ပဲနီကြီးလက်ကျန် နည်းပါးလာသည့်အတွက် နေ့စဉ်ပေါက်ဈေးနှုန်း မထွက်ရှိကြောင်း၊ မျိုးပဲများအဖြစ် ဝယ်ယူမှုရှိနေကြောင်း၊ ပဲနီကြီး တစ်တင်းကို ကျပ် ၄၈၀၀၀ မှ ၅၀၀၀၀ အထိ ပေါက်ဈေးရှိကြောင်း၊ ပုံမှန် အားဖြင့် ဒေသတွင်း ပဲကြော်ဖိုနှင့် စက်သမားများအပြင် မန္တလေး၊ ပခုက္ကူမြို့များမှလည်း ဝယ်လိုအားရှိနေသည့်အတွက် တောင်သူများ ပိုမိုစိုက်ပျိုးလာကြောင်းသိရသည်။

**မောင်မောင်သိန်း (ယင်းမာပင်)**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် | | တက်/ကျ/ငြိမ် | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု | | |
|---|---|---|---|---|---|---|---|
| | | ၂၇-၁၀-၂၂ | ၃-၁၁-၂၀၂၂ | | ယခင်အပတ် | ယခုအပတ် | ခြားနားချက် |
| | ကြက်သွန်ဖြူ | | | | | | |
| ၁ | ကြူကုတ်ရှယ် | ၃၈၀၀ | ၃၈၀၀ | — | အိတ် ၂၉၀၀ ၈၇၀၀၀ ပိဿာ | အိတ် ၃၆၀၀ ၁၀၈၀၀၀ ပိဿာ | အိတ် ၇၀၀ ၂၁၀၀၀ ပိဿာ |
| ၂ | အောင်ပန်း ထူး ၂ | ၃၀၀၀ | ၃၀၀၀ | — | | | |
| ၃ | အောင်ပန်း ထူး ၃ | ၃၆၀၀ | ၃၅၀၀ | ⬇ ကျပ် ၁၀၀ | | | |
| ၄ | အောင်ပန်း ထူး ၄ | ၃၈၀၀ | ၃၇၀၀ | ⬇ ကျပ် ၁၀၀ | | | |
| ၅ | အောင်ပန်း ထူး ၅ | ၄၀၀၀ | ၄၁၀၀ | ⬆ ကျပ် ၁၀၀ | | | |
| | ကြက်သွန်နီ | | | | | | |
| ၁ | ဆိပ်ဖြူ ရှယ် | ၄၀၀၀ | ၃၉၀၀ | ⬇ ကျပ် ၁၀၀ | ကား ၁၄၅ စီး ၈၇၀၀၀၀ ပိဿာ | ကား ၁၅၄ စီး ၉၂၄၀၀၀ ပိဿာ | ကား ၉ စီး ၅၄၀၀၀ ပိဿာ |
| ၂ | ဆိပ်ဖြူ လတ်ကြီး | ၃၈၀၀ | ၃၇၀၀ | ⬇ ကျပ် ၁၀၀ | | | |
| ၃ | ဆိပ်ဖြူ လတ်သန့် | ၃၆၀၀ | ၃၆၀၀ | — | | | |
| ၄ | ဆိပ်ဖြူ လတ်ချော | ၃၂၀၀ | ၃၁၀၀ | ⬇ ကျပ် ၁၀၀ | | | |
| ၅ | မြင်းခြံရှယ် | ၄၃၀၀ | ၄၃၀၀ | — | | | |
| ၆ | မြင်းခြံလတ်ကြီး | ၄၁၅၀ | ၄၂၀၀ | ⬆ ကျပ် ၅၀ | | | |
| ၇ | မြင်းခြံလတ်သန့် | ၄၀၀၀ | ၄၀၀၀ | — | | | |
| ၈ | မြင်းခြံလတ်ချော | ၃၅၀၀ | ၃၅၀၀ | — | | | |
| | အာလူး | | | | | | |
| ၁ | အောင်ပန်း A1 | ၁၄၅၀ | ၁၄၀၀ | ⬇ ကျပ် ၅၀ | ကား ၅၉ စီး ၃၅၄၀၀၀ ပိဿာ | ကား ၇၂ စီး ၄၃၂၀၀၀ ပိဿာ | ကား ၁၃ စီး ၇၈၀၀၀ ပိဿာ |
| ၂ | အောင်ပန်း OK | ၁၅၅၀ | ၁၄၅၀ | ⬇ ကျပ် ၁၀၀ | | | |
| ၃ | အောင်ပန်း S1 | ၁၆၀၀ | ၁၅၀၀ | ⬇ ကျပ် ၁၀၀ | | | |
| ၄ | အောင်ပန်း S2 | ၁၈၀၀ | ၁၇၀၀ | ⬇ ကျပ် ၁၀၀ | | | |
| ၅ | တရုတ်အာလူး | ၂၀၀၀ | ၁၉၅၀ | ⬇ ကျပ် ၅၀ | | | |

SWTun (Domestic Ygn) MITC

## ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ဆန်ဈေးနှုန်း

ရက်စွဲ၊ ၄.၁၁.၂၀၂၂

| စဉ် | လိုင်းအမည် | ပေါ်ဆန်း | | ကြားမျိုး/တောင်ပျံ | | နှံ့နီ/ ပေါ်ကျဲ | | ရက်(၉၀) | | သီးထပ် | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | အနိမ့်ဆုံး | အမြင့်ဆုံး | အနိမ့်ဆုံး | အမြင့်ဆုံး | အနိမ့်ဆုံး | အမြင့်ဆုံး | အနိမ့်ဆုံး | အမြင့်ဆုံး | အနိမ့်ဆုံး | အမြင့်ဆုံး |
| ၁ | ဖျာပုံ | 58,000 | 60,000 | 65,000 | 70,000 | 50,000 | 52,000 | 45,000 | 49,000 | 43,000 | 44,000 |
| ၂ | မော်ကျွန်း | 58,000 | 60,000 | 60,000 | 63,000 | | 48,000 | 46,000 | 47,000 | 43,000 | 44,500 |
| ၃ | ဘိုကလေး | 55,000 | 59,000 | 60,000 | 62,000 | 46,000 | 48,500 | 45,000 | 45,500 | 42,700 | 43,000 |
| ၄ | ဒေးဒရဲ/ ကွမ်းခြံကုန်း | 55,000 | 58,000 | 62,000 | 67,000 | | | 45,000 | 47,000 | | |
| ၅ | ကော့မှူး/ တွံတေး | 57,000 | 58,000 | 59,000 | 65,000 | 47,000 | 50,000 | 46,000 | | | |
| ၆ | ဝါးခယ်မ | 55,000 | | | | | | 45,000 | | 43,000 | |
| ၇ | မြောင်းမြ | 60,000 | 65,000 | 62,000 | 65,000 | 48,000 | 50,000 | 47,000 | 48,000 | 44,000 | 45,000 |
| ၈ | ကျိုက်လတ် သစ် | 50,000 | 51,000 | | | | | | | | |
| | ကျိုက်လတ် ဟောင်း | | | 63,000 | | | | 47,000 | | 44,000 | 44,500 |
| ၉ | လပွတ္တာ | 61,000 | 63,000 | 62,000 | 64,000 | 47,000 | 48,000 | 47,000 | 48,000 | | |
| ၁၀ | ရွှေဘို | 87,000 | 93,000 | | | | | | | | |

Source: Myanmar Rice

## ရော်ဘာပြည်ပပို့ကုန်ဈေးနှုန်း (တန်/ ဒေါ်လာ)

| စဉ် | အမျိုးအစား | 31.10.2022 | 1.11.2022 | 2.11.2022 | 3.11.2022 | 4.11.2022 |
|---|---|---|---|---|---|---|
| 1 | RSS-1 | 1300-1350 | 1300-1350 | 1300-1350 | 1300-1350 | 1300-1350 |
| 2 | RSS-2 | 1250-1300 | 1250-1300 | 1250-1300 | 1250-1300 | 1250-1300 |
| 3 | RSS-3 | 1200-1250 | 1200-1250 | 1200-1250 | 1200-1250 | 1200-1250 |
| 4 | RSS-4 | 1150-1200 | 1150-1200 | 1150-1200 | 1150-1200 | 1150-1200 |
| 5 | RSS-5 | 1100-1150 | 1100-1150 | 1100-1150 | 1100-1150 | 1100-1150 |

Source: MRPPA

# အာဆီယံ အနုစိတ် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်

အာဆီယံအနုစိတ် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် အာဆီယံစားသုံးသူစွမ်းဆောင်နိုင်မှု အညွှန်းကိန်း စစ်တမ်းကောက်ယူခြင်းဆိုင်ရာ မေးခွန်းလွှာများ၊ လမ်းညွှန်ချက်များနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်အဖွဲ့ဝင်၊ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် ဂျာမနီအခြေစိုက် နည်းပညာအကူအညီပေးသည့် မိတ်ဖက်အဖွဲ့ အစည်းမှ အကြံပေးဖြစ်သူ Ms. Sita Zimpel နှင့် ကျွမ်းကျင်ပညာရှင်ဖြစ်သူ Ms. Alice Pham တို့က ၂၀၂၃ ခုနှစ် တွင် ကောက်ယူသွားမည့် အာဆီယံစားသုံးသူ စွမ်းဆောင် နိုင်မှု အညွှန်းကိန်းစစ်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။ ကျွမ်းကျင်ပညာရှင်များမှ ဆွေးနွေးရာတွင် အာဆီယံစားသုံးသူစွမ်းဆောင်နိုင်မှု အညွှန်းကိန်းစစ်တမ်းကောက်ယူရခြင်းလုပ်ငန်းစဉ်ကို အာဆီယံစားသုံးသူကာကွယ်ရေးမဟာဗျူဟာလုပ်ငန်း စီမံချက်(၂၀၂၅)အရဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒုတိယအကြိမ် အာဆီယံစားသုံးသူ စွမ်းဆောင်နိုင်မှု စစ်တမ်းကောက်ယူခြင်းအတွက် စစ်တမ်းမေးခွန်းလွှာများ ပြင်ဆင်ပြုစုရာတွင် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍတွင် ဖြစ်ပေါ်လာနိုင်သည့် စားသုံးသူအရေးကိစ္စများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများအား ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စားသုံးသူအရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား စားသုံးသူများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဆက်လက်ဖော်ပြပါမည်)**

**Source : Department of Consumer Affairs, PZCTH, ASEAN Section**

## အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၂၆ သိန်းကျော် ဖြစ်ပေါ်နေ

လက်ရှိပြည်တွင်း အခေါက်ရွှေဈေးမှာ တစ်ကျပ်သား ကျပ် ၂၆ သိန်းကျော်ဖြင့် အရောင်းအဝယ် ဖြစ်ပေါ်နေကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်အတွင်း လက်ရှိ၌ ဒေါ်လာဈေးများ တည်ငြိမ်နေသည့်အတွက် ရွှေအရောင်းအဝယ်မှာလည်း အေးနေကြောင်း သိရသည်။

ယင်းအပြင် လက်ရှိတွင် လိုင်စင်သက်တမ်းတိုးခြင်းနှင့် အခွန်ဆောင်ထားခြင်းမရှိသည့် ရွှေဆိုင်များကို ငွေကြေးခဝါချမှုနှင့်ပတ်သက်၍ အရေးယူမည်ဟုဆိုသည့် သတင်းများထွက်ပေါ်နေပြီး ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) အနေဖြင့် အဆိုပါသတင်းနှင့်ပတ်သက်၍ ငြင်းဆိုထားကာ သတင်းအမှားကို မယုံကြရန် တိုက်တွန်းထားသည်။

"မသင်္ကာဖွယ်ရာ ရောင်းဝယ်မှုတွေ၊ အကြမ်းဖက် အဖွဲ့အစည်းတွေနဲ့ ဆက်နွှယ်နေတဲ့ ရောင်းဝယ်မှုတွေ၊ မူးယစ်ဆေးဝါးအပါအဝင် တရားမဝင် ငွေကြေးခဝါချမှုကိုဖြစ်စေမယ့် ရောင်းဝယ်မှုတွေအတွက် သင်္ကာမကင်းဖြစ်ရင် သက်ဆိုင်ရာကို အကြောင်းကြားဖို့အတွက် မှာကြားထားမှုတွေပဲ ရှိပါတယ်"ဟု YGEA ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

ပြင်ပဈေးကွက်၌ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်း ရွှေဈေးနှုန်းများမှာ အောက်တိုဘာ ၂၈ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၂၆၉၀၀၀၀၊ ၂၉ ရက်တွင် ကျပ် ၂၆၆၅၀၀၀၊ ၃၁ ရက်တွင် ကျပ် ၂၆၆၀၀၀၀၊ နိုဝင်ဘာ ၁ ရက်တွင် ကျပ် ၂၆၂၅၀၀၀၊ ၂ ရက်တွင် ကျပ် ၂၆၆၅၀၀၀၊ ၃ ရက်တွင် ကျပ် ၂၆၆၀၀၀၀ စသည်ဖြင့် အသီးသီး ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **ပန်းဆု**

## ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ်အေးနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေ သုံးစွဲမှုကို ထိန်းချုပ်လျက်ရှိရာ လက်ရှိပြည်တွင်းငွေကြေးဈေးကွက်အတွင်း ကြိုက်ရောင်း၊ ကြိုက်ဝယ် စနစ်ဖြင့် အရောင်းအဝယ် အေးနေကြောင်း သိရသည်။

ဗဟိုဘဏ်အနေဖြင့် ပြည်တွင်း၌ ရွှေနှင့် ငွေကြေးဈေးကွက် တည်ငြိမ်စေရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောဆိုထားသည်။

လက်ရှိတွင် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပြီး ဒေါ်လာဈေးနှုန်း တည်ငြိမ်မှု ပျက်ပြားစေသည့် ကိစ္စရပ်များအပေါ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ပုဂ္ဂလိကဘဏ်များနှင့် လုပ်ငန်းရှင်များအနေနှင့် လက်ရှိ အခြေအနေမျိုးတွင် ငွေကြေးဈေးနှုန်း တည်ငြိမ်စေရေး ပူးပေါင်းဆောင်ရွက်ကြရန် ဗဟိုဘဏ်က တိုက်တွန်းပြောကြားထားသည်။ **ပန်းဆု**

## အောက်တိုဘာလအတွင်း စတော့ရှယ်ယာ တန်ဖိုး ကျပ် ၆၀၀ မီလီယံကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း စာရင်းဝင် ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ် ၆၀၀ မီလီယံ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။

အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာစောင်ရေ စုစုပေါင်းမှာ ၁၃၄၀၃၄ ဖြစ်ပြီး တန်ဖိုး ကျပ် ၆၈၇ ဒသမ ၁၂ မီလီယံ ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၁၄၀၄၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၃၂ ဒသမ ၄၄ မီလီယံ၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၉၆၇၇၉ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၃၇ ဒသမ ၂၇ မီလီယံ ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၂၀၆၈ ရောင်း ချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၆ ဒသမ ၁၁ မီလီယံ၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၆၂၈၇ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၂၅ ဒသမ ၄၈ မီလီယံ ရရှိခဲ့ သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၉၄၄၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၆ ဒသမ ၃၈ မီလီယံ၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၉၇၆၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၅ ဒသမ ၉၈ မီလီယံ၊ Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၄၆၅၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၃ ဒသမ ၄၆ မီလီယံ စသည်ဖြင့် အသီးသီး ရရှိခဲ့ကြောင်း သိရသည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်(၁၉) ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၆၂ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ နိုဝင်ဘာ ၂ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၅၂ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၂၆၇၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ နိုဝင်ဘာ ၂ ရက်တွင် ကျပ် ၂၆၆၅၀၀၀ သို့ တဖြည်းဖြည်း ကျဆင်းသွားကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ်/ကျပ်သား | ဒေါ်လာ/အောင်စ |
| ၁ | ၂၆.၉.၂၀၂၂ | ၂၇၆၀၀၀၀ | ၁၆၄၅ |
| ၂ | ၂၇.၉.၂၀၂၂ | ၂၇၀၅၀၀၀ | ၁၆၃၆ |
| ၃ | ၂၈.၉.၂၀၂၂ | ၂၅၉၀၀၀၀ | ၁၆၁၉ |
| ၄ | ၂၉.၉.၂၀၂၂ | ၂၅၈၅၀၀၀ | ၁၆၄၂ |
| ၅ | ၃၀.၉.၂၀၂၂ | ၂၄၈၀၀၀၀ | ၁၆၆၇ |
| ၆ | ၃.၁၀.၂၀၂၂ | ၂၅၈၀၀၀၀ | ၁၆၆၃ |
| ၇ | ၄.၁၀.၂၀၂၂ | ၂၆၉၀၀၀၀ | ၁၇၀၉ |
| ၈ | ၅.၁၀.၂၀၂၂ | ၂၇၀၀၀၀၀ | ၁၇၁၆ |
| ၉ | ၆.၁၀.၂၀၂၂ | ၂၆၂၅၀၀၀ | ၁၇၁၁ |
| ၁၀ | ၇.၁၀.၂၀၂၂ | ၂၆၄၀၀၀၀ | ၁၇၁၃ |
| ၁၁ | ၁၁.၁၀.၂၀၂၂ | ၂၆၀၀၀၀၀ | ၁၆၆၄ |
| ၁၂ | ၁၂.၁၀.၂၀၂၂ | ၂၆၅၅၀၀၀ | ၁၆၆၄ |
| ၁၃ | ၁၃.၁၀.၂၀၂၂ | ၂၆၈၅၀၀၀ | ၁၆၇၁ |
| ၁၄ | ၁၄.၁၀.၂၀၂၂ | ၂၆၅၀၀၀၀ | ၁၆၆၉ |
| ၁၅ | ၁၇.၁၀.၂၀၂၂ | ၂၆၃၀၀၀၀ | ၁၆၅၆ |
| ၁၆ | ၁၈.၁၀.၂၀၂၂ | ၂၆၁၅၀၀၀ | ၁၆၅၆ |
| ၁၇ | ၁၉.၁၀.၂၀၂၂ | ၂၅၉၅၀၀၀ | ၁၆၄၆ |
| ၁၈ | ၂၀.၁၀.၂၀၂၂ | ၂၅၈၅၀၀၀ | ၁၆၃၂ |
| ၁၉ | ၂၁.၁၀.၂၀၂၂ | ၂၅၉၅၀၀၀ | ၁၆၂၃ |
| ၂၀ | ၂၅.၁၀.၂၀၂၂ | ၂၆၄၀၀၀၀ | ၁၆၄၅ |
| ၂၁ | ၂၆.၁၀.၂၀၂၂ | ၂၆၆၀၀၀၀ | ၁၆၇၁ |
| ၂၂ | ၂၇.၁၀.၂၀၂၂ | ၂၆၇၀၀၀၀ | ၁၆၆၂ |
| ၂၃ | ၂၈.၁၀.၂၀၂၂ | ၂၆၇၀၀၀၀ | ၁၆၅၃ |
| ၂၄ | ၃၁.၁၀.၂၀၂၂ | ၂၆၄၃၀၀၀ | ၁၆၄၂ |
| ၂၅ | ၁.၁၁.၂၀၂၂ | ၂၆၅၅၀၀၀ | ၁၆၄၅ |
| ၂၆ | ၂.၁၁.၂၀၂၂ | ၂၆၆၅၀၀၀ | ၁၆၅၂ |

Source: estimate of world's exchange rate and gold price page/ YGEA page

၂၀၂၁ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး GDP သည် - ၁၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် ငွေ ကြေးဖောင်းပွမှုနှုန်းသည် ၈ ရာခိုင်နှုန်းသို့မြင့်တက်နိုင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ GDP သည် ၁ ရာခိုင်နှုန်းခန့် တိုးတက်နိုင်ကြောင်း World Bank က ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။ cecidata.com ၏ ဖော်ပြချက်၌ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ GDP မှာ -၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ပြီးခဲ့သည့်နှစ်ထက် ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၇-၁၀-၂၀၂၂ | ၂၈-၁၀-၂၀၂၂ | ၃၁-၁၀-၂၀၂၂ | ၁-၁၁-၂၀၂၂ | ၂-၁၁-၂၀၂၂ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | |
| ၂ | Thai Baht | THB | ၃၇.၈၄၅ | ၃၇.၈၆၅ | ၃၈.၀၃၅ | ၃၇.၇၉၅ | ၃၇.၅၈၅ | -၀.၆၉ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၄၀၉ | ၁.၄၁၃ | ၁.၄၁၄ | ၁.၄၁၁ | ၁.၄၁၂ | ၀.၂၁ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၇၁၅ | ၄.၇၂၂ | ၄.၇၂၈ | ၄.၇၃၇ | ၄.၇၃၈ | ၀.၄၉ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၅၅၆၇ | ၁၅၅၅၁ | ၁၅၅၈၇ | ၁၅၆၂၇ | ၁၅၆၄၇ | ၀.၅၁ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၂၃၇ | ၇.၂၅၈ | ၇.၂၉၀ | ၇.၂၇၀ | ၇.၂၇၀ | ၀.၅၇ | ↑ |
| ၇ | Indian Rupee | INR | ၈၂.၄၇၃ | ၈၂.၄၆၆ | ၈၂.၇၀၀ | ၈၂.၆၆၁ | ၈၂.၇၅၅ | ၀.၃၄ | ↑ |
| ၈ | Japanese Yen | JPY | ၁၄၆.၃၈၂ | ၁၄၇.၇၅၂ | ၁၄၈.၂၉၅ | ၁၄၇.၅၂၄ | ၁၄၇.၁၆၂ | ၀.၅၃ | ↑ |
| ၉ | Australian Dollar | AUD | ၁.၅၄၈ | ၁.၅၆၀ | ၁.၅၆၃ | ၁.၅၅၃ | ၁.၅၅၇ | ၀.၅၈ | ↑ |
| ၁၀ | Euro | EUR | ၀.၉၉၆ | ၁.၀၀၅ | ၁.၀၀၇ | ၁.၀၀၈ | ၁.၀၁၁ | ၁.၅၁ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၈၆၅ | ၀.၈၆၇ | ၀.၈၆၆ | ၀.၈၆၈ | ၀.၈၇၀ | ၀.၅၈ | ↑ |

Source- Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ အမေရိကန်တစ်ဒေါ်လာလျှင် ၂၁၀၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း တည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၉ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေ လဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း ၂၉၇၀ - ၃၀၀၀ ကျပ်ကြားရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၆ ဒေါ်လာဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၉ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၆ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၆ ဒေါ်လာဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၁ ဒေါ်လာဖြင့် လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၃ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၃ ဒေါ်လာဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင် နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများနှင့် ဗီယက်နမ်နိုင်ငံတွင် ဆန်ဈေးနှုန်းမှာ ကျဆင်းနေခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ဆန်ဈေးနှုန်းမှာ မြင့်တက်ခဲ့ကာ အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသည်ကို သိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် အာရှဆန်ဈေးကွက်တွင် အိန္ဒိယနိုင်ငံ၌ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ပြည်တွင်းဆန်ထုတ်လုပ်မှု လျော့ကျနိုင်သည့် အခြေအနေများအားဖြင့် ပို့ကုန်ဆန်ဈေးနှုန်းများ မြင့်တက်လာပြီး ထိုင်းနှင့် ဗီယက်နမ်ဆန်ဈေးနှုန်းများ တည်ငြိမ်နေကြောင်း သိရှိရသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မကြာသေးမီက စီထရန်မုန်တိုင်းကြောင့် လယ်ယာမြေဟက်တာ ၆၀၀၀ ခန့် ပျက်စီးသွားကြောင်း ကနဦးစစ်တမ်းများတွင် ဖော်ပြထားသည်ကို သိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုနှစ်အစောပိုင်း မိုးများခြင်း၊ ရေကြီးခြင်းများကြောင့် ဆန်တန်ချိန် နှစ်သိန်းခွဲခန့်နီးပါး ပျက်စီးခဲ့ကြောင်း သိရှိရသည်။ ဗီယက်နမ်နိုင်ငံသည် ယခုလက်ရှိ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ ပြည်ပသို့ ဆန်တန်ချိန် ခြောက်သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ထက် ဆန်တင်ပို့မှု ၁၇ ရာခိုင်နှုန်းကျော် တိုးတက်လာသည်ဟု ဗီယက်နမ်အစိုးရက ထုတ်ပြန်ထားကြောင်း သိရှိရသည်။ ထိုင်းနိုင်ငံတွင် ၅ ရာခိုင်နှုန်း ပို့ကုန်ဆန်ဈေးသည် ဈေးကွက်ထဲတွင် အရောင်းအဝယ်ပမာဏ ကြီးကြီးမားမား မရှိသောကြောင့် ဆန်ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း ထိုင်းနိုင်ငံဆန်ကုန်သည်များ၏ ပြောကြားချက်အရ သိရှိရသည်။

လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၈ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၆၂၇၆၀၄ ဒသမ ၂၇၉ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၅၇၆ သန်း၊ ဆန်ကွဲ တန်ချိန် ၄၄၉၂၃၇ ဒသမ ၈၆၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၈၆၃ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၀၇၆၈၄၂ ဒသမ ၁၃၉ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ပေါင်း ၃၈၁ ဒသမ ၄၃၉ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၅၀၄၆၂၂ ဒသမ ၅၁၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၄ ဒသမ ၉၉၄ သန်း၊ ဆန်ကွဲ တန်ချိန် ၃၉၈၁၄၁ ဒသမ ၄၈၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၄၃၉ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၉၀၂၇၆၃ ဒသမ ၉၉၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၂၁ ဒသမ ၄၃၃ သန်း ဖြစ်ကြောင်း ကုန်သွယ်မှု စာရင်းများအရ သိရှိရသည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၁၂၂၉၈၁ ဒသမ ၇၆၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၅၈၂ သန်း၊ ဆန်ကွဲ တင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၅၁၀၉၆ ဒသမ ၃၈၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄၂၄ သန်း ပိုမို တင်ပို့ခဲ့သည်ကို သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၉၀ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်အိတ်လျှင် ၃၃၃၅၀ ကျပ်မှ ၃၄၈၀၀ ကျပ်ကြား ပေါက်ဈေး ရှိကြောင်း သိရှိရသည်။

**စာမျက်နှာ ၁၁ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၉ နိုင်ငံအနက် UAE နိုင်ငံသည် ယခုတစ်ပတ်တွင် ၉ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဇမ်ဘီယာနိုင်ငံတွင် ၆ ဒသမ ၉၀ ရာခိုင်နှုန်း ပွာတိုရီကိုနိုင်ငံတွင် ၃ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် တူရကီနိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၈ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ တောင်ကိုရီးယား၊ အာဂျင်တီးနား၊ ဘာဘေဒို၊ ဘီနင်၊ ဆူဒန်နှင့် ဘူတန် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၂ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်နေလျက်ရှိကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ရုရှား၊ စပိန်၊ ယူကရိန်း၊ အီတလီ၊ နယ်သာလန်၊ ဂျာမနီ၊ နော်ဝေ၊ ဒိန်းမတ်၊ ပိုလန်၊ ပြင်သစ်၊ ဆွီဒင်နှင့် ဟန်ဂေရီ အပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၉ ဒသမ ၁၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၉ နိုင်ငံအနက် UAE နိုင်ငံသည် ယခုတစ်ပတ်တွင် ၆ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံ ဖြစ်ခဲ့ပြီး ဇမ်ဘီယာနိုင်ငံတွင် ၄ ဒသမ ၇၀ ရာခိုင်နှုန်း၊ ဆလိုဗက်ကီးယားနိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် Curacao နိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ နီပေါ၊ အာဂျင်တီးနား၊ ဘာဘေဒို၊ ဘီနင်၊ ကနေဒါ၊ အစ္စရေး၊ ဂျော်ဒန်၊ ကင်ညာနှင့် မိုနာကို စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၂ နိုင်ငံတို့တွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျာမနီ၊ စပိန်၊ ပိုလန်၊ ဘယ်လ်ဂျီယံ၊ ဘရာဇီး၊ ပေါ်တူကီ၊ အီတလီ၊ ဒိန်းမတ်၊ ဂရိ၊ နော်ဝေ၊ လူဇင်ဘတ်၊ ပြင်သစ်နှင့် ဆွီဒင် အပါအဝင် နိုင်ငံပေါင်း ၂၈ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၁၀ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း မြင့်တက်လျက်ရှိပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၀၃ | ၁.၂၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၁ | ၁.၁၈ |
| ၃ | ထိုင်း | လီတာ | ၁.၁၅ | ၀.၉၃ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၅ | ၁.၀၂ |
| ၅ | စင်ကာပူ | လီတာ | ၁.၉၀ | ၁.၉၃ |
| ၆ | မလေးရှား | လီတာ | ၀.၄၃ | ၀.၄၅ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၈ | ၁.၃၉ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၈ | ၁.၂၁ |
| ၉ | လာအို | လီတာ | ၁.၄၉ | ၁.၂၁ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံ သည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၀၃ ဒေါ်လာနှုန်းဖြင့် ၄၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၂၇ ဒေါ်လာနှုန်းဖြင့် ၇၁ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများ စာရင်းကို တစ်လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | လစ်ဗျား | လီတာ | ၀.၀၃ | ဟောင်ကောင် | လီတာ | ၂.၉၄ |
| ၂ | အီရန် | လီတာ | ၀.၀၅ | အိုက်စလန် | လီတာ | ၂.၂၃ |
| ၃ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၃၃ | နော်ဝေ | လီတာ | ၂.၁၅ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၃၃ | ဘာဘေဒို | လီတာ | ၂.၀၅ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၄ | ဒိန်းမတ် | လီတာ | ၂.၀၃ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၇၃ |
| ၂ | လစ်ဗျား | လီတာ | ၀.၀၃ | ဆွီဒင် | လီတာ | ၂.၄၈ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၇ | နော်ဝေ | လီတာ | ၂.၃၄ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၁ | အိုက်စလန် | လီတာ | ၂.၂၆ |
| ၅ | အင်ဂိုလာ | လီတာ | ၀.၂၈ | ဆွစ်ဇာလန် | လီတာ | ၂.၂၄ |

**စာမျက်နှာ ၁၀ မှအဆက်**

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ဖြစ်ပေါ် နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၇၈ ကျပ်နှုန်းပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၃၂၀၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံနှင့် စစ်တွေမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၈၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ပေါ် ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၃၄ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၃ | ၁.၁၀ |
| ၂ | ဂျပန် | လီတာ | ၁.၁၁ | ၀.၉၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၆ | ၁.၁၃ |


အမေရိကန်နိုင်ငံ၏ ရေနံစိမ်းသိုလှောင်မှု အံ့အားသင့်ဖွယ် ကျဆင်းကြောင်း ဈေးကွက် အချက်အလက်များက ပြသပြီးနောက်တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၀၈ ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ရေနံ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၀ သို့ ဈေးနှုန်းမြင့်တက်လာခဲ့သည်ကို သိရှိရသည်။ Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၇.၁၀.၂၀၂၂ | စည် | ၈၉.၀၈ |
| ၂ | ၂၈.၁၀.၂၀၂၂ | စည် | ၈၇.၉၀ |
| ၃ | ၃၁.၁၀.၂၀၂၂ | စည် | ၈၆.၅၃ |
| ၄ | ၁.၁၁.၂၀၂၂ | စည် | ၈၈.၃၇ |
| ၅ | ၂.၁၁.၂၀၂၂ | စည် | ၉၀.၀၀ |

source : http://www.oil-price.net/

၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၁၉၆၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၀၅၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၆၅၀ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၂၇၂၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၈၅၀ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၃၈၃၀ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၆၄၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၀၅၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၆၅၀ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၀၆၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၆၆၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီတစ်လီတာလျှင် ၅ ကျပ်နှင့် ဒီဇယ် တစ်လီတာလျှင် ၁၀ ကျပ်ဖြင့် ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။


# အခွင့်အရေး ဖွင့်ပေးလျက်ရှိသော ရော်ဘာတင်ပို့မှု

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရော်ဘာများအား တရုတ်နိုင်ငံသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၄၉၆၀၃ဒသမ၉၅၅ တန်၊ တန်ဖိုး ၆၄ဒသမ၆၈၆ ဒေါ်လာသန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၄၁၉၃၉ ဒသမ ၁၇၅ တန်၊ တန်ဖိုး ၅၅ ဒသမ ၉၁၃ ဒေါ်လာသန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၆၂၂၀၀ ဒသမ ၅၉၈ တန်၊ တန်ဖိုး ၁၁၁ ဒသမ ၃၆၂ ဒေါ်လာသန်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) တွင် ၄၁၉၆ ဒသမ ၈၅ တန်၊ တန်ဖိုး ၇ ဒသမ ၁၁ ဒေါ်လာသန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (စက်တင်ဘာလအထိ) တွင် ၃၆၇၀ ဒသမ ၇၅ တန်၊ တန်ဖိုး ၆ ဒသမ ၀၁၆ ဒေါ်လာ သန်း တင်ပို့နိုင်ခဲ့ကြောင်း စာရင်းများအရ သိရှိရသည်။

ရော်ဘာတင်ပို့မှုတွင် ယခင်က ဒေါ်လာငွေကြေးကို အသုံးပြု တင်ပို့ခဲ့သော်လည်း ၁-၂-၂၀၂၂ ရက်မှစ၍ ယွမ်ငွေကြေးကို အသုံးပြု၍ တင်ပို့ခွင့်ရရှိနေပြီဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံအစိုးရအနေဖြင့် လက်ရှိကာလတွင် ရော်ဘာအား ဘိန်းအစားထိုးသီးနှံ (Quota) စနစ်ဖြင့် တင်သွင်းခွင့်ပြုနေသဖြင့် ယခင်က ရော်ဘာတစ်တန်လျှင် ယွမ် ၃၀၀၀ ခန့် အခွန်ကောက်ခံလျက်ရှိရာမှ ဘိန်းအစားထိုးသီးနှံ (Quota) မှ တင်သွင်းခြင်းဖြစ်ပါက ၅၀ ရာခိုင်နှုန်းခန့် အခွန်လျှော့၍ ကောက်ခံလျက်ရှိကြောင်းနှင့် လက်ရှိတွင် ရော်ဘာ တင်သွင်းမှုအား Quota မှ တင်သွင်းခြင်းဖြစ်ပါက အခွန်ကောက်ခံမှု မရှိဘဲ ကင်းလွတ်ခွင့်ပေးထားကြောင်း စုံစမ်းသိရှိရသည်။

သို့ပါ၍ မြန်မာပို့ကုန် လုပ်ငန်းရှင်များအနေဖြင့် ယခုအချိန်တွင် တရုတ်နိုင်ငံအစိုးရက ရော်ဘာအား ဘိန်းအစားထိုးသီးနှံ (Quota) မှ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသည့် ကာလအတွင်း အခွင့်ကောင်းတစ်ရပ်အဖြစ် တင်ပို့နိုင်ပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်သကဲ့သို့ ရော်ဘာစိုက်သူများနှင့် ရော်ဘာတင်ပို့သည့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အခွင့်ကောင်းရရှိသည့်ကာလအတွင်း ရော်ဘာ ပိုမိုတင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်သင့်သည့် ကာလတစ်ခုဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်**



# သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံ ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ဖြစ်ပေါ်ခဲ့သော သစ်သီးဝလံဈေးနှုန်းများမှာ ပြည်မှ ဆီးသီး(အချဉ်သီး) အလုံးကြီး သေတ္တာ ၁၃ ပြည်ပါ ကျပ် ၁၅၀၀၀၊ အလုံးလတ် ခုနစ်ပြည်ပါ ကျပ် ၈၅၀၀၊ အင်းလေးမှ လိမ္မော်သီး တစ်ပိဿာ အလုံးကြီး ကျပ် ၃၀၀၀၊ အလုံးလတ် ကျပ် ၂၀၀၀၊ အလုံးသေး ကျပ် ၁၅၀၀၊ ပလောင်မှ လိမ္မော်သီးတစ်ပိဿာ အလုံးကြီး ကျပ် ၂၅၀၀၊ အလုံးလတ် ကျပ် ၁၈၀၀၊ အလုံးသေး ကျပ် ၁၂၀၀၊ တောင်ကြီး မှ ထောပတ်သီး အလုံးကြီး သေတ္တာအလုံး ၂၀ လုံး နှင့် ၃၀ လုံးပါ ကျပ် ၁၂၀၀၀၊ အလုံးလတ် အလုံး ၃၀ လုံး နှင့် ၄၀ လုံးပါ ကျပ် ၈၀၀၀၊ အလုံးသေး အလုံး ၅၀ လုံးနှင့် ၆၀ လုံးပါ ကျပ် ၅၀၀၀ တို့ဖြစ်သည်။

တိုက်ကြီးမှ ပီလောပီနံ တစ်ပိဿာ အလုံးကြီး ကျပ် ၈၀၀၊ အလုံးလတ် ကျပ် ၄၀၀၊ ဟသ်ာတမှ ကန်စွန်းဥ တစ်ပိဿာ အလုံးကြီး ကျပ် ၁၂၀၀၊ အလုံးလတ် ကျပ် ၉၀၀၊ ၊ ပုပ္ပားမှ နဂါးမောက်သီး (အနီ) အလုံးကြီး တစ်ဖာ ၁၈ လုံးပါ ကျပ် ၁၂၀၀၀၊ အလုံးလတ် ၂၄ လုံးပါ ကျပ် ၈၀၀၀၊ အလုံးသေး ၃၀ လုံးပါ ကျပ် ၅၀၀၀၊ ပုပ္ပားမှ နဂါးမောက်သီး (အဖြူ) အလုံးကြီး တစ်ဖာ ၁၈ လုံးပါ ကျပ် ၁၀၀၀၀၊ အလုံးလတ် ၂၄ လုံးပါ ကျပ် ၆၀၀၀၊ အလုံးသေး ၃၀ လုံးပါ ကျပ် ၅၀၀၀၊ ကျောက်မဲ၊ ဝမ်းတွင်းမှ ဖရဲသီး (၈၅၅) အလုံးကြီး ကျပ် ၅၀၀၀၊ အလုံးလတ် ကျပ် ၃၀၀၀၊ အလုံးသေး ကျပ် ၂၀၀၀၊ အင်းမ၊ လှည်းကူးမှ ဖရဲသီး ၂၁၁ အလုံးကြီး ကျပ် ၃၀၀၀၊ အလုံးလတ် ကျပ် ၂၀၀၀၊ အလုံးသေး ကျပ် ၁၀၀၀၊ မှော်ဘီ၊ တိုက်ကြီးမှ မာလကာသီး (ကီလို) အလုံးကြီး ကျပ် ၅၀၀၊ အလုံး လတ် ကျပ် ၄၀၀ မှ ၃၀၀၊ အလုံးသေး ၂၀၀ ဈေးတို့ရှိကြောင်း သီရိမင်္ဂလာဈေးရှိ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP) မှ သိရှိရသည်။

**STDT (Yangon)**

# တည်ဦးကုန်း လက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်း အခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်ဦးကုန်းလက်ကားဈေးကြီးအတွင်းသို့ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရှိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ် (ပိဿာ) ကျပ် ၁၈၀၀ မှ ၂၅၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၁၀၀၀ မှ ၁၈၀၀ အတွင်း၊ ပန်းဂေါ်ဖီ (ထုပ်) ကျပ် ၈၀၀ မှ ၁၅၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၂၂၀၀ မှ ၂၃၀၀ အတွင်း၊ မုန့်လာဥနီ (ပိဿာ) ကျပ် ၁၃၀၀ မှ ၁၈၀၀ အတွင်း ရွှေဖရုံသီး (လုံး) ကျပ် ၁၅၀၀ မှ ၃၅၀၀ အတွင်း၊ ဘူးသီး (လုံး) ကျပ် ၁၃၀၀ မှ ၂၀၀၀ အတွင်း၊ မုန်ညှင်း (ထုပ်) (ပိဿာ)ကျပ် ၁၂၀၀ မှ ၂၅၀၀ အတွင်း၊ ကြက်သွန်နီ (ဆိပ်ဖြူ) ကျပ် ၃၀၀၀ မှ ၄၂၀၀ အတွင်း၊ ကြက်သွန်ဖြူ (ရှမ်း)(ပိဿာ)ကျပ် ၃၀၀၀ မှ ၃၈၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၆၀၀ မှ ၄၀၀၀ အတွင်း၊ ချင်း (ပိဿာ)ကျပ် ၁၂၀၀ မှ ၂၀၀၀ အတွင်း၊ ဆလတ်ရွက် (စီး) ကျပ် ၁၅၀ မှ ၃၀၀ အတွင်း၊ ချဉ်ပေါင်ရွက် (စီး) ကျပ် ၆၀ မှ ၁၀၀ အတွင်း၊ ခရမ်းသီး (ရှည်) (ပိဿာ) ကျပ် ၁၂၀၀ မှ ၁၅၀၀ အတွင်း၊ သံပရာသီး(လုံး)ကျပ် ၂၀ မှ ၁၀၀ အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း) (ပိဿာ)ကျပ် ၂၂၀၀ မှ ၃၀၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး)ကျပ် ၁၀၀၀ မှ ၂၅၀၀ အတွင်းဖြစ်ကြောင်း သိရှိရသည်။

တည်ဦးကုန်း လက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီး အလုံးပေါင်း ၂၂၁၆၀၀ ကျော်၊ ခရမ်းသီး(ရှည်) (ပိဿာ) ၁၅၆၀၀ ကျော်၊ ဘူးသီး အလုံးပေါင်း ၄၇၈၅ ကျော်၊ ရွှေဖရုံသီး အလုံးပေါင်း ၁၀၅၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၃၉၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၂၁၁၀၀ ကျော်၊ မုန်ညှင်းထုပ်(ပိဿာ) ပေါင်း ၁၁၂၃၅ ကျော်၊ ဖရဲသီးလုံးပေါင်း ၂၆၄၀၀ ကျော် အသီးသီး ကုန်အဝင်ရှိကြောင်း သိရသည်။

**မြင့်မြင့်စန်း(ရန်ကုန်)**

# မော်လမြိုင်ကုန်စည်ဒိုင် ဈေးနှုန်းဈေးကွက်

မော်လမြိုင်ကုန်စည်ဒိုင်၏ ကုန်ဈေးနှုန်းပေါက်ဈေးများမှာ ရော်ဘာ RSS-3 မှိုင်းခံပြားတစ်ပေါင် ကျပ် ၁၂၀၀၊ ဒေသထွက် ၁၀၈ ပေါင် ဆန်တစ်အိတ် (အနိမ့်)ဈေးနှုန်း ဧည့်မထ ကျပ် ၄၂၀၀၀၊ ပေါ်ကွဲ ကျပ် ၅၀၀၀၀၊ ပေါ်ဆန်း ကျပ် ၅၇၅၀၀၊ ၂၀ ပိဿာဝင် ပဲတစ်တင်းဈေးနှုန်း ပဲတီစိမ်း ကျပ် ၄၁၀၀၀၊ မတ်ပဲ ကျပ် ၅၇၅၀၀၊ ပဲလွမ်းဖြူ ကျပ် ၄၂၀၀၀၊ ဗိုလ်ကိတ် ကျပ် ၃၉၀၀၀၊ ပဲပုပ် ကျပ် ၆၁၀၀၀၊ သစ်သီးဝလံတွင် ပန်းရောင်ကွဲကောသီး ကျပ် ၆၀၀ မှ ၁၈၀၀၊ ကွဲကောသီးအဖြူ ကျပ် ၆၀၀ မှ ၁၀၀၀၊ ရေထွက်ကုန် တစ်ပိဿာ ဈေးနှုန်း ငါးတန် ကျပ် ၂၂၀၀၊ ငါးမြစ်ချင်း ကျပ် ၄၁၀၀၊ တီလားဗီးယား ကျပ် ၇၃၀၀၊ ကင်းမွန်ကျပ် ၁၈၀၀၀ ၊ ကကတစ် ကျပ် ၁၃၀၀၀၊ ငါးကွန်းရှပ် ကျပ် ၈၃၀၀၊ ငါးပုတ်သင်(ငါးဗျက်) ကျပ် ၇၀၀၀၊ ပုစွန်ပျော့ ကျပ် ၁၃၀၀၀ မှ ၂၀၀၀၀၊ ရေချိုပုစွန်တုပ်(စိမ်း) ကျပ် ၂၀၀၀၀ မှ ၅၅၀၀၀ အသီးသီး ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ၂၀ ပိဿာဝင် ပဲတစ်တင်းဈေးနှုန်းတွင် ပဲအများစု ဈေးနှုန်းပြောင်းလဲမှု မရှိသော်လည်း မတ်ပဲတစ်တင်းလျှင် ကျပ် ၂၀၀၀ ဈေးနှုန်းကျဆင်းနေကြောင်း၊ သစ်သီးဝလံဈေးနှုန်း တည်ငြိမ်နေပြီး ရေထွက်ကုန် အများစု ဈေးနှုန်းကျဆင်းနေကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရသည်။

**ဝင်းမြတ် (ရာမညကုန်သွယ်မှုဗဟိုဌာန)**

# ပြည် ချင်းနှင့် ကြက်သွန်ဖြူ ဈေးကွက်

ယခုတစ်ပတ်တွင် ပြည်ပွဲရုံများသို့ တစ်ရက်လျှင် ချင်းအိတ် ၅၀၊ ၆၀ ခန့် ဝင်ရောက် နေသည်။ ဝင်ရောက်လာသော ချင်းများမှာ ချင်းအသစ်များဖြစ်ပြီး အရည်အသွေးကောင်းကာ အစိုဓာတ် အနည်းငယ်သာရှိ၍ အရောင်းအဝယ်ပုံမှန်ဖြစ်သည်။ ဝင်ရောက်မှုများသည့်အတွက် ဈေးအနည်းငယ်ကျလာသည်။ ကထိန်ရာသီဖြစ်သည့်အတွက် ခေါက်ဆွဲချင်း သမားများ အဝယ်လိုက်နေသည်။ ယခုတစ်ပတ် ချင်းတစ်ပိဿာလျှင် ပွဲရုံဈေး ကျပ် ၁၅၀၀-၁၆၀၀ သည် အိတ်ဆွဲဈေးဖြစ်ပြီး လက်လီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် ရောင်းချလျက်ရှိသည်။ ချင်းဖတ် တစ်ပိဿာလျှင် ကျပ် ၂၁၀၀ ဈေးဖြစ်ပြီး ယခင်တစ်ပတ်ကထက် ပွဲရုံဈေး တစ်ပိဿာပေါ်တွင် ၁၀၀ ကျပ် ဈေးထပ်မံကျဆင်းလာသည်။

ပြည်ဈေးကွက်သို့ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမှ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပတ်လျှင် ပိဿာ ၃၀ ဝင်ဆံ့သော အိတ် ၅၀-၁၀၀ အတွင်း အဝင်ရှိပြီး ကြူကုတ်မှာ ၁၃-၁၄ ပိဿာဝင်ဆံ့ပြီး တစ်ပတ်လျှင် အိတ် ၂၀၀ - ၃၀၀ မန္တလေးဘက်မှ အဝင်ရှိကြောင်း သိရသည်။ ယခုတစ်ပတ်တွင် ကထိန်အလှူများ ရှိနေသည့်အတွက် ပြည်မြို့နယ်အတွင်း ယခင်ထက် အရောင်းအဝယ် သွက်လျက်ရှိပြီး အခြားမြို့များမှလည်း ပုံမှန်ထက်ပို၍ အမှာများရှိကြောင်းသိရသည်။

ပြည်ဈေးကွက်အတွင်း ကြက်သွန်ဖြူ(ကြူကုတ်) လက်ကား (ပွဲရုံဈေး) တစ်ပိဿာလျှင် ကျပ် ၄၀၀၀ - ၄၂၀၀၊ လက်လီဈေး ကျပ် ၄၃၀၀ - ၄၅၀၀၊ ရှမ်းစ လက်ကား (ပွဲရုံဈေး) တစ်ပိဿာလျှင် ကျပ် ၃၂၀၀-၃၅၀၀-၃၈၀၀-၄၂၀၀၊ လက်လီဈေး ကျပ် ၄၀၀၀-၄၅၀၀ ဖြင့် ယခင်အပတ်များကပုံမှန်အရောင်းအဝယ်ဖြစ်နေရာမှ ယခုတစ်ပတ်တွင် အရောင်းအဝယ် သွက်လျက်ရှိသည်။

**ဆုမွန်ဆွေ၊ ဝင်းဝင်းခိုင်(ပြည်)**

# ခေတ်အလိုက် မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခဲ့မှု အခြေအနေနှင့် သင်ခန်းစာများ(၂)

(ယခင်တစ်ပတ်မှ အဆက်)

CJ

မြန်မာနိုင်ငံတော်အစိုးရသည် ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့သည် စပါးဝယ်ယူရေးလုပ်ငန်း၊ ဆန်စပါး သိုလှောင်ရေးလုပ်ငန်းနှင့် ဆန်ကြိတ်ခွဲရေးလုပ်ငန်းများတွင် မြန်မာတိုင်းရင်းသားများအနေဖြင့် နိုင်နင်းစွာ လုပ်ကိုင်လာနိုင်စေရန် လိုအပ်သော အစီအစဉ်များကို ချမှတ်လုပ်ကိုင်ခဲ့ကြောင်း၊ ယင်းအစီအစဉ်များတွင် တိုင်းရင်းသား ဆန်စပါးလုပ်ငန်းရှင်များအား ငွေအရင်းအနှီး ထုတ်ချေးငှားခြင်းများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေး စရိတ်အတွက် ဘဏ္ဍာငွေပံ့ပိုးမှု (Agriculture Financing) အပိုင်းဆွေးနွေးမှုတွင် ကိုလိုနီခေတ်က တောင်သူလယ်သမားများအား လယ်လုပ်စရိတ် ထုတ်ချေးသော ဌာနအမျိုးမျိုး၊ ပုဂ္ဂိုလ်အမျိုးအမျိုး ပေါ်ပေါက်ခဲ့ပြီး ဗြိတိသျှ အစိုးရအနေဖြင့် ၁၈၈၃ ခုနှစ် မြေယာဖွံ့ဖြိုးရေး အမတော်ဥပဒေ (Land Improvement Loans Act 1883) ၁၈၈၄ ခုနှစ်၊ လယ်ယာစိုက်ပျိုးရေး အမတော်ဥပဒေ (The agriculturist Loans Act 1884) တို့အရ ငွေချေးငှားမှုများ ရှိခဲ့ကြောင်း၊ အချို့အရပ်ဒေသများတွင် သမဝါယမအသင်းများက ထုတ်ချေးမှု၊ မြစ်ဝကျွန်းပေါ်ဒေသတွင် ဒေါ်ဆင်ဘဏ်က ငွေထုတ်ချေးမှုများရှိခဲ့ကြောင်း၊ အစိုးရအစီအစဉ်ဖြင့်ပေးသော ချေးငွေများဖြင့် မလုံလောက်၍ တောင်သူလယ်သမားများက ပုဂ္ဂလိက ငွေချေးသူမြန်မာ၊ တရုတ်နှင့် ကုလားလူမျိုးတို့ထံမှ ငွေချေးငှားမှုများ ရှိခဲ့ကြောင်း၊ အထူးသဖြင့် မြန်မာလယ်လုပ်စရိတ်ချေးငွေ စုစုပေါင်း၏ ထက်ဝက်ကျော်ကို ချစ်တီးများက ထုတ်ချေးခဲ့ကြောင်း၊ စစ်တွေခရိုင်တွင် ရခိုင်အမျိုးသား အစုစပ်ဘဏ်ပေါင်း ခုနစ်ခုကလည်း ငွေများချေးငှားခဲ့ကြောင်း ဆွေးနွေးမှုများအရ သိရသည်။

လယ်ယာမြေဖွံ့ဖြိုးရေး အမတော်ဥပဒေအရ ချေးငွေထုတ်ပေးခဲ့ခြင်းမှာ ရေလွှမ်းမိုးသော ဒေသများတွင် ဆည်ဖို့ခြင်း၊ ရေနုတ်မြောင်းတူးခြင်း စသည့် လယ်ယာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဖြစ်ပြီး နှစ်ရှည်ချေးငွေဖြစ်၍ ချေးငွေကာလမှာ ၃၅ နှစ်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ ပေးရသည့် အတိုးနှုန်းမှာ ၁၀ ရာခိုင်နှုန်း သတ်မှတ်ထားသော်လည်း ၁၉၂၆ ခုနှစ်အထိတိုင်အောင် ၆ ဒသမ ၂၅ ရာခိုင်နှုန်းသာ ပေးရကြောင်း သိရသည်။

စိုက်ပျိုးရေးအမတော် ချေးငွေကို ဥပဒေနှင့်အညီ လယ်ယာမြေပိုင်ဆိုင်သူများအပြင် လယ်ယာလုပ်ကိုင်သူများအနေဖြင့် လိုအပ်သည့် မျိုးစပါးနှင့် ကျွဲ၊ နွားများဝယ်ယူရန် အခြားစိုက်ပျိုးရေးလုပ်ငန်းများတွင် သုံးစွဲရန်အတွက် ချေးငှားနိုင်ကြောင်း၊ အတိုးနှုန်း သက်သာ၍ချေးငွေကို နှစ်နှစ်၊ သုံးနှစ်အတွင်း အတိုးနှင့်တကွ အရစ်ကျ ပြန်ဆပ်ခွင့်ရှိကြောင်း၊ ကိုလိုနီခေတ် တောင်သူလယ်သမားများအတွက် အစိုးရက ထုတ်ချေးသော အမတော်ကြေးများသည် အခြားပုဂ္ဂလိကမှ ချေးငွေများထက် အတိုးနှုန်း ၁၀ ရာခိုင်နှုန်းခန့် သက်သာမှုရှိသော်လည်း အမတော်ကြေး ဥပဒေအရ လုပ်ထုံးလုပ်နည်း များပြားခြင်း၊ တင်းကြပ်လွန်းခြင်းတို့ကြောင့် ငွေချေးငှားရန် အချိန်ကြာခြင်း၊ အစိုးရအမတော်ကြေး ရယူထားသူများကို ပုဂ္ဂလိက ငွေချေးသူများက ထပ်မံငွေချေးခြင်း မပြုကြသောကြောင့် လယ်သမားများအနေဖြင့် အစိုးရထံမှလည်း လုံလောက်စွာမရသည့်အပြင် အခြားမှလည်းထပ်မံချေး၍ မရသည့်အတွက် အခက်အခဲများစွာ ဖြင့် ရင်ဆိုင်ခဲ့ရကြောင်းလည်း သိရှိရသည်။

အင်္ဂလိပ်အစိုးရ၏ မူဝါဒအရ လယ်ယာမြေများကို တိုးချဲ့လုပ်ကိုင်ရန် ထုတ်လုပ်မှု မြှင့်တင်ခဲ့သဖြင့် လယ်လုပ်သူများ တိုးတက်များပြား လာခဲ့သော်လည်း လယ်စိုက်ပျိုးစရိတ် လိုအပ်သလောက်ကို အစိုးရကသော်လည်းကောင်း၊ မြန်မာငွေရှင် ကြေးရှင်များကသော်လည်းကောင်း လုံလောက်အောင် ချေးငှားနိုင်ခြင်း မရှိခဲ့သဖြင့် အိန္ဒိယပိုင် မဒရပ်ပြည်နယ်မှ ချစ်တီးလူမျိုးများက ငွေတိုးချေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လာကြကြောင်း၊ ၁၈၅၂ ခုနှစ်တွင် ရန်ကုန်သို့ ရောက်ရှိလာကြကာ ငွေချေးလုပ်ငန်း စတင်လုပ်ကိုင်လာကြကြောင်း၊ ၁၈၉၀ ပြည့်နှစ်မှ ၁၈၉၄ ခုနှစ်အတွင်း မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာနှင့် ရွှေဘိုမြို့များတွင် ချစ်တီးချေးငွေဆိုင်များ အသီးသီး ဖွင့်လှစ်ခဲ့ပြီး ၁၉၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးအနှံ့ လုပ်ငန်းခွဲပေါင်းများစွာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချစ်တီးငွေချေးအသင်းများအနက် နတ္တုကောတိုင်း (Nattunau tai) အသင်းသည် အကြီးဆုံးဖြစ်ပြီး ချေးငွေဌာနပေါင်း ၁၃၀၀ နီးပါး ဖွင့်လှစ်ခဲ့ကြောင်း၊ ချစ်တီးနှင့် တမီးလ်လူမျိုးများ အပါအဝင် ငွေချေးလုပ်ငန်းများသည် ရန်ကုန်မြို့ အောက်မြန်မာပြည်၊ အထက်မြန်မာပြည် ရှမ်းပြည်နယ်အပါအဝင် ၂၁၇ မြို့တွင် ချေးငွေလုပ်ငန်းလုပ်ဆောင်ခဲ့ကြောင်း၊ အဆိုပါ ချေးငွေလုပ်ငန်းများမှာ ၁၉၃၀ ပြည့်နှစ်တွင် ထုတ်ချေးထားသော ငွေပမာဏမှာ ကျပ် ၇၅ ကုဋေခန့်ရှိနိုင်ပြီး ၁၉၄၀ တွင် စုစုပေါင်းထုတ်ချေးငွေ ကျပ်ကုဋေ ၈၀ မှ ၁၀၀ ကျော်နီးပါးအထိရှိခဲ့ကြောင်း ဆွေးနွေးမှုများအရ သိရသည်။

> **လယ်ယာစိုက်ပျိုးရေး စီမံကိန်းအဖွဲ့ APB သည် ဆန်အမျိုးအစားအလိုက် အရည်အသွေး သတ်မှတ်ချက် (Specification) နှင့် အရည်အသွေးမမီပါက ဖြတ်တောက်နှုန်းများကို သတ်မှတ်ခဲ့ပြီး ၁၉၄၇ ခုနှစ် ဧပြီ ၂ ရက်တွင် ဆန်အမျိုးအစားအားလုံးအပေါ် ဖြတ်တောက်နှုန်းထားများကို ပြင်ဆင်သတ်မှတ်ခဲ့သည်။**

၁၉၄၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် စစ်အုပ်ချုပ်ရေး အစိုးရက မြန်မာနိုင်ငံ အုပ်ချုပ်ရေးကို မြန်မာနိုင်ငံအစိုးရ (Government of Burma) ကို လွှဲပြောင်းပေးခဲ့ပြီးနောက် လယ်ယာစိုက်ပျိုးရေး စီမံကိန်းအဖွဲ့ (The Agricultural Project Board -APB) ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ကြောင်း APB အဖွဲ့က ပြည်ပသို့ ဆန်တင်ပို့ရောင်းချမှုနှင့်ပတ်သက်၍ သုံးသပ်ခဲ့ရာ အားနည်းချက်များ တွေ့ရှိခဲ့ကြောင်း၊ ထို့ကြောင့် APB အဖွဲ့သည် ၁၉၄၇ ခုနှစ် အတွင်း မြန်မာနိုင်ငံ တင်ပို့ရောင်းချသည့် ဆန်များ၏ အဆင့်အတန်းအား စစ်မဖြစ်ခင်ကာလက တင်ပို့ခဲ့သော ဆန်များ၏ အဆင့်အတန်းအတိုင်း အမြန်ဆုံးရောက်ရှိအောင် ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဆန်အကဲဖြတ်အဖွဲ့ (Panels of Surveyors) အဖွဲ့များကို ဆန် အဓိကတင်ပို့သည့် ရန်ကုန်ဆိပ်ကမ်း၊ ပုသိမ်ဆိပ်ကမ်း၊ မော်လမြိုင်ဆိပ်ကမ်း၊ စစ်တွေဆိပ်ကမ်းများအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေး စီမံကိန်းအဖွဲ့ APB သည် ဆန်အမျိုးအစားအလိုက် အရည်အသွေး သတ်မှတ်ချက် (Specification) နှင့် အရည်အသွေးမမီပါက ဖြတ်တောက်နှုန်းများကို သတ်မှတ်ခဲ့ပြီး ၁၉၄၇ ခုနှစ် ဧပြီ ၂ ရက်တွင် ဆန်အမျိုးအစားအားလုံးအပေါ် ဖြတ်တောက်နှုန်းထားများကို ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း သိရသည်။

မြန်မာ့ဆန်များ ပြည်ပတင်ပို့ရာတွင် ဆန်စပါး ကျွမ်းကျင်သည့် နိုင်ငံခြားသားပိုင်နှင့် မြန်မာပိုင် ဆန်စပါးကုမ္ပဏီများအား အဝယ်တော်များအဖြစ် ခန့်ထားခြင်း၊ ဆန်အမျိုးအစားအလိုက် အရည်အချင်း သတ်မှတ်ချက်များ၊ ဖြတ်တောက်နှုန်းထားများကို မည်မျှပင်ကြိုးစား၍ ပြုလုပ်စေခဲ့သော်လည်း၊ လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့သည် ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ၎င်းပြဿနာများမှာ အိန္ဒိယ၊ မလေးရှား၊ သီဟိုဠ်၊နယ်သာလန် အစရှိသော နိုင်ငံများက ၎င်းတို့နိုင်ငံသို့ တင်ပို့သောဆန်များ၏ အရေအတွက် လျော့နည်းခြင်းကိစ္စ၊ ဆန်များကို သင်္ဘောတင်ရာတွင် ချိန်တွယ်ခြင်းမပြုဘဲ မူလကြိတ်ခွဲစဉ်က ချိန်တွယ်ခဲ့ပြီးသော ပေါင် ၁၆၀ ကို အခြေခံသော စနစ်ဖြင့် ရေတွက်ခြင်း ပြုလုပ်သဖြင့် ဆန်တစ်အိတ်ပျမ်းမျှ ပေါင် ၂၀ မှ ၃၀ အတွင်း လျော့နည်းကြောင်း သင်္ဘောကုမ္ပဏီများက တွေ့ရှိခြင်း၊ သင်္ဘောလိုင်း ကိုယ်စားလှယ်များက Bill of Lading (Bl) ထုတ်ပေးရမည့်ကိစ္စတွင် APB အဖွဲ့၏ Letter of Guarantee ထုတ်ပေးမှသာ ၎င်းတို့၏ BL ထုတ်ပေးမည်ဟု ပြောဆိုခြင်းများ အစရှိသည့် ပြဿနာများ ဖြစ်ကြောင်းသိရသည်။ APB သည် မြန်မာ့ဆန်အရည်အသွေးကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းကသာ သတ်မှတ်ပိုင်ခွင့်နှင့် အရည်အသွေး အငြင်းပွားမှု ဖြစ်ပေါ်ပါကလည်း မြန်မာနိုင်ငံက သတ်မှတ် ပြဋ္ဌာန်းထားသည့်အတိုင်း ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့် ရရှိရေးကို ကြိုးပမ်းခဲ့သည့် အခြေအနေဖြစ်ကြောင်း သိရသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

**(ဦးသန်းအောင်ကျော်မှ စုဆောင်းတင်ပြသည့်စာတမ်း)**

# တရုတ်နိုင်ငံ၏ ဉာဏပစ္စည်းမူပိုင်ခွင့် တရားစီရင်ရေးဆိုင်ရာ အကာအကွယ်တိုးမြှင့်

တရုတ်နိုင်ငံ၏ တရားရေးအေဂျင်စီများသည် သိပ္ပံနှင့် နည်းပညာတွင် မိမိကိုယ်ကိုအားကိုးမှုနှင့် နိုင်ငံအတွက် ပံ့ပိုးမှုတွန်းအားရရှိရန်အတွက် ဉာဏပစ္စည်းမူပိုင်ခွင့် (IPR) ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြီးတန်း တရားသူကြီးတစ်ဦးက အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ကြီးမားသောဒေတာ၊ ဉာဏ်ရည်တုနှင့် မျိုးရိုးဗီဇ နည်းပညာများကဲ့သို့သော ကဏ္ဍများတွင် ဉာဏပစ္စည်းမူပိုင်ခွင့် ကာကွယ်ရန်ကျိုးကြောင်းဆီလျော်၍ ယုတ္တိတန်သော စည်းမျဉ်းစည်းကမ်းများကို မိတ်ဆက်မည်ဖြစ်ပြီး လက်ဝါးကြီးအုပ်မှုနှင့် တရားမျှတမှု မရှိသော ယှဉ်ပြိုင်မှုကိုဆန့်ကျင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များကို မြှင့်တင်သွားမည်ဖြစ်သည်။ ၎င်းသည် အရင်းအနှီးဖွံ့ဖြိုးတိုးတက်မှုကို ထိန်းညှိရန်နှင့် လမ်းညွှန်နိုင်ရန် ပိုမိုကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံသည် ဉာဏပစ္စည်း မူပိုင်ခွင့် တရားစီရင်ရေးဆိုင်ရာ အကာအကွယ်ပေးရေးတွင် ထင်ရှားသော တိုးတက်မှုကိုရရှိခဲ့သည်။ ၂၀၁၃ ခုနှစ်မှ စတင်၍ ပထမအကြိမ်တွင် ပိတ်သိမ်းခဲ့သည့် ဉာဏပစ္စည်းမူပိုင်ခွင့် တရားစွဲမှုအရေအတွက်သည် စုစုပေါင်း ၂ ဒသမ ၇၄ သန်းရှိပြီး နှစ်စဉ်ပျမ်းမျှ ၂၄ ဒသမ ၅ ရာခိုင်နှုန်းတိုးလာကြောင်း ပြည်သူ့တရားရုံးချုပ် ဒုတိယဥက္ကဋ္ဌက တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ၏ အကြိမ်(၂၀)မြောက် အမျိုးသားကွန်ဂရက်ညီလာခံ ကျင်းပစဉ်ဆောင်ရွက်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် ပတ်သက်သည့် တရားစွဲဆိုမှုများတွင် အမှုအခင်းများမှာ မူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များ၊ စီးပွားရေးလုပ်ငန်း လျှို့ဝှက်ချက်များ၊ ပေါင်းစပ်ပတ်လမ်း ဒီဇိုင်းများ၊ အပင်မျိုးစိတ်အသစ်များ၊ ဒေသန္တရထုတ်ကုန်များ GI products၊ လက်ဝါးကြီးအုပ်မှုနှင့် တရားမျှတမှုမရှိသော ပြိုင်ဆိုင်မှုတို့ပါဝင်သော ကဏ္ဍများစွာကို လွှမ်းခြုံထားကြောင်း စားသုံးသူအခွင့်အရေးနှင့် အလုပ်အကိုင် ပုံစံသစ်ရရှိသူများ၏ အခွင့်အရေးများကို ပိုမိုကောင်းမွန်စွာ ကာကွယ်ထားကြောင်း၊ ပြည်သူ့တရားရုံးချုပ်လက်အောက်ရှိ ဉာဏပစ္စည်းမူပိုင်ခွင့် အထူးပြုတရားရုံး လေးရုံးကို ဘေဂျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုးနှင့် ဟိုင်နန် လွတ်လပ်သော ကုန်သွယ်မှု ဆိပ်ကမ်းတို့တွင် တည်ရှိပြီး ယင်းတို့သည် နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုတွင် ဉာဏပစ္စည်းမူပိုင်ခွင့် အမှုအခင်း ဖြေရှင်းရေးတွင် အဆင်ပြေချောမွေ့စေကြောင်း နိုင်ငံခြားကုမ္ပဏီများသည် တရုတ်နိုင်ငံ တွင် တန်းတူညီမျှတရား ဥပဒေဆိုင်ရာ အကာအကွယ်များ ရရှိစေရေးအတွက် အမြဲတစေ ကြိုးပမ်းမှုများနှင့်အတူ နိုင်ငံခြားကုမ္ပဏီများသည် ၎င်းတို့၏ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို တရုတ်တရားရုံးများတွင် ပြေလည်အောင် ဖြေရှင်းပေးခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ရင်းမြစ်။ yunnangateway.com**

**ဒေါက်တာဝေရီလင်း(စီးပွားရေးသံမှူး)**

# SAN DARA AUNG CO.,LTD
## (For Better Trade)

**We Carefully Handle Your Cargo**
**Our Services**

- Fumigation , Inspection & Documentation Services
- Customs Clearance Services
- Container Transporation Services



Export
Import

No.(71), Ground Floor, 31st Street , 9 Quarter,
Pabedan Township, Yangon.

HP : +95 9 5005553, +95 9 795005553 E-mail : sandaraaung71@gmail.com



# BENHUR Co.,Ltd.



## Authorized Distributor Brands

American Standard, GROHE, WS, sweethome, A.E BRASSWARE, VIGLACERA, JINGHUA, ANA, Hang Sanitary Products, SOLEX TOP SECURITY LOCKS & FITTINGS, CRW, 鷹牌陶瓷 Eagle Ceramics, Rheem, OCI ADHESIVES & SEALANTS, AWS Advanced Water Systems, ARINO Sensor Faucet, NOBILI The Best Technology for Water, BAXI, ecco, Polywood, CAN, DEKKO, OCEANO, SOUTHERN CABLE

日照钢铁控股集团有限公司
RIZHAO STEEL HOLDING GROUP CO.,LTD.

**HEAD OFFICE & YGN SHOWROOM (1)**
No. (3), Mindama Road, Hlaing Township, Yangon, Myanmar.
Hot Line : 09-678000067, gmail: info@benhurtrading.com, www.benhurtrading.com

**YGN SHOWROOM (2)**
Room No. 002/003/004, Building No. 25, Business Twin Tower (B), Damazedi Road, Beside Sanchaung Police Station, Sanchaung Township, Yangon, Myanmar. gmail: benhurmyaynigonesale@gmail.com

**MANDALAY SHOWROOM**
No.(891), Chan Mya Tha Yar Quarter, Pyigyitagon Township, Mandalay, Myanmar. gmail : benhurmdybranch@gmail.com



# TAUK SHUNN











Office : No.(A/2), Ba Yint Naung Road, Shwe Pin Lon Housing, 27 Ward,
North Dagon Townsahip, Yangon, Myanmar.

Ph : 09-5167132, 09-765167132, 09-955167132, 09-421068089, 09-794323154



# CNM®

CNM INDUSTRIAL LTD



Been funder over 1 year in Myanmar Background

**Experience 20 years.**

We are specialived in allde Woven Shirt. Monthly **100,00pcs**

We are Fleeble to after both **CMP & FOB**







BSCI

No.594/A, Pan Ta Pwint Taung Street.
Aout Wa Net Chaung, Hmaw Bi Township, Yangon, Myanmar.
Tel: (+59)9 3016 8233, (+95)9 5502 921
Fax : (95) 9 3016 8233
Email : (Fly):khinmaungmnt@gmail.com




OilTech
Your Preferred Oilfield Services Partner

Add : No.183, Makayar Min Thar Gyi Road Dagon Seikkan Industrial Zone (1), Yangon, Myanmar.
Ph : +95 9 961017934
Email : thiha.aung@oiltechgroup.com.sg, website : www.oiltechgroup.com.sg

### Our Yangon Facility

One Stop Services (OSS)

Warehousing and Storage, Logistics and Oilfield Machine Shop Services

- 1.3 acres open yard space avaliable.
- Open Yard are fully concreted and can handle high weights and loads.
- Compliance in services as per API RP 5C1.
- 16,000 sq-ft warehouse space available.
- Workshop equipped with compressed air supply and electrical utilities (optional)
- Besides Operators, service companies had registered their interests on facility rental





### Our Products and Services

One Stop Services (OSS)

Warehousing and Storage, Logistics And Oilfield Machine Shop Services

- 2.74 Acre Compound & 1.3 Acre of Open Yard Available

Crossovers (fabrication & repairs)

- Connectors:short lengths of casing or tubing used to change size.weight or connection type at a certain point in a string
  - API connections
  - premium connections (VAM, JFETC & NSCT)

Threaded Profile Nipples (Fabrication & Repairs)

- Run into the well on completion tubing to provide specific landing location for subsurface flow control equipment.
  - API connections
  - premium connections (VAM, JFETC & NSCT)

Vol: 22, No.22 Monday November 7 2022

# အလေးချိန် အတိုင်းအတာများ နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီစေရေး ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံထုတ်ကုန်များ ပြည်ပဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်နိုင်စေရေးအတွက် ပစ္စည်းအမျိုးအစား မှန်ကန်ခြင်းအပြင် မှန်ကန်သည့်တိုင်းတာမှုနှင့်အလေးချိန်မှန်ကန်ရန် အလွန်အရေးကြီးသည်။ မြန်မာ့စီးပွားရေးလုပ်ငန်းများသည် နာမည်ကောင်းရရှိစေရန် သမာသမတ်ကျရန် လိုအပ်သည်။သို့မှသာ စားသုံးသူများအနေဖြင့် မြန်မာ့ကုန်စည်များကို စိတ်ချယုံကြည်စွာ စားသုံးခြင်း၊ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာ့စီးပွားရေးအဖွဲ့အစည်းနှင့် အကျိုးတူ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ယုံကြည်မှုများ ရရှိခြင်းမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးကို ကျင့်သုံးရာတွင် နိုင်ငံတကာနှင့်ဆက်သွယ်ကုန်သွယ်ရသဖြင့် ပြည်ပတင်ပို့သည့် ကုန်စည်များအနေဖြင့် စံနှုန်းကိုက်ညီမှု မဖြစ်မနေ လိုအပ်သကဲ့သို့ ပြည်တွင်းတွင် ရောင်းနေသည့် ကုန်စည်များအတွက်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပြည်ပခရီး သွားလုပ်ငန်းများနှင့်ဆက်နွှယ်၍ ရောက်ရှိနေသော နိုင်ငံခြားသားများအတွက် မိမိနိုင်ငံအတွင်းရှိ ကုန်စည်များကို ယုံကြည်မှုရှိအောင်၊ ဝယ်ယူအသုံးပြုချင်စိတ်ရှိအောင်၊ ပိုက်ဆံသုံးစွဲချင်အောင် ဆွဲဆောင်ရာတွင် စံနှုန်းကိုက်ညီမှုသည် လိုအပ်သည့်အချက်တစ်ချက်အနေဖြင့် ပါဝင်သည်။

မြန်မာ့သမိုင်းတွင် သာလွန်မင်းတရားကြီးသည် အလေးချိန်ခွင်၊တင်းတောင်း စသည့်အတိုင်းအတာများကိုစနစ်ကျအောင်အရေးတယူ ဆောင်ရွက်ခဲ့ကြောင်း မှတ်သားသိရှိရသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း လယ်သမားများအတွက် အလွန်အရေးကြီးသော စပါးဝယ်ယူသည့် တင်းတောင်းအရွယ်အစားအမျိုးမျိုးဖြစ်နေသည်ကို မမေ့မလျော့ သုံးသပ်ပြီး စံကိုက်တင်းတောင်းဥပဒေကိုစနစ်တကျကျင့်သုံးဆောင်ရွက်ရန် မူဝါဒတစ်ရပ်အနေဖြင့် ချမှတ်ခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ ဆုံသောပမာဏ၏ အလေးချိန်များနှင့်အခြင်အတွယ်များဆိုင်ရာ အက်ဥပဒေ၊ အလျားတိုင်းထွာခြင်း အက်ဥပဒေ၊ တင်းတောင်းစံ ပမာဏအက်ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီး ထည့်သိုစရာကို စစ်ဆေး၍ မှန်ကန်ကြောင်း အမှတ်အသားဖြင့် တံဆိပ်ခတ်နှိပ်ရန် အာဏာပိုင်အဖြစ် ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားရှိသည်။

အဆိုပါဥပဒေများနှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်စည်ဒိုင်များဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲများကို ဦးဆောင်ကျင်းပပြုလုပ်ပေးခဲ့ပြီး Weight စနစ်မှ Volume စနစ်ကို ပြောင်းလဲသုံးစွဲရေး ကြီးကြပ်ပေးခဲ့သည်။ ပြည်ပတင်ပို့ရန်အတွက် ဆန်စပါး၊ ပဲနှမ်းအတွက် လိုအပ်သည့်အချင်အတွယ်စနစ်နှင့်ပတ်သက်၍ ပုဂ္ဂလိက အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ တောင်သူလယ်သမားများ၏ အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိသည်။

စပါးကုန်သွယ်ရောင်းဝယ်ခြင်း၌ စပါး ၄၆ ပေါင် တစ်တင်းဟု သတ်မှတ်ရာတွင် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိရမည်ဟု သတ်မှတ်ထားရာ ကုန်သည်ပွဲစားများအနေဖြင့် ဝယ်ယူရာတွင် ပါဝင်သည့် စပါး၏ အစိုဓာတ်၊ သန့်စင်မှု၊ ဖုန်၊ သဲ၊ ခဲ ပါဝင်မှုအမျိုးမျိုးအပေါ် မူတည်၍ ပေါင် ၅၀၊ ၅၂ပေါင် တစ်တင်း စံနှုန်းများဖြင့် ဝယ်ယူကြရာ ဒေသအမျိုးမျိုးတွင် စံနှုန်းအမျိုးမျိုး ကွဲပြားနေကြပါသေးသည်။ တင်းတောင်းကို စံကိုက်မှုမရှိသဖြင့် မသေချာသော သံသယဖြင့် မိမိဘက်၌အရှုံးမရှိစေရန် စပါးဈေးနှုန်းကို တတ်နိုင်သမျှ နှိမ့်ချ၍ ဝယ်ယူသည့်အခါ တောင်သူလယ်သမားရရှိသည့်စပါးဈေးနှုန်းမှာ နိမ့်ကျသွားသည်မျိုး ဖြစ်တတ်ကြသည်။ ဆန်ပြည်ပတင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှုဖြစ်စေ၊ နယ်စပ်ကုန်သွယ်ရေးမှုဖြစ်စေ ပိုမိုအဆင်ပြေစေရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကလည်း မြန်မာ့ဆန်စပါး စံချိန်စံညွှန်း၊ အလေးချိန် အခြင်အတွယ်ဆိုင်ရာများအား နိုင်ငံတကာစံနှုန်းနှင့်အညီ သတ်မှတ်ဆောင်ရွက်နိုင်ရေးစည်းရုံးပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ပတင်ပို့လျက်ရှိသော ပဲမျိုးစုံတွင်လည်း ထုပ်ပိုးမှုအပိုင်းတွင် အလေးချိန် အထူအပါး မတူညီသော ပီနံအိတ်ခွံများဖြင့် ထည့်သွင်း ထုပ်ပိုးရောင်းချနေကြရာ နိုင်ငံတကာဈေးကွက်တွင် အဆင်မပြေကြောင်း သိရသည်။ အိတ်ခွံအလေးချိန်ကို ၁၂ ဒသမ ၅ကျပ်သား သတ်မှတ်သည့်ပွဲရုံ၊ ၂၅ ကျပ်သား သတ်မှတ်သည့်ပွဲရုံ စသည်ဖြင့်အမျိုးမျိုးတွေ့ရသည်။လက်ရှိ ပီနံအိတ်ခွံ အရည်အသွေး တန်ဖိုးကို ဂရမ်အလိုက် သတ်မှတ်ဝယ်ယူရခြင်းဖြစ်ရာ ပဲစင်းငုံပဲအမျိုးအစားအတွက် အိန္ဒိယသို့တင်ပို့ရန် သတ်မှတ်ထားသည့်၁၂၀ ဂရမ် အိတ်ခွံကို သုံးစွဲကြသည်။ ပဲတစ်တင်းတွင် သတ်မှတ်ထားသည့် ပိဿာချိန် ၁၉ ပိဿာ၊ ၂၀ ပိဿာစသည်ဖြင့် ပွဲရုံများကချင်တွယ်ယူပြီး ပြည်ပ တင်ပို့ရောင်းချရာတွင် တန်ချိန်ဖြင့်သာ သတ်မှတ်ရောင်းချရသည့်အတွက် တင်း၊ ပိဿာ၊ တန် ဆက်သွယ်ချက်များ တွက်ချက်ကြပါသည်။ကုန်စည်ဒိုင်များအနေဖြင့်အရောင်းအဝယ်ဖြစ်သည့် ကုန်စည်များ၏ ဈေးနှုန်းများမှန်ကန်ရေး၊ ပစ္စည်းအရည်အသွေးနှင့် အမျိုးအစား မှန်ကန်ရေး၊အလေးချိန် တင်းတောင်း မှန်ကန်ရေး စသည်ဖြင့် အရောင်းအဝယ်မှန်ကန်အောင် ဖော်ဆောင်ပေးရန်မှာ အလွန်အရေးပါသည်။ သင့်လျော်သောဈေးနှုန်း မရရှိပါက တွက်ခြေကိုက်အောင် မသမာမှုများနှင့် အလေးခိုးယူခြင်း၊ ပစ္စည်းအညံ့များဖြင့် ရောနှော ရောင်းချခြင်းတို့ဖြစ်ပေါ်စေသည်။ ရောင်းသူနှင့်ဝယ်သူတို့အကြား တစ်ဖက်နှင့်တစ်ဖက် သမာသမတ်ဖြစ်ရေးအတွက် မှန်ကန်စွာ ထိန်းကျောင်းပေးရန်လည်း လိုအပ်သည်။ မြန်မာ့လယ်ယာထွက်ကုန်များ ကုန်သွယ်ရောင်းဝယ်ရာတွင် စံနှုန်းထားများ၊ အလေးချိန် အတိုင်းအတာများနှင့်ပတ်သက်၍ အလေး၊ တင်းတောင်း၊ အချိန်အတွယ်များကို တညီတညွတ်တည်းဖြစ်စေရေး အစိုးရနှင့် ပုဂ္ဂလိက အသင်း အဖွဲ့၊ ကုန်စည်ဒိုင်များ၊ တောင်သူလယ်သမားများအပါအဝင် အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အချင်အတွယ်များတွင် စပါး၊ ပဲမျိုးစုံကို တင်းတောင်းနှင့် ချင့်တွက်၍ အထွက်နှုန်းကို ဖော်ပြရာတွင် စပါး၊ ပဲမျိုးစုံကို တင်းရေဖြင့်၊ စားဖိုဆောင်သီးနှံကို ပိဿာဖြင့်၊ သစ်သီးဝလံကို လုံးရေဖြင့် ဖော်ပြသော်လည်း ထွက်ရှိမှုကို ပြည်ပတင်ပို့နိုင်ရေးအတွက် တန်ချိန်ဖွဲ့တွက်သည်။ သယ်ယူပို့ဆောင်စရိတ် ကားတန်ဆာခကို တစ်ပိဿာဈေးနှုန်း၊ တစ်တန်ဈေးနှုန်း စသည်ဖြင့် ကုန်စည်ပေါ် မူတည်သတ်မှတ်ကြကြောင်းတွေ့ရသည်။ လယ်တောယာတောတွင် အလေးချိန်စနစ်ကို ကူးပြောင်းရန် နေရာတိုင်းအဆင်မပြေသဖြင့် ပြည်ပတင်ပို့ခြင်းလုပ်ငန်းစဉ်တွင် အလေးချိန်စနစ်ကို သုံးစွဲရန် လက်ခံထားကြသည်။ မဖြစ်မနေ လိုက်နာရမည့် စံချိန်စံညွှန်းများနှင့် ဆန္ဒအလျောက် လိုက်နာရမည့် စံချိန်စံညွှန်းများအား ခွဲခြားသတ်မှတ်ခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာမည့်အကျိုးကျေးဇူး ရရှိမည်ဖြစ်သည်။

အခြားကဏ္ဍများကိုလေ့လာကြည့်ပါက ဆောက်လုပ်ရေးလုပ်ငန်းသုံး သဲနှင့်ကျောက်များအား ကျင်းနှင့်ချင်သည်။ ကွန်ကရစ်အား ကုဗမီတာနှင့်တွက်သည်။ သစ်ကိုတိုင်းတာရာတွင် အင်္ဂလိပ်၊ မြန်မာနှစ်မျိုးရော သုံးစွဲသည်။ ထို့ကြောင့် ဗြိတိသျှစနစ်၊ မက်ထရစ်စနစ်၊ မြန်မာ့ရိုးရာအတိုင်းအတာများကိုတွဲ၍ စုပေါင်းစပ်ပေါင်းစနစ် သုံးစွဲကြောင်း တွေ့ရသည်။ ထို့ကြောင့် ထုထည်ဆက်သွယ်ချက်၊အလေးချိန် အချင်အတွယ်ဆိုင်ရာ ဆက်သွယ်ချက်၊ ယူနစ်ပြောင်း ဇယားတို့ကို များစွာမှတ်သားထားရသည်။

စားသုံးဆီ ၁၀ပိဿာဝင်ပုံးဖြင့် ဆီစက်တွင် ဝယ်သည်၊ တစ်ပိဿာဈေးနှုန်းဖြင့် ၁၀ ပိဿာ ကျသင့်ငွေပေးချေခဲ့သည်။ အဆိုပါ ၁၀ ပိဿာဝင်ပုံး ပါကင်ပိတ်စားအုန်းဆီ တစ်ပုံးဝယ်ယူသည်ဆိုပါက အချို့က ၁၀ ပိဿာဟုပင်ထင်သည်။ ပုံးပေါ်တွင် ၁၈ လီတာဟုဖော်ပြထားသည်။ အပြင်ပေါက်ဈေး စားအုန်းဆီ တစ်ပိဿာဈေးနှုန်းကို ၁၀ဖြင့် မြှောက်တွက်ချက်၍ မရတော့ပါ။ တံဆိပ်အမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုးဖြစ်မည်။ ၁၈လီတာသည် ၁၀ပိဿာအလေးချိန်မရှိပါ။ ဈေးအတွင်းတွင် လက်လီ ဆီချင်ခွက်များဖြင့် ရောင်းဝယ်ဖြစ်နေဆဲဖြစ်သည်။ ၂၅ ကျပ်သား ဆီချင်ခွက်ဖြင့် အပြည့်ထည့်ပေးလိုက်သော်လည်း ခွက်အတွင်းပြန်ကပ်ပါသွားသည်ဟုဆိုကာ ခွက်မှောက်ခွက်လှန်စနစ်ကို ပြောင်း၍ လက်လီကိုလည်း ကတ္တားဖြင့်ချိန်တွယ်သည့်စနစ်နှင့် ကုန်အညွှန်းအမှတ်အသားပါသော ပါကင်စနစ်ကို ကူးပြောင်းနေပြီဖြစ်သည်။

**ရီလင်းထွန်း(မုံရွာ)**

# တိုးချဲ့စိုက်ပျိုးသင့်သည့် ဝင်ငွေကောင်းသော အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းသီးနှံသည် ပြည်တွင်းမွေးမြူရေးအစားအစာနှင့်ပြည်ပသို့ တင်ပို့ရောင်းချရန်အတွက် အရေးပါသော သီးနှံတစ်မျိုးဖြစ်သည်။ အစေ့ထုတ်ပြောင်းသီးနှံကို တောင်ပေါ်ဒေသများတွင် ဧကရီ၊ ရေဆင်းစပ်မျိုး(၃)နှင့် ရေဆင်းစပ်မျိုး(၅)တို့ကို အများဆုံးစိုက်ပျိုးကြပြီး မြေပြန့်ဒေသများတွင် ရွှေဝါ(၁)၊စူဝမ်(၃)၊ရေဆင်းစပ်မျိုး(၂)၊ ရေဆင်းစပ်မျိုး(၃)၊ ရေဆင်းစပ်မျိုး(၄) နှင့် ရေဆင်းစပ်မျိုး(၅)တို့ကို အဓိကထားပျိုးကြသည်။ အစေ့ထုတ်ပြောင်း စိုက်ပျိုးရာတွင် ရေစိမ့်ဝင်မှုကောင်း၍ ရေမဝပ်သောမြေ၊ နုန်းမြေ၊စနယ်မြေ၊ သဲနုန်းမြေ၊ မြေနီနှင့် စနယ်မြေနက်တို့တွင် အများဆုံး စိုက်ပျိုးကြသည်။ စိုက်ပျိုးရာတွင် မိုးရာ သီ တစ်ဧက အပင်အရေအတွက် ၂၃၀၀၀ မှ ၂၅၀၀၀၊ မိုးနှောင်း /ဆောင်းရာသီ တစ်ဧက အပင်အရေအတွက် ၁၇၀၀၀ မှ ၂၀၀၀၀ ထိ ရရှိအောင် စိုက်ပျိုးရန်လိုအပ်သည်။ တစ်ဧကတွင် ရှိသင့်သည့် အပင်အရေအတွက် မပြည့်ပါက အထွက်နှုန်း ကျဆင်းနိုင်သည်။ အပင်ပေါက်စုံပြီး ၁၄ ရက်သားတွင် မဖြစ်မနေ သားခွဲပြီး ပင်ခြေကို မြေဆွပေးရန် လိုအပ်ပြီး အပင်ပေါက်စုံပြီး ၃၅ မှ ၄၀ ရက်သားတွင် ဘောင်တင်ပေးရန် လိုအပ်သည်။ မြေအစိုဓာတ်ပေါ် မူတည်၍ မျိုးစေ့အတိမ်အနက်ကို နှစ်လက်မမှ နှစ်လက်မခွဲထား၍ စိုက်ပျိုးသင့်သည်။

သွင်းအားစုအနေဖြင့် နွားချေး သို့မဟုတ် သစ်ဆွေးမြေဩဇာနှင့် ဓာတ်မြေဩဇာများကို မြေမပြုပြင်မီ ညီညာစွာ ထည့်သွင်းရန် လိုအပ်ပါသည်။ အပင်တစ်လသားအရွယ်တွင် ကျရောက်တတ်သော ရွက်စားပိုးနှင့် ပျပိုး၊ ပန်းပွင့်ချိန်တွင် မိုးပြတ်ပါက ကျရောက်တတ်သော ပျပိုးများကို ထိသေ ပိုးသတ်ဆေးများဖြင့် အချိန်မီ နှိမ်နင်းရန်လိုအပ်သည်။ အစေ့ထုတ်ပြောင်းတွင် ကျရောက်တတ်သောရောဂါများကို ကာကွယ်ရန်အတွက် အပင်ပေါက်စုံသည်မှ လေးပတ်သားအထိ ပေါင်းလုံးဝကင်းစင်စေရန် ကြားပေါင်းလိုက်ပေးရန်လိုသည်။ အစေ့ထုတ်ပြောင်းစေ့အား နို့ရည်တည်ချိန်မှ စတင်၍ ဖျက်ဆီးတတ်သော ကြွက်၊ ခွေး၊ ကြက်တူးရွေးနှင့်ရှဉ့်တို့၏အန္တရာယ်အား ကာကွယ်ရန်လည်း လိုအပ်သည်။

ပြောင်းဖူးဖက်သည် အဝါရောင်သန်းပြီး အစေ့ထုတ်ပြောင်းရိုးညှာတွင် အညိုရောင်ကွင်းကို တွေ့ရချိန်တွင် ရိတ်သိမ်းရန် လိုအပ်ပြီး ရိတ်သိမ်းပြီး ချက်ချင်း ဖက်ခွာ၍ နေလှန်းရန်၊ ဖက်ခွာပြီး အဖူးများကို စုံပြုံထားခြင်း မပြုရ။ စုပုံထားသော အဖူးများတွင် မှိုအလွယ်တကူ တက်၍ အစေ့ထွက်နှင့် အရည်အသွေးပါ ကျဆင်းစေသည်။ ဖက်ခွာနေလှန်းခြင်းကို ငါးရက်မှ ခုနစ်ရက်ခန့်ပြုလုပ်ပြီး အစေ့ခြွေရန်နှင့် အစေ့များကို ထပ်မံနေလှန်းရန် လိုအပ်သည်။ အစေ့များကို အစေ့တွင်း အစိုဓာတ် ၁၅ ရာခိုင်နှုန်းအောက်ကျစေရန် နေလှန်းရန် လိုအပ်ပြီး နေလှန်းရာတွင် အထူ နှစ်လက်မခွဲမှ သုံးလက်မအထိ ညီညာစွာ နေလှန်းရန် လိုအပ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မိုးစိုက်ဧက ၂၁၀၆၀၈ ဧကနှင့် ဆောင်းစိုက်ဧက ၂၅၀၂၅ ဧက၊ စုစုပေါင်း ၂၃၅၆၃၃ စိုက်ပျိုးခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စက်တင်ဘာလကုန်အထိ မိုးစိုက်ဧက ၁၅၇၆၂၃ ဧကစိုက်ပျိုးကြောင်း၊ ကန့်ဘလူခရိုင်၊ ကလေးခရိုင်၊ ရွှေဘိုခရိုင်နှင့် စစ်ကိုင်းခရိုင်တို့တွင် အများဆုံး စိုက်ပျိုးပြီး ယခုနှစ်တွင် လုပ်အားခ များပြားခြင်း၊ လုပ်သားရှားပါးခြင်းနှင့် ရာသီဥတုအခြေအနေပေါ် မူတည်ပြီး အစေ့ထုတ်ပြောင်း(CP)ကို ပိုမို စိုက်ပျိုးလာကြကြောင်း၊ တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ်လေးသိန်းခန့် ကုန်ကျကြောင်း၊ ပေါက်ဈေးအနေဖြင့် ယခင်နှစ် အောက်တိုဘာလက တစ်တင်းလျှင် ကျပ် ၁၀၅၀၀၊ ယခုနှစ် တစ်တင်းလျှင် ကျပ် ၁၇၈၀၀ ရရှိပါသဖြင့် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ကျပ် ၇၃၀၀ပိုမိုရရှိကြောင်း၊ တစ်ဧကပျမ်းမျှအထွက်နှုန်းအနေဖြင့် တင်း ၇၀ ထွက်ရှိပါသဖြင့် တစ်ဧကဝင်ငွေအနေဖြင့် ကျပ် ၁၂ သိန်းကျော်ခန့် ရရှိပါသဖြင့် တစ်ဧက အကျိုးအမြတ်အနေဖြင့် ကျပ်ရှစ်သိန်းခန့် ရရှိကြောင်း၊ ပဲတီစိမ်းသီးနှံကဲ့သို့ လုပ်သားအင်အား အသုံးမပြုရသည့်အပြင် ပြည်တွင်းမွေးမြူရေးအစားအစာနှင့် ပြည်ပသို့ တင်ပို့ရောင်းချရန်အတွက် အရေးပါသော သီးနှံတစ်မျိုးဖြစ်သည့်အတွက် အစေ့ထုတ်ပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။

**တင်မာဝေ(မုံရွာ)**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးထုတ်ကုန်များ ပြပွဲနှင့် ဈေးရောင်းပွဲတော်

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးထုတ်ကုန်လုပ်ငန်းများပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၈နာရီက မကွေးခရိုင်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးထုတ်ကုန်လုပ်ငန်းရှင်များနှင့် ပြပွဲသို့လာရောက်ကြည့်ရှုကြသည့် ဧည့်ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

ပြပွဲတွင် ဆိုင်ခန်းပေါင်း ၈၀ ကျော်ဖြင့် ပြသလျက်ရှိပြီး တိုင်းဒေသကြီးအတွင်း တန်ဖိုးမြှင့်ထုတ်လုပ်သော ဒေသထွက်ကုန်များဖြစ်သည့် JUMJEL ဆီးနှင့်မန်ကျည်းဖျော်ရည်၊ ပုန်းရည်ကြီး၊ ပဲကြော်၊ အောင်လံဒေသထွက် ဇင်ယော်အမှတ်တံဆိပ်ပဲယို၊ နှမ်းယို၊ နှမ်းနက်ယို၊ မကွေးမြို့မှ ကောင်းမွန်အမှတ်တံဆိပ်BAKERY ၊ပဲယို၊ နှမ်းယိုနှင့် မိုမိုဒိန်ချဉ်၊ မင်းဘူး(စကု)ဒေသထွက် အေဝမ်းအမှတ်တံဆိပ် မီးဖိုများ၊ ကြယ်ဖြူအမှတ်တံဆိပ် ခေါင်းလျှော်ရည်နှင့် ဆပ်ပြာ၊ ဝင်းအမှတ်တံဆိပ် သဘာဝခေါင်းလျှော်ရည်နှင့် ဆပ်ပြာရည် ၊ ဆပ်ပြာခဲ၊ ပခုက္ကူဒေသထွက် Pro-1 Natural Shampoo လုပ်ငန်းမှ ရှန်ပူနှင့် ဆပ်ပြာများ၊ MOM အမှတ်တံဆိပ် ဒန့်သလွန်ခေါက်ဆွဲ၊ ဒန့်သလွန်ရွက်ခြောက်အမှုန့်၊ ချယ်ရီစံ ရှမ်းရိုးရာ စားသောက်ကုန်လုပ်ငန်းမှ နေကြာစေ့လှော်၊ ဆီတိုဟူးနှင့် ဒေသထွက် စပျစ်သီးတို့မှ တန်ဖိုးမြှင့်ထုတ်လုပ်ထားသည့် စပျစ်ဝိုင်၊ Good Right စပျစ်ဝိုင်လုပ်ငန်းမှ စပျစ်ဝိုင်နှင့် ငပိကြော်၊ ရွှေစင်အမှတ်တံဆိပ် အာလူးကြော်နှင့် မုန့်မျိုးစုံ၊ မင်းလှမြို့မှ ဒေသထွက်ကုန်တို့ကို တန်ဖိုးမြှင့်ထုတ်လုပ်ထားသည့် မခါနှင့်ညီအမများ သဘာဝဆိုးဆေး၊ လက်ရက်ကန်းလုပ်ငန်းမှ ချည်ထည်နှင့်သဘာဝဆိုးဆေး ပဝါမျိုးစုံ၊ ပခုက္ကူဒေသထွက်ဂဠုန်မင်းညီနောင်အထည်လုပ်ငန်းမှ ချည်ထည်စောင်၊ ပဝါ၊ ဂျစ်ကားဖိနပ်နှင့် အခြားဖိနပ်မျိုးစုံ၊ သက်ဦးစံ ရှင်မတောင်သနပ်ခါး၊ အမှုန့်၊ အခဲ၊အတုံး၊

**စန္ဒာစိုးလွင်(မကွေး)**

ဇီဝခွန်အား သဘာဝမြေဩဇာလုပ်ငန်းမှ သဘာဝမြေဩဇာ၊ သဘာဝပိုးပြေးဆေး၊ ထင်းအစားထိုး လောင်စာတောင့်များ၊ ပန်ထွာအမှတ်တံဆိပ်လောင်စာတောင့်များ၊ အမေထွားပဲဆီသန့်လုပ်ငန်းမှ ပဲဆီနှင့်နှမ်းဆီ၊ ငွေဇင်ယော်မြေပဲဆီလုပ်ငန်းမှ ပဲဆီသန့်များ၊ ရွှေတိမ်လွှာ ရွှေယာမြေ ပဲဆီသန့်လုပ်ငန်းမှ ပဲဆီသန့်များ၊ ကောင်းသန့်မြေပဲဆီစက်လုပ်ငန်းမှ ပဲဆီသန့်များ၊ ငဖဲမြို့မှ နတ်ရေကန်တောင်ပေါ် ဒေသထွက် စိုက်ပျိုးရေးတန်ဖိုးမြှင့်ထုတ်ကုန်ပြခန်းအနေဖြင့် ကော်ဖီ၊ ဝိုင်၊ လက်ဖက်ခြောက်၊ တိုင်းရင်းသားဝတ်စုံများ၊ သစ်ရာကောက်မှ မိုးခဆိတ်သားခြောက်မီးကင်၊နေခြည်အမှတ်တံဆိပ်အာလူးကြော်၊Daily ဒိန်ချဉ်နှင့် နွားနို့များ၊ မင်းဘူးမြို့နယ် ပေါက်ကုန်းကျေးရွာထွက်တောင်း၊ ဆန်ခါမျိုးစုံ၊ မဟူရာ စွမ်းအားနှမ်းလှော်မှုန့်လုပ်ငန်းမှ နှမ်းလှော်မှုန့်များ၊ Beik hano Thu ဘက်စုံသုံးဆပ်ပြာဆီလုပ်ငန်းမှ တိုင်းရင်းဆေးမျိုးစုံနှင့် ဘက်စုံသုံးဆပ်ပြာဆီများ၊ ခန့်ခန့်ဆီချက်ခေါက်ဆွဲလုပ်ငန်းမှ ဆီချက်ခေါက်ဆွဲ၊ မာလာရှမ်းကော၊ မာလာရှူးရှဲ၊ သိန်း သီတာအမှတ်တံဆိပ် ဂျုံခေါက်ဆွဲခြောက်၊ ဆန်ခေါက်ဆွဲခြောက်များကို ရောင်းချခဲ့သည်။

ထို့ပြင် ရေနံချောင်းမြို့ ဒေသထွက် စမတ်အမှတ်တံဆိပ် ငရုတ်သီးမှုန့်မျိုးစုံ၊ ခိုင်ဇော်ဦး ကြိမ်လက်မှုထည်လုပ်ငန်းမှ ခြင်းလုံး၊ကလက်၊ လက်ဆွဲခြင်း၊ တစ်ရှူးဘောက်နှင့်ဦးထုပ်များ၊ ယောဇကေရီ ပိုးထည် ချည်ထည်များ၊ တောင်တွင်းကြီးမြို့မှ ဝါစေ့ဆီနှင့် ဝါထွက်ပစ္စည်းမျိုးစုံ၊ 9 COLOUR သွပ်ပြားမျိုးစုံ၊ မောင်မော်၊ ချိုက်ကွမ်းညှပ်နှင့် ကတ်ကြေးလုပ်ငန်းမှ ကတ်ကြေး၊ ကွမ်းညှပ်၊ ဓား၊ မီးညှပ်၊ တာလဘာ၊ဆီမီးခွက်နှင့် မုန့်လင်မယားဗန်းများ၊ ပွင့်ဖြူမြို့ ရတနာစိန်ဆန်စက်လုပ်ငန်းမှရောပဒေသာဆန်များ၊ ကောင်းသန့်ဆန်စက်လုပ်ငန်းမှ ကုန်းဇောင်းဧရာပဒေသာဆန်များ၊ ပွင့်ဖြူမြို့ ကောင်းရမြတ်ဆန်စက်လုပ်ငန်းမှ ကုန်းဇောင်းဧရာပဒေသာဆန်များ၊ ဖူးပွင့်ကုမ္ပဏီမှ ပေါ် ဆန်းမွှေးနှင့် ဆန်အနက်၊ စိန်ပန်းခိုင်း ပျိုးဥယာဉ်လုပ်ငန်းမှ ပျိုးပင်မျိုးစုံ၊ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ နှမ်း၊ မြေပဲ၊ ပဲတီစိမ်းနှင့် ယာသီးနှံများ၊ သရက်မြို့ ဒေသထွက် ရွှေဟင်္သာနို့ထွက်ပစ္စည်းလုပ်ငန်းမှ မလိုင်လုံး၊ အခြောက်၊ အခဲ၊ အိုးမလိုင်များ၊ မင်းခန့် ရှင်မတောင် သနပ်ခါးလုပ်ငန်းမှသနပ်ခါးမျိုးစုံနှင့် နိဗ္ဗာန်ကုန်များ၊ Ruby Super Bocashi တောင်သူအကျိုးပြုအကောင်းဆုံး သဘာဝမြေဩဇာလုပ်ငန်းမှ မြေဩဇာအမျိုးမျိုး၊ ပခုက္ကူဒေသထွက် ချည်ထည်၊ သနပ်ခါး၊ ပုန်းရည်ကြီး၊ ဆီးယို၊ ဆီးဖျော်ရည်၊ နတ်မောက်မြို့ ဆောင်းအင်ကြင်းအမှတ်တံဆိပ် သဘာဝစပျစ်သီးခြောက်များ၊ လှယဉ်ကျေးမယ်ယိုစုံလုပ်ငန်းမှ သရက်ယို၊ ဆီးယို၊ သံပရာယို၊ ရှောက်ချိုမျှင်များ၊ စိုးမိုးအောင်သံသေတ္တာနှင့် သံဖြူမျိုးစုံ၊ မကွေးတိုင်းဒေသကြီး ရေသန့်စက်ရုံများအသင်းမှ ရေသန့်မျိုးစုံ၊ ရွှေလက်ရာ အုန်းသီးခြောက်၊ လက်မှုအနုပညာလုပ်ငန်းမှ အုန်းသီးခြောက် လက်မှုထည်များ၊ ပခုက္ကူဒေသထွက် ဒန့်သလွန်နှင့် လျှော်ဖြူထုတ်ကုန်များ၊ မကွေးဒိန်ချဉ်လုပ်ငန်းမှ ဒိန်ချဉ်၊ TipTop အမှတ်တံဆိပ်ရွက်ဖျန်းမြေဩဇာများ၊ ပျားနှင့်ပျားထွက်ပစ္စည်းများလုပ်ငန်းမှ ပျားရည်များ၊ မေတ္တာရှင်အမှတ်တံဆိပ် တိုင်းရင်းဆေးမျိုးစုံ၊မြထည်ဝါကြာချည်လုပ်ငန်းမှ ကြာချည်၊ ကြာစေ့၊ ကြာဝတ်ဆန်များ၊ Good Brother မှ လယ်ယာသုံးစက်ကိရိယာများအား ရောင်းချခဲ့သည်။

အဆိုပါဈေးရောင်းပွဲတော်ကို နေ့စဉ် နံနက် ၇ မှ ည ၈ နာရီအထိ ဖွင့်လှစ်ပြသရောင်းချခဲ့ပြီး ညစဉ် ညနေ ၆နာရီမှ ည၈နာရီထိ မိဘပြည်သူများ ရယ်မောခြင်းဖြင့် ဘဝအမောများပြေစေရန် အငြိမ့်ပွဲဖြင့်လည်းကောင်း၊ လူငယ်များအတွက် ခေတ်ပေါ် တီးဝိုင်းနှင့် DJ တို့ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေခဲ့ကြောင်းနှင့် ဒေသတွင်း ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ မကွေးခရိုင် အားကစားကွင်းအတွင်း စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးထုတ်ကုန်လုပ်ငန်းများ ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို ပြုလုပ်ခြင်းအားဖြင့် တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ ထုတ်ကုန်များအတွက် အခွင့်အလမ်းကောင်းများစွာ ရရှိနိုင်မည်ဖြစ်သည့်အပြင် မိဘပြည်သူများအနေဖြင့်လည်း တစ်နေရာတည်း၌ ဒေသထွက်ကုန်များကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခြင်း၊ ဈေးနှုန်းသက်သာစွာ ဝယ်ယူအားပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာကို ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက်ရော မိဘပြည်သူများအတွက်ပါ အကျိုးများစေမည့် ဈေးရောင်းပွဲတော်အခမ်းအနားတစ်ခုဖြစ်ကြောင်းနှင့် ထိုကဲ့သို့သောဈေးရောင်းပွဲတော်များကိုလည်း စဉ်ဆက်မပြတ် နှစ်စဉ်ကျင်းပပေးသင့်ကြောင်း ရေးသားတင်ပြလိုက်ရသည်။

**Commerce ကာတွန်း**



## မြန်မာ့ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစိုးရက ဆောင်ရွက်ပေးမှုများ (၁)

**မောင်စားသုံး**

ကျွန်တော်တို့၏ ဘိုးဘွားများက ပြောကြားခဲ့ဖူးသည့် ဆိုရိုးစကားလေးကို သတိတရဖြစ်မိသည်။ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ ဟူသည့်ဆိုရိုးရှိခဲ့သည်။ ယခင်က မြန်မာပြည်တွင် ဤမျှအထိ စပါးများ ပေါများစွာ ထုတ်လုပ်ထွက်ရှိခဲ့သည့်သဘော ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ချုပ်၏ တာဝန်ရှိသူတစ်ဦးက အရှေ့တောင်အာရှ၏ စပါးကျီ ဗမာပြည်ဟု ဂုဏ်ပြုမှတ်ချက်စကား ပြောကြားခဲ့ခြင်းဖြစ်ပေမည်။ ကမ္ဘာတွင် ဒုတိယကမ္ဘာစစ်ကာလက တစ်ကမ္ဘာလုံးနီးပါး စားနပ်ရိက္ခာ အခက်အခဲဖြစ်ချိန်တွင် မြန်မာပြည်မှဆန်များကို ဈေးနှုန်းချိုသာစွာဖြင့် အကြွေးစနစ်ဖြင့် ရောင်းချဖြည့်စွမ်းပေးနိုင်ခဲ့သည်သာမက ငွေကြေးအခက်အခဲ ကြုံတွေ့ရလျက်ရှိသော ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ လှူဒါန်းပေးနိုင်ခဲ့သဖြင့် ထိုနိုင်ငံများသည် ယနေ့အထိ မြန်မာနိုင်ငံအား ကျေးဇူးတင်မဆုံးဖြစ်နေသည်။

မြန်မာနိုင်ငံ၏ အဓိကထုတ်ကုန်သည် ဆန်စပါးဖြစ်သည်။ ဆန်စပါးသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၏အသက်သွေးကြောဖြစ်သည်။ ထို့ကြောင့် အစိုးရအဆက်ဆက်၏ ဦးတည်ချက်များတွင် စိုက်ပျိုးရေးကိုအခြေခံ၍ဟူသည့် ဦးတည်ချက် အမြဲပါဝင်သည်ကို သတိထားမိသည်။ မြေသည် တိုးပွားလာသည်မဟုတ်ပေ။ နေထိုင်သည့်ဦးရေသာ တိုးပွားလာနေသည်။ တိုးပွားလာသည့် လူဦးရေအတွက် ရိက္ခာလုံလောက်မှုရှိစေရေး ဆန်စပါးကဏ္ဍကို သမားရိုးကျပုံစံများအတိုင်း ဆောင်ရွက်နေ၍ မဖြစ်ပေ။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ပုဂ္ဂလိက၊ တောင်သူများပူးပေါင်း၍ ကြံဆဆောင်ရွက်သွားရမည်ဖြစ်သည်။ စက်မှုလယ်ယာစနစ် ကူးပြောင်းရမည်။ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားဖြစ်အောင် လုပ်ရမည်။ အထွက်တိုးအောင်လုပ်ရမည်။ ခေတ်မီနည်းပညာများသုံးစွဲရမည်။

သို့မှသာ ပြည်တွင်းရိက္ခာဖူလုံသည့်အပြင် ပိုလျှံသည့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို ပြည်ပသို့အရည်အသွေးပြည့်မီစွာ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အစိုးရ၏အခန်းကဏ္ဍသည် အဓိက အရေးပါလျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုကိုခံယူကာ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ထုတ်ပြန်ထားသော မူဝါဒ၊ ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်။)**


## မြန်မာ့ကော်ဖီကုန်ကြမ်း ၇၅ ရာခိုင်နှုန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့

ယခုနှစ်အတွင်း မြန်မာ့ကော်ဖီကုန်ကြမ်း ၇၅ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၁ခုနှစ် ကော်ဖီရာသီက ထွက်ရှိသည့် ကော်ဖီကုန်ကြမ်းများကို ပြည်ပသို့ တင်ပို့နိုင်ခဲ့သည့်အပြင် ပြည်တွင်း၌ပါ ရောင်းချနိုင်ခဲ့သည့်အတွက် လက်ရှိတွင် ကော်ဖီကုန်ကြမ်း လက်ကျန်မရှိတော့ကြောင်း ယင်းအသင်းနာယက ဦးရဲမြင့်က နိုဝင်ဘာ ၂ ရက်တွင် ပြောသည်။

ပြည်တွင်းမှ နှစ်စဉ် ကော်ဖီတန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ ကြားထွက်ရှိကာ ၇၅ ရာခိုင်နှုန်းကို ပြည်ပသို့တင်ပို့ခဲ့ပြီး ကော်ဖီတစ်တန်လျှင်အမြင့်ဆုံးဈေး အမေရိကန်ဒေါ်လာ ၈၃၀၀ ဝန်းကျင်မှ အနိမ့်ဆုံး ၅၅၀၀ ဝန်းကျင်ရရှိခဲ့ကြောင်း ဦးရဲမြင့်က ပြောသည်။

"ကျွန်တော်တို့ ပြည်တွင်းမှာ မနှစ်ကထွက်တဲ့ ကော်ဖီကုန်ကြမ်းက ဒီနှစ်မှာ လက်ကျန် မရှိတော့ဘူး။ရာသီချိန်က ပြည်တွင်းကော်ဖီကုန်ကြမ်းတွေက အခု နိုဝင်ဘာကနေ စရတော့မယ်။ ကမ္ဘာ့ကော်ဖီစိုက်တဲ့နေရာတွေမှာက အထွက်နည်းတော့



ကျွန်တော်တို့ ကော်ဖီက ဒီနှစ်ရာသီမှာဈေးကောင်းရနိုင်တယ်"ဟု ၎င်းက ပြောသည်။

ကော်ဖီရာသီချိန်မှာ ယခု နိုဝင်ဘာလတွင် စတင်ပြီဖြစ်ရာ စိုက်ပျိုးချိန်တွင် ရာသီဥတု ကောင်းမွန်ခဲ့သောကြောင့် အထွက်နှုန်းကောင်းမွန်နိုင်သည်ဟု ဆိုသည်။

မြန်မာနိုင်ငံမှ အထူးတန်းဝင် Speciality Coffee ကို အမေရိကန်၊ ကနေဒါနှင့် အီးယူနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ပြီး အရည်အသွေးတစ်ဆင့်နိမ့် ကော်ဖီများကိုတော့ ဂျပန်၊ ကိုရီးယား၊ အာဆီယံနိုင်ငံများနှင့် တစ်ကမ္ဘာလုံးသို့ တင်ပို့လျက်ရှိကာ ထိုင်းနိုင်ငံမှလည်း ဝယ်လိုအား မြင့်တက်လာကြောင်း သိရသည်။

"ပို့ကုန်အစားထိုး တင်ပို့မှုမှာ ကော်ဖီလုပ်ငန်းက အောင်မြင်မှုရလာတဲ့အတွက် အရည်အသွေးမြှင့် ထုတ်လုပ်ပြီး ပြည်ပတင်ပို့နိုင်ဖို့ လိုတယ်။ တခြားနိုင်ငံတွေက မြန်မာ့ကော်ဖီကို ကုန်ချောထုတ်ပြီး ရောင်းနေကြတာဆိုတော့ ကျွန်တော်တို့က ကုန်ကြမ်း ရောင်းစားနေရတဲ့ အနေအထားဖြစ်နေတယ်။ ကမ္ဘာ့ဈေးကွက်မှာ မြန်မာ့ကော်ဖီဖြစ်အောင် လုပ်ရမယ်"ဟု ဦးရဲမြင့်က ဆက်လက်ပြောကြားသည်။

မြန်မာ့ကော်ဖီကို Border Trade ၊ Normal Tradeတို့ဖြင့် ပြည်ပသို့ တင်ပို့နေခြင်းဖြစ်ရာ ကုန်ကြမ်းအဆင့်မှ ကမ္ဘာ့အဆင့်မီ ကုန်ချောအဆင့် ထုတ်လုပ်၍ ပြည်ပတင်ပို့နိုင်ရေးအတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်သောလုပ်ငန်းရှင်များ စည်းလုံးညီညွတ်ရန်နှင့် ဌာနဆိုင်ရာများက ကူညီပေးရန် လိုအပ်ကြောင်း ၎င်းက ပြောသည်။

လက်ရှိ ၂၀၂၂ ခုနှစ် နိုဝင်ဘာမှ လာမည့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်တွင်းမှ ကော်ဖီများ လှိုင်လှိုင်ပေါ်လာတော့မည်ဖြစ်ရာ ကော်ဖီ Export ရာသီဖြစ်သည့် မတ်လမှ မေလအတွင်း အမေရိကန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့ ကော်ဖီတန်ချိန် တစ်သောင်းဝန်းကျင် တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

## အာဆီယံအဖွဲ့ဝင် နိုင်ငံများထဲတွင် ထိုင်းက မြန်မာ၏အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်လာ

လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငါးလအတွင်း မြန်မာနိုင်ငံ၏ဒေသတွင်း ကုန်သွယ်ဖက် အာဆီယံနိုင်ငံများထဲတွင် နယ်နိမိတ်ချင်း ထိစပ်နေသည့် ထိုင်းနိုင်ငံက အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ထိုင်းနိုင်ငံနှင့်ကုန်သွယ်မှုမှာယခုဘဏ္ဍာနှစ် ငါးလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံနီးပါးအထိ ရှိနေပြီး ကုန်သွယ်မှုပမာဏ အများဆုံးပြုလုပ်ထားခြင်းဖြစ်သည်။

စင်ကာပူနှင့် ကုန်သွယ်မှုမှာတော့ ဒုတိယအများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံရှိကာ တတိယအနေဖြင့် အင်ဒိုနီးရှားနှင့် ကုန်သွယ်မှုပြုလုပ်ထားပြီး အမေရိကန်ဒေါ်လာ ၅၃၅ သန်းတန်ဖိုးရှိကြောင်း သိရသည်။

ထို့အတူ မလေးရှားနိုင်ငံနှင့်လည်း ကန်ဒေါ်လာ ၄၉၃ ဒသမ ၆၅ သန်း၊ ဗီယက်နမ်နှင့် ကန်ဒေါ်လာ ၂၂၂ ဒသမ ၅၆၈ သန်း၊ဖိလစ်ပိုင်နှင့်ကန်ဒေါ်လာ ၈၆ဒသမ ၄၃၃ သန်း ကုန်သွယ်မှုပြုလုပ်ထားကြောင်း သိရသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံနှင့်လည်း ကန်ဒေါ်လာ ၃ ဒသမ ၀၈၆ သန်း၊ ဘရူနိုင်းနှင့် ကန်ဒေါ်လာ ၃၀ ဒသမ ၁၆၆ သန်း ကုန်သွယ်မှုရှိခဲ့ပြီး လာအိုနိုင်ငံနှင့်ကုန်သွယ်မှုမှာတော့ ကန်ဒေါ်လာ ၁ သန်းအောက်သာရှိခဲ့ကာ ပမာဏ အနည်းဆုံးဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စာရင်းများအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုမှာ ငါးလတာကာလအတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော်ရှိခဲ့ကြောင်း သိရသည်။ယင်းပမာဏများမှာနယ်စပ်ကုန်သွယ်ရေးနှင့်ပင်လယ်ရေကြောင်းတို့မှတစ်ဆင့် ကုန်သွယ်နိုင်ခဲ့သည့် ပမာဏများဖြစ်ပြီး ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၉၂၇ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး ကန် ဒေါ်လာ ၃ ဒသမ ၆၆၇ ဘီလီယံကျော်ရှိကာ ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံနီးပါးရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့လယ်ယာထွက်ကုန်၊ ရေထွက် ကုန်ပစ္စည်းများအပြင် သတ္တုတွင်းထွက်ပစ္စည်းများကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး အစားအသောက်နှင့်အဖျော်ယမကာများ၊လျှပ်စစ်ပစ္စည်းများ၊မော်တော်ယာဉ်များနှင့်လူသုံးကုန်ပစ္စည်းများကို ပြန်လည်တင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်

## သုံးနှစ်အတွင်း သကြားတန်ချိန် တစ်သန်းတင်ပို့နိုင်ရန် စက်ရုံလေးရုံ တိုးချဲ့တည်ဆောက်နေ

လာမည့် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း ပြည်ပသို့ သကြားတန်ချိန် တစ်သန်းအထိ တင်ပို့နိုင်ရန်အတွက် စက်ရုံလေးရုံ တိုးချဲ့တည်ဆောက်နေကြောင်း သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စက်ရုံသစ်နှစ်ရုံနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် စက်ရုံသစ်နှစ်ရုံ စုစုပေါင်းစက်ရုံ လေးရုံကိုတိုးချဲ့တည်ဆောက်နေခြင်းဖြစ်ပြီး လာမည့် ၂၀၂၃ ခုနှစ်တွင် ပြီးစီးရန် မျှော်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် သကြားတန်ချိန် ငါးသိန်းခန့် ထုတ်လုပ်လျက်ရှိကာ လေးသိန်းခွဲခန့်ကို ပြည်တွင်း၌ စားသုံးနေပြီး ပိုလျှံ သကြားတန်ချိန် ငါးသောင်းကို တရုတ်နှင့် ဗီယက်နမ်နိုင်ငံများသို့ တင်ပို့ရောင်းချနေခြင်းဖြစ်သည်။

လက်ရှိတွင် ပြည်ပ Export ပုံမှန်သွားနေရပြီး ၆၅ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်း လဲလှယ်ခွင့်ရရှိထားခြင်းကြောင့် အဆင်ပြေသည့် အနေအထားတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းအပြင် သကြားဈေးကွက်အနေအထားကြည့်မည်ဆိုပါကလည်း လာမည့်ရာသီတွင် စားသုံးသူနှင့် တောင်သူများအားလုံး အဆင်ပြေမည့်ဈေးကွက်တစ်ခုဖြစ်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် သကြားစက်ရုံပိုင်ရှင်များအနေဖြင့် ယခုနှစ် ကြံရာသီအတွက် စက်ရုံအရောက်ဈေး တစ်တန်လျှင် ကျပ် ၉၀၀၀၀ အထိ ပေးဝယ်မည် ဖြစ်သောကြောင့် လာမည့်ရာသီတွင် သကြားဈေးကွက် ကောင်းမွန်လာနိုင်ကြောင်း သိရသည်။

ယခုနှစ်တွင် သကြားဈေးကောင်းရရှိနေသည့်အတွက် တောင်သူများအနေဖြင့် ကြံကိုတိုးချဲ့စိုက်ပျိုးလျက်ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် လေးသိန်းခန့်ထွက်ရှိကြောင်း ကြံစိုက် တောင်သူများထံမှ သိရသည်။

လက်ရှိ မြန်မာတစ်နိုင်ငံလုံးတွင် ခေတ်မီသကြားစက်ရုံကြီး ၂၃ရုံ၊ အသေးစား၊ အလတ်စားသကြားစက်ရုံ ၁၂၉ ရုံရှိကြောင်း သိရသည်။ ကြံစိုက်တောင်သူ စုစုပေါင်းအနေဖြင့် သုံးသိန်းကျော်အထက်တွင်ရှိနေပြီး ကြံစိုက်ဧက စုစုပေါင်း ၄ ဒသမ ၅ သိန်းကျော်ခန့်ရှိကာ ပိုမိုတိုးချဲ့စိုက်ပျိုးရန်အတွက်လည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

## ၂၀၂၇ ခုနှစ်အထိ မြန်မာ့ဆန် တန်ချိန် ၃ သိန်း ဘင်္ဂလားဒေ့ရှ်သို့ နှစ်စဉ် တင်ပို့ရောင်းချမည်

၂၀၂၇ ခုနှစ်အထိ မြန်မာ့ဆန် တန်ချိန် သုံးသိန်း ဘင်္ဂလားဒေ့ရှ်သို့ နှစ်စဉ်တင်ပို့ရောင်းချသွားမည်ဖြစ်ပြီး ယင်းအတွက် နှစ်နိုင်ငံအစိုးရတို့အကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

MoU အရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ် အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ်အများဆုံး ဆန်ဖြူ (White Rice) တန်ချိန် ၂ သိန်းခွဲနှင့် ပေါင်းဆန်တန်ချိန် ၅ သောင်းအထိ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

အဆိုပါ ဆန်များကို အစိုးရအချင်းချင်း သဘောတူညီချက်နှင့် ဝယ်ယူမည်ဖြစ်ပြီး ကုန်ကျစရိတ်၊ အာမခံငွေကြေး၊ သယ်ယူပို့ဆောင်စရိတ်အပါအဝင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၆၅ ဒသမ ၅၀ သတ်မှတ်ထားကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်က ဝယ်ယူမည့် မြန်မာ့ဆန်ဖြူမှာ အမျိုးအစားအပေါ် မူတည်၍ တစ်တန် (FOB-YGN) ကို စက်တင်ဘာလ ၆ ရက်အထိ အမေရိကန်ဒေါ်လာ ၃၆၀ မှ ၃၉၀ အထိ ပေါက်ဈေးရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ သိရသည်။

ပထမအကြိမ် ငါးနှစ်ဆက်တိုက် တင်ပို့မည့်အစီအစဉ်ကို လွန်ခဲ့သည့် ၂၀၁၇ ခုနှစ်က နှစ်ဖက်အစိုးရတို့ သဘောတူညီခဲ့ကြပြီး နှစ်စဉ် ဆန်ဖြူတန်ချိန် တစ်သိန်းခွဲနှင့် ပေါင်းဆန်တန်ချိန် ငါးသောင်းကို ယခု ၂၀၂၂ ခုနှစ်အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

နောက်ဆုံးအသုတ် ၂၀၂၂ ခုနှစ် ခွဲတမ်းအတွက် ဧည့်မထ (၅) မတ်ဆန် တန်ချိန် နှစ်သိန်းထဲမှ တန်ချိန် နှစ်သောင်းကျော်ကို တင်ပို့ထားနိုင်ပြီး တန် ၁၅၀၀၀ ကျော်ကို သင်္ဘောတင်နေဆဲဖြစ်ကာ ကျန်ရှိသည့် တန်ချိန် ၁၀၅၀၀၀ ကိုတော့ သတ်မှတ်ကာလအတွင်း ပြည့်မီအောင် တင်ပို့နိုင်ရေးဆောင်ရွက်နေကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လက်ရှိတွင် ဗီယက်နမ်နှင့် အိန္ဒိယတို့မှ ဆန်တန်ချိန် သုံးသိန်းကျော်ကို ဝယ်ယူနေပြီး အရန်ဆန်နှင့် ပြည်တွင်းဈေး တည်ငြိမ်စေရန်အတွက် ဆန်တင်သွင်းနိုင်ရေး ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်စားနပ်ရိက္ခာဝန်ကြီးဌာနက ပြောကြားထားသည်။

# “အမြင့်ဈေးနဲ့ ဝယ်ထားတဲ့ ကားတွေက အခု အရှုံးခံပြီး ပြန်ရောင်းရမယ့် ပုံစံမျိုး ပေါက်နေတာပေါ့”

## မော်တော်ကားရောင်းဝယ်ရေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးအောင်သန်းဝင်းနှင့် မေးမြန်းခြင်း

**ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း နိုင်ငံခြားငွေလဲနှုန်း မြင့်တက်ချိန် အရောင်းအဝယ်သွက်ခဲ့သည့် ပြည်တွင်းကားဈေးကွက် ယခုလအတွင်း အမြင့်ကားများ ဈေးပြန်ကျနေသလို ကားအရောင်းအဝယ် အေးစက်လျက်ရှိသည်။ ပြည်ပကားတင်သွင်းခွင့်ပါမစ်များ ရပ်ဆိုင်းထားချိန် ပြည်တွင်းကားစက်ရုံ တိုယိုတာမော်တော်ကားကုမ္ပဏီမှ ကားထုတ်လုပ်မှု စတင်မည်ဟု ကြေညာခဲ့သလို အီးဗွီ လျှပ်စစ်ကားများ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာတော့မည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ကားဈေးကွက် လှုပ်လှုပ်ခတ်ခတ် ဖြစ်ပေါ်လျက်ရှိရာ ယင်းသို့ ကားဈေးကွက် လှုပ်ခတ်လာမှုအခြေအနေ မည်သို့ဖြစ်ပေါ်နေသလဲဆိုခြင်းအား မော်တော်ကားရောင်းဝယ်ရေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးအောင်သန်းဝင်းနှင့် မေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**လတ်တလော ပြည်တွင်း ကားဈေးကွက် အခြေအနေလေး ပြောပြပေးပါဦး။**

ကားအရောင်းအဝယ်က အရင်တုန်းကတော့ သွက်တယ်။ နောက်ပိုင်းကျတော့ SKD တွေ ပြန်ပေးမယ်၊ လက်ရှိ သီလဝါတိုယိုတာကုမ္ပဏီကနေပြီးတော့ SKD ကားတွေ ထုတ်ပေးမယ်၊ ဒီပြင်ဟာတွေလည်း လာမယ်ဆိုတဲ့ ပုံစံမျိုးတွေဖြစ်နေတယ်။ နိုင်ငံတော်ကနေ တရားဝင် ကြေညာထားတာကတော့ တိုယိုတာတစ်ခုပဲလည်ပတ်နေသေးတာပေါ့။ ဆိုတော့ ဈေးကွက်အနေအထားက ရုတ်တရက် ရပ်တန့်သွားပြီးတော့ အရင်တုန်းက အမြင့်ဈေးနဲ့မိထားတဲ့ကားတွေက အခု အရှုံးခံပြီး ပြန်ရောင်းရမယ့် ပုံစံမျိုး ပေါက်နေတာ။ အထူးသဖြင့် ဘယ်ကိုင်းတွေပေါ့။ ဘယ်ကိုင်းတွေ ဈေးကျသွားတယ်ဆိုလို့ရှိရင်လည်း သူ့ရဲ့အနေအထားအရ အပေါ်ကားကျတယ်ဆို အောက်ကားက နည်းနည်းပါးပါးပါသွားတာပေါ့။ အထူးသဖြင့်ကတော့ ဂျပန်ကား ညာကိုင်းအသစ်တွေကတော့ ဈေးကျတော့ကျတယ်။ အရင်တုန်းက ဟွန်ဒါဖစ်လို အောက်ဆုံးကားတွေက တက်သွားတုန်းက ကျပ်သိန်း ၃၅၀၊ ကျပ်သိန်း ၄၀၀ ထိတောင် တက်သွားတာ၊ ပုံပြောင်းတွေ အခု ကျပ်သိန်း ၃၀၀ အောက် ခုန်ဆင်းကုန်ကြပြီ။ ဒါတောင် ရိုးရိုးပုံစံပုံမပြောင်းတဲ့ ဟွန်ဒါဖစ် ရှစ်၊ ကိုး၊ တစ်ဆယ်တို့ ဘာတို့ဆိုရင် သိန်း ၂၆၀ ပတ်လည် ဖြစ်ကုန်တာပေါ့။ အောက်ကားလေးတွေပေါ့။ သူလည်း အပေါ်ကားကျသလောက် ပြန်ကျတာပေါ့။ အဲ့သဘောပဲလေ၊ အခုက နိုင်ငံခြားကနေပြီးတော့ မော်တော်ယာဉ်တင်သွင်းခွင့်ကို ပိတ်ထားတယ်။ ဒါပေမယ့် ပြည်တွင်းမှာ ထုတ်လုပ်မှုကို ထပ်တိုးပြီးလုပ်လာမယ်ဆိုရင် အဆင်ပြေစေမှာဖြစ်ပါတယ်။ လက်ရှိမှာက ပြည်တွင်းထုတ်လုပ်မှု SKD ကားတွေပဲ ထိုးတက်သွားတာ။ တကယ်တမ်း ထုတ်တော့မယ်လို့ အသံလည်းကြားရော ဈေးကျသွားတာလည်း ဘယ်ကိုင်းတွေပဲ ဖြစ်နေတယ်။ အဲဒီတော့ နှင်လား ငါလား ထုတ်လာပြီဆိုလို့ရှိရင်တော့ ဈေးက ဆက်ကျဦးမှာပဲ။ လောလောဆယ်တော့ တိုယိုတာစက်ရုံကနေ SKD နဲ့ ထုတ်တဲ့ကားတွေ လည်ပတ်နေသေးတယ်။ အပြင်တော့ မရောက်သေးဘူးပေါ့။ အဲတော့ ဈေးကွက်က ပြန်ပြီးငြိမ်သွားတယ်။ အဝယ်သိပ်မရှိဘူး။ တကယ်သုံးမယ့်သူတွေ လိုအပ်သလောက်ပဲ ဝယ်ကြတယ်။ ကားဝယ်ရောင်းလုပ်တဲ့သူကတော့ အခုလောလောဆယ် ကားပြည့်နေရင်တော့ မဝယ်သေးဘူး။ သူဝယ်ထားတဲ့ ကားတွေက အမြင့်ဈေးနဲ့ကားဆိုတော့ ငွေလိုရင်တော့ အရှုံးခံ ချရောင်းမှာပဲ။ နည်းနည်းပါးပါးကိုင်ပြီး တစ်စီးစ၊ နှစ်စီးစ ရောင်းတဲ့သူကတော့ ဒါနဲ့လည်ပတ်ပြီးမှ စားသောက်နေရတာဆိုလို့ရှိရင် ငွေလိုရင်တော့ ချရောင်းမှာပဲလေ။ ချရောင်းလိုက်လို့ တန်တယ်ဆိုပြီး ဝယ်ပေးမယ့် ဈေးပေးမယ့်သူမှ မရှိတာ။ အရောင်းအေးနေတော့ ဈေးကို ကြိုက်ရောင်းကြိုက်ဝယ် ပုံစံမျိုး ဖြစ်နေတာပေါ့။


**ကားတင်သွင်းခွင့်ပိတ်ထားတော့ ဈေးကွက်ထဲရှိပြီးသားကားဈေး အခြေအနေ ဘယ်လိုရှိနေပါသလဲ။**

လက်ရှိ မော်တော်ယာဉ်တင်သွင်းမှု ပိတ်ထားတယ်။ ထုတ်လုပ်မှုအားကလည်း သိပ်မရှိဘူး။ ပြည်တွင်းမှာ သုံးစွဲမှုအားက များလာတယ်။ လူဦးရေက တိုးပွားလာတယ်။ ဒီကားက ဒီနှုန်းအတိုင်းပဲဆို မလောက်ဘူးပေါ့နော်။ ရန်ကုန်တစ်မြို့တည်း ကျပ်သိပ်နေတာ။ နယ်တွေမှာ ကားတောင်မရှိဘူး၊ အဲ့ပုံစံတွေဖြစ်နေတာ။ ကားဈေးအနေအထားကတော့ အလယ်အလတ်တန်းစား စီးနိုင်တဲ့ အနေအထားက ကျပ်သိန်း ၂၀၀ အောက်ကားဆို မစဉ်းစားနဲ့ မရှိဘူးဖြစ်နေတယ်။ အနိမ့်ဆုံး သိန်း ၂၅၀၊ သိန်း ၃၀၀ ကြားကားလေးတွေ အရောင်းအဝယ်ဖြစ်တယ်။ ကျပ်သိန်းတစ်ထောင် အပေါ်ဆိုတာလည်း တကယ်လိုအပ်တဲ့သူလောက်ပဲ ဖြစ်ကြတာ များတယ်။ အရင် သိန်း ၄၅၀ တန်တဲ့ကားတွေက သိန်း ၈၀၀၊ သိန်း ၉၀၀ ဖြစ်ကုန်တာ။ အခု ကျပ်သိန်း ၈၀၀၊ ၉၀၀ ဖြစ်တဲ့ကားတွေက ပြန်ကျတာ ကျပ်သိန်း ၆၀၀၊ ၇၀၀ လောက် ပြန်ဖြစ်လာပြီးတော့ ကျပ်သိန်း ၂၀၀ ဝန်းကျင်လောက် ပြုတ်ကျသွားတယ်။ အရောင်းအဝယ်ဖြစ်လားဆိုတော့ မဖြစ်ဘူး အေးနေတယ်။ ဒါပေမဲ့ ပြည်တွင်းထုတ်လုပ်မှု အနေအထားက ဒီတိုင်းပဲ ဆက်သွားနေမယ်ဆိုရင်တော့ ဈေးနှုန်းက တန့်သွားမှာပဲ။

**ပြည်တွင်းကားထုတ်လုပ်မှုမှာ SKD ကနေ CKD ထိ လုပ်ဆောင်ရာမှာ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်ပါသလဲ။**

SKD(Semi Knock Down ) ဆိုတာကတော့ တပ်ဆင်တာ၊ တပ်ဆင်ပြီးတော့ ရောင်းတာ၊ ထုတ်တာလို့ မခေါ်ဘူး။ CKD ကျတော့ တကယ်ကိုမှ CKD(Complete Knocked Down) ပုံစံမျိုးဖြစ်ချင်တာ။ ဒီထုတ်လုပ်မှုတစ်ခုလုံးကို ကကြီးကနေ အ အထိ ထုတ်လုပ်မယ်ဆိုလို့ရှိရင် ဒီစက်ရုံတွေမှာ လုပ်သားထောင်နဲ့ချီ အလုပ်ရသွားမယ်။ ဘော်ဒီပိုင်းဆို ဘော်ဒီပိုင်း၊ အင်ဂျင်ပိုင်းဆို အင်ဂျင်ပိုင်း ၊ ဝါယာရိန်းပိုင်းဆို ဝါယာရိန်း၊ အစကနေ အဆုံးထိ ထုတ်လုပ်တယ်ဆိုတော့ လုပ်သားအများကြီးလိုတယ်။ လုပ်သားအများကြီးလိုပြီဆိုတော့ နိုင်ငံခြားကိုသွားပြီး အလုပ်လုပ်စရာမလိုတော့ဘူး။ ပြည်တွင်းမှာတင် အလုပ်အကိုင်တွေ ရမယ်။ ယိုးဒယားနိုင်ငံကလည်း





**တိဗ္ဗ**

တိုယိုတာ ထုတ်တာပဲ ။ သူတို့နိုင်ငံမှာ အစကနေ အဆုံးထိ ထုတ်တာ။ တစ်စချင်း ဆင်တာမဟုတ်ဘူး။ အစ အဆုံး ထုတ်လိုက်နိုင်မယ်ဆိုလို့ရှိရင် စက်ရုံ၊ အလုပ်ရုံတွေ ပေါ်များလာမယ်။ မြန်မာနိုင်ငံမှာရှိတဲ့သူတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ များလာမှာဖြစ်ပါတယ်။ ဒီ CKD စနစ်ကို နိုင်ငံတော်က အားပေးပြီးတော့ လုပ်စေချင်ပါတယ်။ နောက်ဆုံး မလုပ်နိုင်ဘူးဆိုရင် တောင်မှ ဖက်စပ်လုပ်သင့်တယ်။ အခု Southeast တို့ ဘာတို့ဆို အင်ဂျင်က ဂျပန်ကလာတယ်။ ဂီယာဘောက်က ဂျာမနီ၊ ဘော်ဒီပိုင်းက တရုတ် အဲလိုပဲမှာတာ၊ CKD စနစ်ကို အခုတော့မလုပ်နိုင်သေးဘူးပေါ့။ ဒါပေမဲ့ မလုပ်နိုင်သေးရင်တောင်မှ အင်ဂျင်လုံးက ဘယ်ကုမ္ပဏီက မှာတယ်၊ ဒီမှာ အကုန် ဆေးမှုတ်၊ ဒီမှာ အစအဆုံး လုပ်တဲ့သဘောပါပဲ။ အဲတော့ CKD စနစ်ကို လုပ်လိုက်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်း ပေါပေါများများ ဖြစ်လာမှာဖြစ်ပါတယ်။

**အီးဗွီ လျှပ်စစ်ကားတွေ ပြည်တွင်းထဲ ဝင်ရောက်လာတော့မယ်ဆိုတော့ ဈေးကွက်ရဲ့ စိတ်ဝင်စားမှုအခြေအနေ ဘယ်လိုရှိနေပါသလဲ။**

လက်ရှိမြန်မာပြည်မှာ ပထမဆုံးသွင်းတဲ့ ကားကတော့ နစ်ဆန်းက သွင်းတဲ့ကားပါ။ ဒီကားက ရန်ကုန်လိုင်စင် မပေးဘူး၊ နယ်လိုင်စင်ပဲ ပေးတာပါ။ အနီးဆုံးဆို ပဲခူးတော့ပေးတာပေါ့။ ရန်ကုန်လိုင်စင်လိုချင်တယ်ဆို ရန်ကုန်စလစ်ကပ်၊ ရန်ကုန်စလစ်က သိန်း တစ်ရာကျော်ရှိတာကိုးကားကတော့ ကောင်းတယ်၊ ဘက်ထရီရဲ့ ခံနိုင်ရည်အားက လိုသေးတာပေါ့။ အီးဗွီ လျှပ်စစ်ကားတွေ ပြည်တွင်းမှာ အံဝင်ဖို့ဆို အရေးကြီးတာ နေရာတိုင်း မီးမှန်ဖို့လိုအပ်ပါတယ် ။ ဆိုလိုတဲ့သဘောကတော့ လမ်းတွေမှာ အဲဒီမီးပေးတဲ့ ဘုတ်လေးတွေရှိရင် ပိုကောင်းမှာပေါ့။ နာရီဝက်၊ တစ်နာရီလောက် သွင်းလို့ရအောင် ထောင်ပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့။ အိမ်ကနေ မီးနဲ့သွင်းမယ်ဆိုရင်လည်း မီတာခကလည်း ရှိသေးတာပေါ့။ မီတာခနဲ့ ဆီဖိုးနဲ့ ပြန်ချိန်ရမယ့်သဘောရှိတာပေါ့။ ယနေ့ လျှပ်စစ်ကားတွေကို လက်ရှိကတော့ အခြေခံလူတန်းစား မစီးနိုင်သေးဘူးပေါ့။ အနိမ့်ဆုံး ကျပ်သိန်း ၁၅၀၀ လောက်ရှိတယ်။ ဒီသိန်းထောင်ကျော်တဲ့ ဈေးကျတော့ သိပ်အဆင်မပြေနိုင်သေးဘူးပေါ့။

> “
> **အရင် သိန်း ၄၅၀ တန်တဲ့ကားတွေက သိန်း ၈၀၀၊ သိန်း ၉၀၀ ဖြစ်ကုန်တာ။ အခု ကျပ်သိန်း ၈၀၀၊ ၉၀၀ ဖြစ်တဲ့ကားတွေက ပြန်ကျတာ ကျပ်သိန်း ၆၀၀၊ ၇၀၀ လောက် ပြန်ဖြစ်လာပြီးတော့ ကျပ် သိန်း ၂၀၀ ဝန်းကျင်လောက် ပြုတ်ကျသွားတယ်။ အရောင်းအဝယ်ဖြစ်လားဆိုတော့ မဖြစ်ဘူး အေးနေတယ်။ ဒါပေမဲ့ ပြည်တွင်းထုတ်လုပ်မှု အနေအထားက ဒီတိုင်းပဲ ဆက်သွားနေမယ်ဆိုရင်တော့ ဈေးနှုန်းက တန့်သွားမှာပဲ။**

# မြောင်းမြမြို့နယ် စက်မှုဇုန်ရှိ ခိုင်ဖြိုးကျော်ဆန်စက်နှင့်စပါးခွံလောင်စာတောင့်စက်ရုံသို့ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဝန်ကြီးချုပ်နှင့်အဖွဲ့ ကြည့်ရှု

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် စက်မှုဇုန်ရှိ PADDY STAR Co., Ltd.၏ ခိုင်ဖြိုးကျော်ဆန်စက်နှင့် စပါးခွံလောင်စာတောင့်စက်ရုံသို့ အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ လေ့လာကြည့်ရှုခဲ့ကြသည်။

ထိုသို့ လေ့လာကြည့်ရှုရာတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းရှင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က စက်ရုံဝန်းအတွင်း ခင်းကျင်းပြသထားသော ဒေသထွက်ကုန် ပြခန်းများသို့ကြည့်ရှုလေ့လာပြီး စပါးခွံလောင်စာတောင့်ထုတ်လုပ်မှုနှင့် ဆန်ကြိတ်ခွဲထုတ်လုပ်မှုတို့အား ဆက်လက်လေ့လာခဲ့သည်။ ခိုင်ဖြိုးကျော်ဆန်စက်ပိုင်ရှင်နှင့်တာဝန်ရှိသူများက ထုတ်လုပ်မှုအဆင့်ဆင့်အား အသေးစိတ်ရှင်းလင်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံအတွင်း MSMEs ဖွံ့ဖြိုး တိုးတက်စေရေးအတွက် နိုင်ငံတော်ဝန်ကြီး၏ လမ်းညွှန် မှာကြားချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ထပ်ဆင့်ညွှန်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသထွက်ကုန်၊ ကုန်စည်ပြပွဲနှင့်ပတ်သက်၍ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးစိုးအောင် တက်ရောက်ခဲ့ပြီး မြောင်းမြခရိုင်ဦးစီးမှူး၊ မြို့နယ်တာဝန်ခံများက မိမိတို့မြို့နယ်များရှိ ဒေသထွက်ကုန်များအား တာဝန်ယူခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**စိုးဝင်း(မြောင်းမြ)**

## မော်လမြိုင် ဘီလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်



မော်လမြိုင်မြို့၌ ယခု နိုဝင်ဘာလ ဒုတိယပတ်တွင် ဘီလပ်မြေဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ပုံမှန်ဖြစ်နေသောဈေးမှာ ယခုတစ်ပတ်တွင် ကြံ့နှစ်ကောင်(အနီ) ကျပ် ၁၀၃၀၀၊ ဆင်(ထိုင်း) ကျပ် ၁၄၀၀၀၊ ကြံ့တံဆိပ်(အဝါ) ကျပ် ၁၀၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးမှာ ဈေးနှုန်းတည်ငြိမ်နေပြီး အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း သိရှိရသည်။

အရောင်းအဝယ်ဖြစ်နေသောဈေးမှာ ယခု နိုဝင်ဘာလ ဒုတိယပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) ၁၅း၁၅း၁၅ 50kg ပါတစ်အိတ် ကျပ် ၁၆၈၀၀၀၊ ကွန်ပေါင်း ၂၀း၁၂း၁၂ 50kg ပါ တစ်အိတ်မှာ ကျပ် ၁၇၀၀၀၀၊ ကွန်ပေါင်း (Thai Grow How) ၁၅း၁၅း၁၅ 50kg ပါတစ်အိတ်မှာ ကျပ် ၁၆၅၀၀၀၊ ပုလဲ (အသေး) ၄၆% မြန်မာ (MPE) 50kg ပါ တစ်အိတ်မှာ ကျပ်၆၅၀၀၀၊ပုလဲ(အကြီး) ၄၆% ထိုင်း (မြင်းပျံ) 50kg ပါ တစ်အိတ်မှာ ကျပ် ၁၃၀၀၀၀၊ ပိုးသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc ပါ တစ်ပုလင်းမှာ ကျပ် ၃၁၀၀ ၊ မာလာမြိုင်ဆိုက်ပါ၁၀%(သီးရွက်စုံ)500ccပါ တစ်ပုလင်း ကျပ် ၁၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

မွန်ပြည်နယ်သည် ရော်ဘာကို အဓိက စိုက်ပျိုးလျက်ရှိသော ပြည်နယ်တစ်ခုဖြစ်သည်။ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် မွန်ပြည်နယ်၏ ရော်ဘာစိုက်ဧကမှာ ၅၀၄၉၈၈ ရှိပြီး မွန်ပြည်နယ်တွင် RSS-3နှင့် RSS-5 နှစ်မျိုးသာ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရော်ဘာဈေးနှုန်းမှာ အောက်တိုဘာလ စတုတ္ထပတ်တွင် ဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိပြီး ယခု နိုဝင်ဘာ ၁ ရက်မှ ၆ ရက်အထိ ရော်ဘာဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၁၂၀၀၊ RSS-၅ တစ်ပေါင်လျှင် ကျပ် ၁၁၈၀ နှုန်းပေါက်ဈေးရှိကြောင်း သိရသည်။

မွန်ပြည်နယ်တွင် မိုးရာသီကုန်ဆုံးချိန်ရောက်ရှိပြီးဖြစ်သဖြင့် ရော်ဘာခြံရှင်များ အနေဖြင့် အစေးလှီးလုပ်ငန်းကို ပြန်လည်စတင်လုပ်ကိုင်လျက်ရှိပြီး မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ် ပုံမှန်ရှိနေပါသည်။

မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့သယ်ယူခ နှုန်းထားမှာ(50 Kg)ပါ တစ်ထုပ်လျှင် ကျပ် ၁၅၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၃၀၀၀၀ ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ 50 Kg ပါ တစ်ထုပ်လျှင် ကျပ် ၂၅၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၅၀၀၀၀ ဖြင့်သယ်ယူပို့ဆောင်ပေးရကြောင်း ရော်ဘာကုန်သည်များထံမှ သိရှိရသည်။

**အောင်မြင့်မြတ်(မွန်)**

## အောက်တိုဘာလအတွင်း ပြောင်းနှင့် ရော်ဘာတင်ပို့မှုအခြေအနေ

အောက်တိုဘာ ၁ရက်မှ ၃၁ ရက်ထိ တစ်လတာအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၃၇၇ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၇၄၉၇၀ ကျော် တင်ပို့ခဲ့ရာ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၈၅၈၆၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၇၁၁၁၀ ကျော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၃၅၀၀ကျော်၊ သီရိလင်္ကာနိုင်ငံသို့တန်ချိန်၃၀၀၀၊ တရုတ်နိုင်ငံသို့ တန်ချိန် ၇၈၀၊ မလေးရှားနိုင်ငံသို့ တန်ချိန်၆၀၀ ကျော်နှင့် ဟောင်ကောင်သို့ တန်ချိန် ၁၀၀ နီးပါး တင်ပို့ခဲ့သည်။

အောက်တိုဘာလအတွင်း မြန်မာ-တရုတ်နယ်စပ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅၅သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၈၇၀ကျော်တင်ပို့ခဲ့သည်။ ကုန်သွယ်မှု နည်းလမ်းနှစ်သွယ်မှ အောက်တိုဘာလအတွင်း ပြောင်းတန်ချိန် စုစုပေါင်း ၁၇၇၈၄၀ကျော် တင်ပို့ခဲ့သည်။

အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၄၅ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၃၆၀ ခန့် တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ တန်ချိန် ၁၃၁၀၊ အိန္ဒိယနိုင်ငံသို့တန်ချိန် ၁၀၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၄၀ကျော်တင်ပို့ခဲ့သည်။

မြန်မာ-တရုတ်နှင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာအတွင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၃၅ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၀၃၂၀ ကျော် တင်ပို့ခဲ့သည်။ မြန်မာ-တရုတ်နယ်စပ်မှ တန်ချိန် ၉၂၆၀ ကျော် တင်ပို့ပြီး Rubber RSS (3) အမျိုးအစားများ အများဆုံးတင်ပို့ခဲ့သည်။ မြန်မာ-ထိုင်းနယ်စပ်မှ ရော်ဘာတန်ချိန် ၁၀၆၀ကျော် တင်ပို့ပြီး တင်ပို့သည့်အမျိုးအစားများမှာ Natural Rubber MSR (20)၊ RSS (4) နှင့် RSS (5) အမျိုးအစားများဖြစ်သည်။ အောက်တိုဘာလအတွင်း ကုန်သွယ်မှုနည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု စုစုပေါင်း တန်ချိန် ၁၂၆၈၀ ဖြစ်ကြောင်းသိရသည်။

**CJ**

# အီးယူသို့ ပဲတီစိမ်းတင်ပို့မည့် ကုမ္ပဏီများအတွက် အသင့်ရှိနေပြီဖြစ်

ဥရောပနိုင်ငံသို့ ပဲပင်ပေါက်ပြုလုပ်မည့် ပဲတီစိမ်းတင်ပို့ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI) နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (M.O.C) တို့ သဘောတူညီချက်အရ ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ ပဲရာသီမှာ EU သို့ ပဲတီစိမ်းများတင်ပို့နိုင်ရေး အတွက် တင်ပို့လိုသည့် အဆိုပြုကုမ္ပဏီများ ဖိတ်ခေါ်ခြင်း၊ တောင်သူပညာပေးသင်တန်းများပို့ချခြင်း၊ Farm Collector နှင့် Processor Level စစ်ဆေးခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် EU နိုင်ငံများသို့ Bean sprouting အတွက် မြန်မာ့ပဲများတင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်အဖွဲ့က အစည်းအဝေးများကျင်းပပေးနေပြီဖြစ်သည်။

Farmer နှင့် Collector Inspection & Testing ကို စိုက်ပျိုးရေးဦးစီးဌာနက လည်းကောင်း၊ Processor Inspection & Training ကို စားသုံးသူရေးရာဦးစီးဌာနက လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ EU ၏လိုအပ်ချက်များနှင့် ကိုက်ညီစေရန် Processor Level စစ်ဆေးခြင်းကို MITS သို့ တပ်ဆင့်တာဝန်ပေးအပ်ထားသည်။

Processor Level ပိုင်းကို MITS မှ နှစ်အလိုက် စစ်ဆေးမှုများကတော့ ၂၀၁၈ ခုနှစ်မှာ ကိုးခု၊ ၂၀၁၉ ပြည့်နှစ်မှာ ၁၀ ခု၊ ၂၀၂၀ ခုနှစ်မှာ ခြောက်ခု၊ ၂၀၂၁ ခုနှစ်မှာ ခြောက်ခုနှင့် ၂၀၂၂ ခုနှစ်မှာ ငါးခု အသီးသီးဖြစ်သည်။

EU သို့ မြန်မာ့ပဲများတင်ပို့ရာမှာ Hygiene ပိုင်းကို အဓိကထား စိစစ်လျက်ရှိသည်။ Processor ပိုင်းကို စစ်ဆေးရာမှာ ဝယ်ယူခြင်းနှင့် ပဲအိတ်များ လက်ခံရရှိမှုအပိုင်း၊ ကုန်ကြမ်းနှင့် ကုန်ချောများ သိုလှောင်ရုံ၌ ထားရှိမှုအပိုင်း၊ ပဲတီစိမ်းသန့်စင်မှု အပိုင်း၊ ကုန်သေတ္တာပေါ်တင်ခြင်းနှင့် ပြည်ပတင်ပို့မှုအပိုင်း၊ အရည်အသွေး ထိန်းချုပ်မှုအပိုင်း၊ လုပ်သားများ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအပိုင်းဆိုပြီး အပိုင်း(၆)ပိုင်းခွဲကာ စစ်ဆေးရေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်ဆေးရေးလုပ်ငန်းများကို MITS မှ Criteria များနှင့် ကိုက်ညီမှု ရှိ၊ မရှိ လုပ်ဆောင်ရာမှာပထမအကြိမ် စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက တစ်ကြိမ်သာစစ်ဆေးရေးလုပ်ဆောင်သည်။ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါက ပြုပြင်ရန်များလိုအပ်ချက်များကို စက်ရုံတာဝန်ခံအား အသိပေးရှင်းလင်းပြောကြားခဲ့ပြီး ပြုပြင်ရန် အချိန်တစ်ခုသတ်မှတ်ပေးခဲ့သည်။ ပြင်ဆင်မှုလည်းပြီး ဆုံးဒုတိယအကြိမ် စစ်ဆေးရန် အဆင်သင့်ဖြစ်ပြီဆိုပါက MITS မှ ဒုတိယအကြိမ် စစ်ဆေးမှုကို ထပ်မံပြုလုပ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း Certificate ကို MITS မှ ဖြည့်စွက် ထုတ်ပေးပြီး စိုက်ပျိုးရေးဦးစီးဌာနသို့ စားသုံးသူရေးရာဦးစီးဌာနကတစ်ဆင့် ပေးပို့ရခြင်းဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနနှင့် GIZ တို့မှ ကျွမ်းကျင်ပညာရှင်များက သင်တန်းပို့ချလေ့ကျင့်ပေးထားသည့် MITS မှ စစ်ဆေးရေးမှူးများက Processor Level ကို စစ်ဆေးပေးနေခြင်းဖြစ်သည်။

မကြာမီ ၂၀၂၃ ခုနှစ် ပဲရာသီမှ EU သို့ ပဲတီစိမ်းတင်ပို့ရတော့မည်ဖြစ်သောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ တာဝန်ပေးအပ်ချက်နှင့်အညီ Processor Level စစ်ဆေးခြင်းကို ဆောင်ရွက်ပေးရန် MITS မှ အသင့်ရှိနေပြီဖြစ်ကြောင်း ပဲတီစိမ်းတင်ပို့မည့် ကုမ္ပဏီများကို သတင်းကောင်းပါးလိုက်ရပါသည်။

**KKCM (MITS)**

# ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် [illegible]

ကြည်နိုင်ဦး(အင်းတော်)

**(ယခင်တစ်ပတ်မှအဆက်)**

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ကသာခရိုင်တွင် ပဲ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်သူများအသင်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် အဖွဲ့ဝင် ၁၄၄ ဦးဖြင့် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်ဖွဲ့စည်းခဲ့သည်။ အသင်းသားတောင်သူများကို ၂၀၁၅ ခုနှစ်မှ ၂၀၁၆ခုနှစ်အထိ ဇေယျာပဒေသာဖောင်ဒေးရှင်းမှ စိုက်ပျိုးစရိတ်ချေးငွေများရယူပြီး မြေပဲမျိုးသန့် ဆင်းပဒေသာ(၁၁)မျိုးအား ဖြန့်ဝေစိုက်ပျိုးနိုင်ခဲ့ကြသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် စားသုံးသူရေးရာဦးစီးဌာနက မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များနှင့် ပဲ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ချိတ်ဆက်ပြီး မျိုးကောင်းမျိုးသန့်များ၊ စက်ကိရိယာများ ပံ့ပိုးဆောင်ရွက်နိုင်ခဲ့သည်အထိ တိုးတက်အောင်မြင်ခဲ့သည်။ ၂၀၁၉ ခုနှစ် မတ်လတွင် အမေထွားမြေပဲဆီသန့်လုပ်ငန်းနှင့် ချိတ်ဆက်နိုင်ခဲ့ပြီး အရည်အသွေးကောင်းမြေပဲများ စမ်းသပ်စိုက်ပျိုးခြင်း၊ သင်တန်းများပေးခြင်း ဆောင်ရွက်နိုင်ခဲ့ကြသည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ကုန်စည်ပြပွဲများ တက်ရောက်ပြသခြင်း၊ သင်တန်းများတက်ရောက်ခြင်း၊ ဈေးကွက်လေ့လာခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိအခြေအနေမှာ မြေဆီ၊မြေဩဇာဈေးကြီးမြင့်မှုနှင့် စက်သုံးဆီဈေးကြီးမြင့်မှုတို့ကြောင့် စိုက်ပျိုးစရိတ် ပိုမိုကုန်ကျလျက်ရှိသည်။ ၂၀၁၈ခုနှစ်ထိ တစ်ဧကကုန်ကျစရိတ် ကျပ်သုံးသိန်းကျော် ကုန်ကျရာမှ ယခုနှစ်တွင် ခြောက်သိန်းကျော် ခုနစ်သိန်းနီးပါးထိ နှစ်ဆ/သုံးဆခန့် ကုန်ကျလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့သော်လည်း တစ်ဧကအထွက်နှုန်းတင်း ၆၀ကျော်ထွက်ခြင်း၊ မြေပဲဆီဈေးတက်လာခြင်းတို့ကြောင့် အနည်းငယ် အကျိုးအမြတ်ရှိသော်လည်း စားသုံးသူပြည်သူများ စားသုံးဆီကို ဈေးကြီးပေးဝယ်ရသည်ကို တွေ့ရသည်။ စားသုံးဆီဈေးကွက်တွင် မြေပဲဆီသန့်နှင့်စားအုန်းဆီ ဈေးကွာခြားမှု အနည်းငယ်သာရှိသော်လည်း စားသုံးသူများအနေဖြင့် ဈေးလျှော့နည်းသော စားအုန်းဆီကို ရွေးချယ်စားသုံးကြသည်။ မြေပဲဆီသန့်နှင့် စားအုန်းဆီ ၄၀၀၀ကျပ်ခန့် ကွာခြားလျက်ရှိသည်ကိုတွေ့ရသည်။ကသာမြို့ ဆီစက်လုပ်ငန်းရှင်များအသင်းအမှုဆောင် ဦးခင်မောင်တိုး(ဇမ္ဗူရာဇ်)ဆီစက်ပိုင်ရှင်နှင့်ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေးအတွက်ဆွေးနွေးရာတွင် ဆီစက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အပိုင်းသုံးပိုင်းဖြင့် ဆွေးနွေးခဲ့သည်။ပထမပိုင်းမှာ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူများအပိုင်း၊ ဒုတိယပိုင်းမှာ ကုန်ချောထုတ်လုပ်သည့် ဆီစက်လုပ်ငန်းရှင်များအပိုင်းနှင့် တတိယပိုင်းအနေဖြင့် ဖြန့်ဖြူးရောင်းချသည့်ကုန်သည်များမှအစ Export နှင့် Marketing အပိုင်းတို့ဖြစ်သည်။

ပထမပိုင်းဖြစ်သည့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ကြီးမြင့်သော်လည်း မြေပဲပေါ်ချိန်ဖြစ်ခြင်း၊ နှမ်းသုံးတင်းဝင် တစ်အိတ် ကျပ် ၂၀၀၀၀၀ကျော်ရှိသည့်အတွက် အချိန်ကောင်းအခါကောင်းဖြစ်သည်။ အရည်အသွေးကောင်းအောင် စနစ်တကျ စိုက်ပျိုးထုတ်လုပ်သင့်ကြောင်း တောင်သူများနှင့်ဆက်နွှယ်သည့် မန္တလေးကုန်စည်ဒိုင်ကြီးများ၊ ဆီစက်လုပ်ငန်းများအနေနှင့်လည်း တောင်သူလိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်သင့်သည်။ တောင်သူများအနေဖြင့်လည်း အပြန်အလှန် ယုံကြည်မှုရရှိအောင် ရိုးသားကြိုးစားကြရမည်ဖြစ်သည်။

ဒုတိယပိုင်းအနေဖြင့် ကုန်ချောထုတ်လုပ်သည့် ဆီစက်လုပ်ငန်းရှင်များအပိုင်းဖြစ်သည်။ စားသုံးသူများမြေပဲဆီသန့်ကို အရောအနှောကင်းစွာ တန်ဖိုးသင့်သောဈေးနှုန်းနှင့် ဝယ်ယူစားသုံးနိုင်ရန် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် စီမံဆောင်ရွက်သင့်သည်။ ဆီစက်လုပ်ငန်းရှင်များက စုစည်းပြီး တောင်သူများအား လိုအပ်သောပံ့ပိုးကူညီမှုများပေးခြင်း၊ ထိုမှတစ်ဆင့် တောင်သူများထံမှ ကုန်ကြမ်းအား မိမိစက်နှင့် နှစ်ပေါက်ကြိတ်ခွဲထုတ်လုပ်နိုင်သည်အထိ ကာလပေါက်ဈေးဖြင့် အရေအတွက်ပြည့်မီစွာ ဝယ်ယူသိုလှောင်ခြင်း၊ ဒေသတွင်း စားသုံးဆီလိုအပ်ချက်အား အထူးဦးစားပေးဖြန့်ဝေခြင်းများ ဆောင်ရွက်ရမည်ဖြစ်သည်။ ယခု အခက်အခဲဖြစ်နေသည်မှာ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာပေါ်သည်နှင့် မန္တလေးဈေးကွက်က ဈေးပိုရသည့်အတွက် မန္တလေးဈေးကွက်ကို ဦးစားပေးပို့ကြသည်။ အထိန်းအကွပ်မဲ့ တင်ပို့မှုများကြောင့် ဒေသတွင်းကုန်ကြမ်း ပြတ်လပ်ပြီး ဆီစက်လုပ်ငန်းများ ရပ်နားကြရသည်။ ထို့နောက် စားအုန်းဆီများ အဆမတန် ဝင်ရောက်လာပြီး ဈေးကွက်နေရာယူလျက်ရှိသည်။

တတိယပိုင်းဖြစ်သည့် ဖြန့်ဖြူးရောင်းချသည့်ကုန်သည်များမှအစ Export နှင့် Marketing အပိုင်းဖြစ်သည်။ စားအုန်းဆီဈေးကွက်ကိုကြည့်မည်ဆိုပါက ကုန်အမှတ်တံဆိပ် ခိုင်ခိုင်မာမာဖြင့် ကုမ္ပဏီများက ဖြန့်ဖြူးလျက်ရှိသည်။ ဈေးကွက်အတွင်း ပြတ်လပ်မှုမရှိအောင် စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချကြသည်။ မြေပဲဆီသန့်ထုတ်လုပ်မှုအပိုင်းတွင် ဆီသန့်စားသုံးလိုပါက စက်ရုံသို့ သွားရောက်ဝယ်ယူရသည်။ ကုန်အမှတ်တံဆိပ် ခိုင်ခိုင်မာမာဖြင့် ဈေးကွက်/ဈေးဆိုင်များတွင် အလွယ်တကူဝယ်ယူ၍မရသော အခြေအနေဖြစ်သည်။ ကုမ္ပဏီများက စုဆောင်းဝယ်ယူပြီး ကုန်အမှတ်တံဆိပ်တစ်ခုခုဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု မရှိသလောက်ရှားပါးသည်။ ထိုအကြောင်းအရာများသည် ဒေသတွင်းဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီသန့်ဖူလုံရေးကို အဟန့်အတားဖြစ်နေမည်ဖြစ်ကြောင်း ဆွေးနွေးသုံးသပ်ခဲ့သည်။

ကသာခရိုင်ကဲ့သို့ ရေခံမြေခံကောင်းပြီး ဆီထွက်သီးနှံ အလျှံပယ်ထွက်ကာ အဆမတန် ပိုလျှံသောဒေသတွင် ကျန်းမာရေးနှင့်ညီညွတ်သော ဆီကောင်းဆီသန့်ကို အလွယ်တကူဝယ်ယူရန် ဈေးကွက်အတွင်း ကုန်စုံဆိုင်အမျိုးမျိုးတွင် ရောင်းချခြင်းမရှိဘဲ ဘေးထွက်ဆိုးကျိုးများရှိသည့် စားအုန်းဆီ ကုန်အမှတ်တံဆိပ်အမျိုးမျိုးသည် ပါကင်ဘူးဆိုဒ်မျိုးစုံဖြင့် ဈေးကွက်နေရာယူနေခြင်းမှာသက်ဆိုင်ရာ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၏ စီမံခန့်ခွဲမှုအပိုင်း၌ ပြင်ဆင်စရာအချက်ရှိနေမလားဟု ထင်မြင်ယူဆလျက်ရှိကြကြောင်း တင်ပြလိုက်ရပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ၏ အခြေခံစားကုန်များ ဈေးနှုန်း

၂၀၂၂ခုနှစ် နိုဝင်ဘာ ပထမပတ်အတွင်း နေပြည်တော်ကောင်စီနယ်မြေတွင် အခြေခံစားကုန်များဖြစ်သော ရွှေဘိုပေါ်ဆန်း တစ်ပြည် ၃၈၅၀ ကျပ်၊ ဧည့်မထ တစ်ပြည် ၂၄၀၀ကျပ်၊ မနောသုခ တစ်ပြည်၁၉၂၀ကျပ်နှုန်းဖြင့်အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ကြက်သွန်နီ လက်လီဈေးမှာ (ကြီး)တစ်ပိဿာ ၃၆၀၀ကျပ်၊ (လတ်) တစ်ပိဿာ ၃၂၀၀ကျပ်၊(သေး)တစ်ပိဿာ ၂၈၀၀ ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်ဖြူ လက်လီဈေးမှာ (ကြူကုတ်) တစ်ပိဿာ ၄၂၀၀ကျပ်မှ ၅၂၀၀ကျပ်ထိ၊ (ရှမ်း) တစ်ပိဿာ ၃၆၀၀ကျပ်မှ ၄၂၀၀ ကျပ်ထိ၊ ရေတ်သီးခြောက်လက်လီဈေးမှာ (အရှည်) တစ်ပိဿာ ၁၂၅၀၀ကျပ်မှ၁၆၅၀၀ကျပ်ထိ၊(အပု)တစ်ပိဿာ ၁၄၅၀၀ကျပ်မှ ၂၀၀၀၀ ကျပ်ထိ၊ အာလူးလက်လီဈေးမှာ ၂၄၀၀ ကျပ်မှ ၃၀၀၀ ကျပ်ထိ၊ ခရမ်းချဉ်သီး တစ်ပိဿာ ၁၅၀၀ကျပ်မှ ၂၄၀၀ကျပ်ထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်ဥ လက်လီဈေးမှာတစ်လုံး၁၈၅ကျပ်မှ ၂၂၀ ကျပ်ထိ ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေ၏ အသား/ငါး ဈေးနှုန်းများမှာ ကြက်သား (CP) တစ်ပိဿာ ၉၀၀၀ကျပ်မှ ၁၂၀၀၀ ကျပ်ထိ၊ ကြက်သား(ဗမာ) တစ်ပိဿာ ၁၁၀၀၀ ကျပ်မှ ၁၄၀၀၀ကျပ်ထိ၊ ဝက်သား တစ်ပိဿာ ၁၁၅၀၀ကျပ်မှ ၁၄၀၀၀ကျပ်ထိ၊ အမဲသား တစ်ပိဿာ ၁၂၅၀၀ကျပ်မှ ၁၄၀၀၀ကျပ်ထိ၊ ငါးမြစ်ချင်း တစ်ပိဿာ ၅၁၀၀ကျပ်မှ ၈၂၀၀ထိ၊ ငါးကြင်း တစ်ပိဿာ ၉၅၀၀ကျပ်မှ၁၄၀၀၀ကျပ်ထိ ရောင်းဝယ်နေကြောင်း သိရသည်။

စားသုံးဆီဈေးနှုန်းများမှာ ပဲဆီ တစ်ပိဿာလျှင် ၁၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ၆၄၀၀ ကျပ်နှင့် နှမ်းဆီ တစ်ပိဿာလျှင် ၁၁၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ထွန်းမင်းသန့်(နေပြည်တော်)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| **မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန** (Myanmar International Trade Center)၊ | ဖုန်း-၀၁ ၃၈၅၃၂၃ | **အီးမေးလ်**-mitcmyantrade@gmail.com |
| **အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန** | ဖုန်း-၀၁ ၉၆၆၉၉၅၉ | **အီးမေးလ်**-mhcyangon@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (ဂ/ဃ)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ဆောင်းရာသီ၏ ရာသီစာ ကောက်ညှင်းကျည်တောက်အကြောင်း

**အေးသိဂိစိုး(ရွှေဘို)**

ခဲလံကျည်တောက်(ခေါ်) ကောက်ညှင်းကျည်တောက်သည် မြန်မာနိုင်ငံတွင် အလွန်ထင်ရှား၍ ဆောင်းရာသီ၏ ရာသီစာအဖြစ် လူအများစားသုံးသောမုန့်ဖြစ်သည်။ ခဲလံဆိုသော စကားမှာ ရှမ်းဘာသာစကား(ခဝ်လံ)မှ ဆင်းသက် လာသည်။ဝါးထဲသို့ကောက်ညှင်းဆန်ထည့်၍ ချက်သောထမင်း(ဝါ) စားဖွယ်ကို ရှမ်းတို့က ခဲလံဟု ခေါ်ကြကြောင်း၊ တချို့မှာ ယိုးဒယားစကားခေါက်လမ်(ဝါးကျည်တောက်ထဲမှ ကောက်ညှင်း)ဟု ဆိုကြသည်။ မြန်မာနိုင်ငံ အင်းလေးဒေသတွင် ကောက်ညှင်းကျည်တောက်ကို ခေါက်လန်ဟု သုံးနှုန်းကြပြီး အနောက်ရိုးမကမ်းခြေနှင့် မြစ်ဝကျွန်းပေါ် ကမ်းရိုးတမ်းဒေသတို့တွင်မူ ကောက်ညှင်းကျည်တောက်ဟူ၍သာ သုံးနှုန်းကြပြီး ရှေးအခါက ပေါင်းတင်းကျည်၊ ပေါင်းစည်ကြီးဟု တင်စားခေါ်ဝေါ်ကြကြောင်း လေ့လာသိရှိရသည်။

## ကောက်ညှင်းကျည်တောက် ဖြစ်ပေါ်လာပုံ

ကောက်ညှင်းကျည်တောက် ပြုလုပ်ရန်အတွက် အကောင်းဆုံး ဝါးမှာ တင်းဝါးဖြစ်ပြီး တင်းဝါး ဟုခေါ်သည့် ဝါးကို တောနက်နက်ထိ သွားခုတ်ကြရပြီး ဝါးအရမ်းနုပါက အဆင်မပြေတတ်၍ ဝါးအရင့်ကို ခုတ်မှသာ ကောက်ညှင်းကျည်တောက်လေးက အကာလှလှလေးနှင့် ပုံထွက်လှလာသည်။ ကောက်ညှင်းကျည်တောက်ပြုလုပ်ရန်အတွက် ရှေးဦးစွာ ကောက်ညှင်းဆန်ကို လေးနာရီကြာ ရေဖြင့် စိမ်ထားပြီး တောင်းပလုံးများဖြင့် ရေစစ်ထားရကြောင်း သိရှိရသည်။ ထို့နောက် ရေစစ်ထားသော ကောက်ညှင်းဆန်ကို စဉ့်အင်တုံထဲတွင် ပဲဆီသန့်၊အုန်းသီး၊ ဆားအနည်းငယ်တို့ဖြင့်ရောနယ်၍ ဝါးကျည်တောက်ထဲသို့ လက်နှစ်ဆစ်ခန့် ချန်၍ ထည့်ပေးရကြောင်း၊ထိုသို့ချန်၍ထည့်ရခြင်းမှာကျည်တောက်ထဲမှကောက်ညှင်းများ ကျက်ပြီးနောက် အနည်းငယ် ဆန့်ထွက်နိုင်စေရန် လျှော့ထားရခြင်းဖြစ်ကြောင်း၊ လက်နှစ်ဆစ်ခန့် ချန်ထားသည့်နေရာတွင် ရေအပြည့်ထည့်ရကြောင်း သိရှိရပါသည်။

ကောက်ညှင်းကျည်တောက်ဖုတ်ရန် ဝါးအစိုတစ်ချောင်း၏အရင်း၊ အဖျား တစ်ဖက်တစ်ချက်စီတွင် ဒေါက်ထောက်ပြီး တန်းလုပ်ထားရသည်။ ထိုတန်း တစ်ဖက်တစ်ချက်စီတွင် ကောက်ညှင်း ထည့်ထားသော ဝါးကျည်တောက်များကို ခပ်စောင်းစောင်း စီ၍ ထောင်ထားရသည်။ ထို့နောက် ထောင်ထားသော ဝါးတန်းအောက်တွင် ထင်းမီးတောက် အနည်းငယ်ဖြင့် ရေများ ခန်းသွားအောင် နှစ်နာရီကြာခန့် မီးဖုတ်ပေးရပြီးနောက် မီးကျိုးချ၍ သုံးနာရီခန့် ကောက်ညှင်းကျည်တောက်များကို လှည့်၍ မီးဖုတ်ပေး ရသည်။ ကောက်ညှင်းကျည်တောက်ဖြစ်လာရန် မီးဖုတ်၍ ပြုလုပ်ရချိန် ငါးနာရီခန့်ကြာမြင့်သည်။ ထို့နောက် မီးဖုတ်ထားသော ကောက်ညှင်းကျည်တောက်များ အေးချိန်တန်၍ ဝါးကို ခွဲလိုက်လျှင် ဝါးအမြေးများဖြင့် ရစ်ပတ်နေသော ငွေတောင့်သဖွယ် ဖြူဖွေးသော ကောက်ညှင်းကျည်တောက်ကို ရရှိသည်။

## ရှေးစာဆိုများမှ တင်စားခေါ်ဝေါ်ပုံ

ဝါးထဲတွင်ကျက်ပြီးသားဖြစ်နေသော ကောက်ညှင်းကျည်တောက်မှာ ဝါးအမြေးပါးများဖြင့် ကပ်နေ၍ သေသပ်ချောမောလှသည်။ကောက်ညှင်းကျည်တောက်ပြုလုပ်ပုံကို-

“အစွယ်နှစ်ချောင်း ဖြူဖြူလွင်
တောမှာပေါက်တဲ့ဆင်
ဆန္ဒန်ဆင်မင်း သူ့ဝမ်းခေါင်း
ခြသေ့်အပေါင်းအောင်း
လုံ့စွာပိတ်၍ မီးမှာထား
ငွေတောင့်ထိုအလား
ဘုရားတရား တင်ပါလေ
တို့လည်းအမျှဝေ”

ဟူ၍ ဆင်ဆိုသည်မှာ ဗုဒ္ဓဟူးနံ ဝါးကိုဆိုလို၍ ခြသေ့်ဆိုသည်မှာ အင်္ဂါနံဖြစ်၍ ဆန်ကို ဆိုလိုသည်ဖြစ်ကြောင်း ရှေးစာဆိုများက တင်စားခေါ် ဆိုခဲ့ကြသည်။

## ကုန်ကြမ်းအသုံးပြုပုံ

ကောက်ညှင်းကျည်တောက် ပြုလုပ်ရန် တင်းဝါးများကို မိုးကုတ်လမ်းရှိ ရွှေညောင်ပင်မြို့မှ ၅၀ ပါ တစ်စီးလျှင် ကျပ် ၅၅၀၀ နှုန်းဖြင့် မှာယူရသည်။ ကောက်ညှင်းဆန်ကို ရွှေဘိုမြို့အနောက်ဘက်ရှိ ချီပါကျေးရွာနှင့် ဆိပ်ခွန်ကျေးရွာများမှ နှစ်ပတ်လည်စာ ဝယ်ယူထားရပြီး ကောက်ညှင်းကျည်တောက် ပြုလုပ်ရာတွင်သုံးသည့် ကောက်ညှင်းဆန်မှာ(ရှယ်မွှေး)အမျိုးအစားဖြစ်သည်။ ကောက်ညှင်းဆန် စိမ်ရာတွင် ကောက်ညှင်းဆန်(သစ်)ဆိုလျှင် ချက်ချင်းဆေး၍ ချက်ချင်းဆယ်ပြီးဝါးကျည်တောက်ထဲသို့ ထည့်၍ ပြုလုပ်နိုင်သည်။ ကောက်ညှင်းဆန်(ဟောင်း)ဖြစ်ပါက လေးနာရီခန့်ကြာအောင် စိမ်ထားရပြီး ငချိတ် ကောက်ညှင်းဆန်ဖြစ်ပါက တခြား ကောက်ညှင်းဆန်များထက် တစ်နာရီခန့်ပို၍စိမ်ရကြောင်း သိရသည်။ ကောက်ညှင်းကျည်တောက် ဖုတ်ရန် ထင်းကို နှစ်ပေါက် အသုံးပြုရန် ကြိုတင်ဝယ်ယူထားရသည်။

## ထုတ်လုပ်မှု

ကောက်ညှင်းကျည်တောက်လုပ်ရာတွင် မိသားစုလုပ်အားအပြင် အလုပ်သမားသုံးဦးခန့်ငှားရမ်း၍လုပ်ရပြီး တစ်ဦးလျှင် ၇၀၀၀ခန့်လုပ်အားခ ပေးရသည်။တစ်ရက်တွင် ကောက်ညှင်းဆန် နေ့စဉ် ပြည် ၃၀ ခန့် ပြုလုပ်ရပြီး ကောက်ညှင်းဆန် ပြည် ၃၀တွင် ကောက်ညှင်းကျည်တောက် အချောင်း ၁၇၀ခန့် ထွက်ရှိသည်။ ဝါး အပေါ် မူတည်၍ ကောက်ညှင်းကျည်တောက် အနည်း/အများ ထွက်ရှိသည်။ အမှာရှိပါက ကောက်ညှင်းဆန် ပြည် ၇၀ အထိ ပြုလုပ်ရသည်။ ကောက်ညှင်းဆန် ပြည် ၃၀ တွင် ဆီ ငါးပိဿာခန့် ထည့်ရပြီး ဝါးခြောက်ပါက ဆီပို၍ ထည့်ရသည်။ ကောက်ညှင်းကျည်တောက်ကို အုန်းသီး၊ ငှက်ပျောနှင့်ပဲဟူ၍ အရသာသုံးမျိုးဖြင့် ထုတ်လုပ်ပြီး တချို့က နှစ်ပတ်လည် ပြုလုပ်၍ ရောင်းချသော်လည်း ဆောင်းရာသီ၏ ရာသီစာ ကောက်ညှင်းကျည်တောက်ကို နှစ်စဉ် ကိုးလခန့်သာ ပြုလုပ်၍ ရောင်းချကြောင်း ရွှေဘိုမြို့ရှိ ဆယ်စုနှစ်မက ကောက်ညှင်းကျည်တောက် ပြုလုပ်ရောင်းချသူ ဒေါ်တင်အိ ကောက်ညှင်း ကျည်တောက်လုပ်ငန်းမှ သိရသည်။

## ဈေးနှုန်းဈေးကွက်

ရွှေဘိုမြို့တွင် ကောက်ညှင်းကျည်တောက် ပြုလုပ်ရောင်းချသည့်လုပ်ငန်း များပြားစွာရှိပြီး ဒေသတွင်း ဝယ်ယူစားသုံးကြသည့်အပြင် အခြားမြို့နယ်များဖြစ်သော မုံရွာ၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ မြစ်ကြီးနားမြို့များရှိ ကိုယ်စားလှယ်များက မှာယူရောင်းချကြကြောင်း၊ အုန်းသီးကောက်ညှင်းကျည်တောက် တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ငှက်ပျောနှင့်ပဲကောက်ညှင်းကျည်တောက် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ မြန်မာ့အစားအစာ ဆောင်းရာသီ၏ ရာသီစာ ကောက်ညှင်းကျည်တောက် အကြောင်းအား လေ့လာ၍ရေးသားတင်ပြလိုက်ရသည်။

# ပြည်ပဆန်ဈေးနှုန်းများ

၂-၁၁-၂၂ မှ ၈-၁၁-၂၀၂၂ ထိ ပြည်ပဆန်ဈေးနှုန်း FOB-YGN

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 395 - 400 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 390 - 395 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 385 - 390 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 380 - 385 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 375 - 380 | |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 375 - 380 | |
| 7 | Myanmar Long Grain White Rice 10% Broken (Reasonable Well Milled) | 370 - 375 | |
| 8 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 365 - 370 | |
| 9 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 360 - 365 | |
| 10 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 395 - 400 | |
| 11 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 390 - 395 | |
| 12 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 385 - 390 | |
| 13 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 380 - 385 | |
| 14 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 395 - 400 | |
| 15 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 390 - 395 | |
| 16 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 385 - 390 | |
| 17 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 380 - 385 | |
| 18 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 395 - 400 | |
| 19 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 390 - 395 | |
| 20 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 385 - 390 | |
| 21 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 380 - 385 | |
| 22 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 395 - 400 | |
| 23 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 390 - 395 | |
| 24 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 385 - 390 | |
| 25 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 380 - 385 | |
| 26 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 485 - 505 | |
| 27 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 480 - 500 | |
| 28 | Myanmar Long Grain Parboiled Brown Rice 5% Broken | 415 - 425 | |
| 29 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 490 - 515 | |
| 30 | A-1 , 2 (Sortexed) | 375 - 380 | |
| 31 | B-1 , 2 (Sortexed) | 370 - 375 | |
| 32 | B-1,2 (Non-Sortexed) | 365 - 370 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# သိမ်ဖြူဈေးတွင် ဖြစ်ပေါ်နေသော ကြက်သွန်ဈေး

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေးကြီးအတွင်း ကြက်သွန်ဖြူ ကြက်သွန်နီများအား ကား၊ ရထားတို့ဖြင့် ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် ရှမ်းပြည်နယ်တို့မှ နေ့စဉ်ဝင်ရောက်လျက်ရှိသည်။

လက်လီလက်ကား ပြန်လည်ရောင်းချလျက်ရှိရာအောက်တိုဘာ ၆ ရက်မှ ၁၉ ရက်ထိ ကြက်သွန်နီ (ဆိပ်ဖြူ)အဝင်၇၁၂၀၀ ပိဿာနှင့် ကြက်သွန်ဖြူ(ကြူကုတ်) ၂၅၃၇၀ ပိဿာ ဝင်ရောက်ခဲ့ပြီး ကြက်သွန်နီ (ဆိပ်ဖြူ)လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၇၀၀ မှ ကျပ် ၃၀၀၀ ထိ ဖြစ်၍ ကြက်သွန်ဖြူ(ကြူကုတ်) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၆၀၀ မှ ကျပ် ၄၀၀၀ ထိရှိသည်။ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်ထိ ကြက်သွန်နီ(ဆိပ်ဖြူ)အဝင် ၇၂၂၅၀ ပိဿာနှင့် ကြက်သွန်ဖြူ(ကြူကုတ်)၈၁၇၀ ပိဿာ ဝင်ရောက်ခဲ့ပြီး ကြက်သွန်နီ(ဆိပ်ဖြူ) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၇၀၀ မှ ကျပ် ၄၀၀၀ ထိ ဖြစ်၍ ကြက်သွန်ဖြူ(ကြူကုတ်) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၆၀၀ မှ ကျပ် ၃၈၀၀ထိရှိပြီး ကြက်သွန်အနီဈေး အနည်းငယ် တက်လျက်ရှိကြောင်း သိရှိရသည်။

**နှင်းနွယ်**(DOCAYGN)

# ပြည်တွင်းဆီဈေးနှုန်းများ (၄-၁၁-၂၀၂၂)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၁၃၅၀၀ | ၁၃၀၀၀ | ▽ | ၁၁၀၀၀ | ၁၁၀၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ |
| ရန်ကုန် | ၁၃၅၀၀ | ၁၃၀၀၀ | ▽ | ၁၁၀၀၀ | ၁၁၀၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ |
| မန္တလေး | ၁၂၀၀၀ | ၁၀၀၀၀ | ▽ | ၁၁၀၀၀ | ၁၀၀၀၀ | ▽ | ၆၆၀၀ | ၆၇၀၀ | △ |
| ပဲခူး | ၁၃၅၀၀ | ၁၃၅၀၀ | □ | ၁၃၀၀၀ | ၁၃၀၀၀ | □ | ၆၇၀၀ | ၆၇၀၀ | □ |
| မကွေး | ၁၀၅၀၀ | ၁၀၅၀၀ | □ | ၁၁၀၀၀ | ၁၁၀၀၀ | □ | ၆၆၀၀ | ၆၅၀၀ | ▽ |
| မုံရွာ | ၉၅၀၀ | ၉၅၀၀ | □ | ၉၅၀၀ | ၉၅၀၀ | □ | ၆၆၀၀ | ၆၆၀၀ | □ |
| စစ်တွေ | ၁၃၀၀၀ | ၁၃၀၀၀ | □ | - | - | - | ၇၃၀၀ | ၇၃၀၀ | □ |



# ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးမှသည် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့

ဝါဆို(DOCA)

ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးသီးနှံ အများအပြား ဖြစ်ထွန်းအောင်မြင်သော တိုင်းတစ်တိုင်းဖြစ်သည်နှင့်အညီ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်တွင်း တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ၊အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း တွေ့ရှိရပြီး ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးလက်ထုတ်ကုန်ဖွံ့ဖြိုးရေးအတွက် အရေးပါလှသည်။

ပဲခူးတိုင်းဒေသကြီးသည် ကျေးလက်ထုတ်ကုန် မှသည် Value Added တန်ဖိုးမြှင့် ထုတ်ကုန်များ ဖြစ်လာစေရန် ရည်ရွယ်၍ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဆောင်ရွက်နေသည့် လုပ်ငန်းပေါင်း ၃၀ ကျော်ခန့်ရှိသည်။ Value Added အနေဖြင့် ဒေသတွင်း ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံ၍ ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး ဒေသတွင်း အနီးအနားရှိ ကျေးရွာများနှင့် နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဖြူးရောင်းချခြင်းဖြင့် ဈေးကွက်ဖော်ဆောင်လျက်ရှိသည်။ ပဲခူးတိုင်း ဒေသကြီးအတွင်း ထုတ်လုပ်နေသော ထုတ်ကုန်များထဲမှ ထုတ်ကုန်အနည်းငယ်အား အောက်ပါအတိုင်းလေ့လာတင်ပြအပ်ပါသည်-

## rkbYfwfajcmufvykfief;

တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာတွင် ဒေသထုတ်ကုန်တစ်ခုအဖြစ် မုန့်ဖတ်ခြောက်လုပ်ငန်း လုပ်ကိုင်ကြသည်။ မုန့်ဖတ်ခြောက်ပြုလုပ်ရာတွင် အသုံးပြုရသော ဆန်ဆလပ်ကျိုးများကို တောင်ငူ မြို့ပေါ်ရှိ ဆန်စက်များမှ ဝယ်ယူရရှိသည်။ မုန့်ဖတ်ခြောက်ထုတ်လုပ်ရာတွင် ကုန်ကျစရိတ်မှာ ဆန်ဆလပ်ကျိုးတစ်အိတ်လျှင် ကျပ် ၄၀၀၀၀ ဝန်းကျင်ခန့် ပေးရသည်။ လုပ်သားအင်အားအနေဖြင့် အမျိုးသား လုပ်သားလေးဦးနှင့် အမျိုးသမီးအင်အား ငါးဦးခန့် သုံးရကြောင်းနှင့်တစ်ရက်လုပ်အားခအနေဖြင့် ကျပ် ၅၀၀၀ မှ ကျပ် ၆၀၀၀ ထိပေးချေရသည်။ ဆန်တစ် အိတ်လျှင် မုန့်ဖတ်ခြောက် ၂၀ ကျပ်သားထုပ် ၁၂၅ ထုပ်ခန့်ထွက်ရှိသည်။ မုန့်ဖတ်ခြောက်များ ထုတ်လုပ်ရာတွင် လျှပ်စစ်မီးရရှိမှုပေါ် မူတည်၍ တစ်ရက်လျှင် ဆန် ၁၀ အိတ်မှ ၅၀အိတ်ခန့် ထုတ်လုပ်လျက်ရှိပြီး တောင်ငူခရိုင်အတွင်းရှိ ကုန်စုံဆိုင်များနှင့် ဘားအံ၊ သထုံ၊ မော်လမြိုင်၊ မြဝတီမြို့များသို့ အဝယ်ရှိလျှင်ရှိသလို တစ်လလျှင် ပီနံအိတ်တစ်အိတ် အထုပ် ၃၀ပါ အိတ် ၁၂၀၀-၁၅၀၀ ခန့် ပေးပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မုန့်ဖတ်ခြောက်လုပ်ငန်းသည် ပြည်တွင်းဈေးကွက်တွင်ခေတ်မီမုန့်ဖတ်ခြောက်စက်များဖြင့် ထုတ်လုပ်ပါက တွက်ခြေကိုက်သော လုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာလူမျိုးများလည်း ကြိုက်နှစ်သက်သော စားသောက်ကုန်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့်အတွက် ရေရှည်လုပ်ကိုင်ရန်သင့်သော လုပ်ငန်းတစ်ခုဖြစ်သည်။

## rvdkiEfSifh,dkpkHvkyfief;

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်တွင် ဒေသထုတ်ကုန်တစ်ခုအဖြစ် မလိုင်လုပ်ငန်းနှင့် ယိုမျိုးစုံလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြသည်။ မလိုင်နှင့်ယိုများထုတ်လုပ်ရာတွင် ကုန်ကြမ်းအနေဖြင့် နွားနို့၊ သကြား၊ မြေပဲ၊ နှမ်း၊ ကျောက်ဖရုံ၊ဆန်တို့ကိုအသုံးပြုရပြီး ပြည်မြို့နယ်၊ ရွှေတောင်၊ သဲကုန်း၊ ဝက်ပုတ်၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့များမှ မှာယူရသည်။ လုပ်သားအရေအတွက်အားဖြင့် လုပ်ငန်းတစ်ခုလျှင် အမျိုးသား ရှစ်ဦး၊ အမျိုးသမီးခုနစ်ဦး၊ စုစုပေါင်း ၁၅ဦး အသုံးပြုရသည့်အတွက် တစ်ရက်လုပ်အားခ ပေးချေရမှုအနေဖြင့် အမျိုးသားတစ်ဦးလျှင် ကျပ် ၈၀၀၀ ခန့်၊ အမျိုးသမီးတစ်ဦးလျှင် ကျပ် ၅၀၀၀ခန့် ပေးချေရသည်။ ယိုအမျိုးအစားအပေါ်လိုက်၍ ယိုတစ်ပိဿာလျှင် လုပ်သားခအပါအဝင် ကုန်ကျစရိတ် ကျပ် ၇၂၀၀-၇၅၀၀ ခန့် ကုန်ကျပြီး အသားတင် အကျိုးအမြတ်အားဖြင့် ယိုအမျိုးအစားအလိုက် တစ်ပိဿာလျှင် ကျပ် ၃၀၀-၅၀၀ ခန့် ရရှိကြောင်း သိရှိရသည်။ယိုမျိုးစုံကို နှစ်ပတ်လည်ထုတ်လုပ်ပြီး တစ်ရက်လျှင် မလိုင် ၇၀ ပိဿာခန့်၊ မြေပဲနှမ်းယို ၅၀ ပိဿာခန့်၊ ကျောက်ဖရုံယို ၃၀ ပိဿာခန့် ထုတ်လုပ်လျက်ရှိပြီး ဒေသတွင်း မြို့နယ်များနှင့် အခြားမြို့နယ်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ယိုစုံလုပ်ငန်းသည် စားသောက်ကုန်လုပ်ငန်းဖြစ်သည့်အပြင် ဈေးကွက်ခိုင်မာမှုရှိခြင်း၊ တစ်နှစ်ပတ်လုံး လုပ်ကိုင်ရသည့်လုပ်ငန်းဖြစ်သည့်တွက် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိခြင်း၊ နေ့စဉ်ဝင်ငွေ အကျိုးအမြတ်ရရှိခြင်းကြောင့် စီးပွားရေးအရ တွက်ခြေကိုက်သောလုပ်ငန်းတစ်ခုဖြစ်သည်။

## ua&u&mvkyfief;

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၏ ဒေသထုတ်ကုန်တစ်ခုဖြစ်သော ကရေကရာ လုပ်ငန်းသည် “ကရေကရာ ရွှေညာ ကမုန့်မျိုး ပေါက်ပေါက်ကယ် ချိုပါလှ အုန်းယိုကတိုး”ဟု ဆိုရိုးရှိသလို ဒေသ အမှတ်အသားတစ်ခုအဖြစ် ရပ်တည်နေသော လုပ်ငန်းတစ်ခုဖြစ်သည်။ ကရေကရာ ပြုလုပ်ရာတွင် ကောက်ညှင်းမှုန့်၊ အုန်းသီး၊ သကြား၊ ထောပတ်များကို ကုန်ကြမ်းအဖြစ် အသုံးပြုကြပြီး လုပ်သားအရေအတွက်အားဖြင့် ခုနစ်ဦးခန့် အသုံးပြုကြသည်။ လုပ်သားတစ်ဦးလျှင် တစ်ရက် လုပ်အားခ ကျပ် ၇၀၀၀ ခန့် ပေးချေရပါသည်။ ကုန်ကျစရိတ်မှာ ကောက်ညှင်းမှုန့် တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ သကြားတစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ ထောပတ် တစ်ပိဿာလျှင်ကျပ် ၂၀၀၀၀၊ အုန်းသီးတစ်လုံး ကျပ် ၇၀၀၊ လုပ်သားခ တစ်ဦး ကျပ်၇၀၀၀၊ ဘူးဖိုး ၁၀၀ ကျပ်၊ ကရေကရာ တစ်ပိဿာပြုလုပ်ရန်အတွက် စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ် ၄၅၅၀ ခန့် ကုန်ကျပြီး တစ်ပိဿာ ကျပ် ၆၀၀၀ ခန့်ဖြင့် ပြန်လည်ရောင်းချကြောင်း သိရှိ ရသည်။

အကျိုးအမြတ်အနေဖြင့် တစ်ပိဿာလျှင် ကျပ် ၁၄၅၀ ခန့်ရရှိပြီး လုပ်ငန်းတစ်ခု တစ်နေ့လျှင် ၆၂ ပိဿာခန့် ထုတ်လုပ်လျက်ရှိသည်။ ဈေးကွက်ရောင်းချမှုသည် ဒေသတွင်းနှင့် ရန်ကုန်မှ ပြည်ကြားမြို့များ၊ နေပြည်တော်စသည့် တိုင်းဒေသကြီး၊ မြို့နယ်များသို့ ကိုယ်စားလှယ်များမှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ ကရေကရာလုပ်ငန်းသည် ဒေသထုတ်ကုန်တစ်ခုအဖြစ် တိုးချဲ့ဆောင်ရွက်မည်ဆိုပါက ခေတ်မီစက်ကိရိယာများနှင့် ကုန်ကြမ်းထားရှိရန်အတွက် သိုလှောင်ရုံများ ဆောက်လုပ်ကာ ဆောင်ရွက်နိုင်မည့်လုပ်ငန်းတစ်ခုဖြစ်သည်။

## &ufuefvkyfief;

သဲကုန်းမြို့၊ ပျားစည်ကျေးရွာ၊အင်းမတွင် မိရိုးဖလာ ရက်ကန်းလုပ်ငန်းကို ရှေးမူမပျက်ထိန်းသိမ်း၍လုပ်ကိုင်လျက်ရှိသည်။ ရက်ကန်းတွင် အသုံးပြုရသည့် ကုန်ကြမ်းမှာ ချည်ထုတ်ဖြစ်ပြီး ချည်ထုတ်များကို တရုတ်နိုင်ငံမှ တင်သွင်း၍ မန္တလေးကုန်သည်များထံ ရောက်ရှိကာ ထိုမှတစ်ဆင့် ပြည်ကုန်သည်များထံမှ ဝယ်ယူရရှိသည်။ ထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် လုပ်အားခအပါအဝင် တစ်ထည်လျှင် ကျပ် ၇၂၀၀ ခန့် ကုန်ကျပြီး ပြန်လည်ရောင်းချရာတွင် ကျပ် ၉၀၀၀-၉၅၀၀ ခန့် ရောင်းချကြောင်း သိရှိရသည်။ အင်းမထည်ကို တစ်နှစ်တစ်ရာသီတွင် ခြောက်လထုတ်လုပ်ပြီး တစ်နေ့လျှင် ပုဆိုး သုံးကွင်းခန့်၊ မလုံချည် သုံးထည်ခန့်ထုတ်လုပ်ကြောင်း သိရှိရသည်။ အင်းမချည်ထည်များကို ဒေသတွင်းက အထည်ဆိုင်များနှင့် တစ်နိုင်ငံလုံးဖြန့်ဖြူးရောင်းချကြောင်း သိရှိရပြီး ကျေးရွာများတွင် လုပ်သားအင်အား နည်းပါးလာခြင်း၊ လုပ်သားရှားပါးခြင်းပြဿနာများကြောင့် နေလှန်းရန်ခက်ခဲသည့်အတွက်ကြောင့် မိုးရာသီတွင် အမိုးအကာပါသည့် အဆောက်အအုံများ လိုအပ်လျက်ရှိသည်။

## i;csOfvkyfief;

ပဲခူးတိုင်းဒေသကြီး၏ ဒေသထုတ်ကုန်များထဲတွင် ငါးချဉ်လုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပဲခူးမြို့တွင် ငါးချဉ်လုပ်ငန်း အများစုလုပ်ကိုင်ကြပြီး ငါးချဉ်ထုတ်လုပ်ရာတွင် အသုံးပြုရသော တောင်စွန်းဖက်များကို ပဲခူးအနောက်ရိုးမမှ ဝယ်ယူရရှိပြီး ငါးများကို ပဲခူးမြို့ရှိ ငါးဒိုင်များမှ ဝယ်ယူကြသည်။ ငါးချဉ်ထုတ်လုပ်ရာတွင် ငါးဖယ်နှင့် ငါးမြစ်ချင်းကို အသုံးပြု၍ ထုတ်လုပ်ကြသည်။ ငါးချဉ်လုပ်ငန်းလုပ်ကိုင်ရာတွင် လုပ်သားအရေအတွက်အားဖြင့် ၂၀ ဦးခန့်၊ တစ်ရက်လုပ်သား ပေးချေရမှုအနေဖြင့် ကျပ် ၈၀၀၀ ခန့် ပေးချေရသည်။ ကုန်ကျစရိတ်မှာ ငါးဖယ် ပိဿာ ၁၀ ကို ကျပ် ၁၆၀၀၀၀၊ ငါးမြစ်ချင်း ပိဿာ ၁၀ ကျပ် ၆၀၀၀၀၊ ဆန်နို့ဆီဘူး လေးလုံးလျှင် ကျပ် ၁၅၀၀၊ ဆား ၃၀ကျပ်သား ၃၀၀ ကျပ်၊ ငါးချဉ် တစ်ထုပ်လျှင် ဖက်ရွက်သုံးရွက်ခန့် အသုံးပြုရကာ ငါးဖယ် ပိဿာ ၁၀ အားလည်းကောင်း၊ ငါးမြစ်ချင်း ပိဿာ ၁၀ အားလည်းကောင်း ထုတ်လုပ်ပါက ၁၀ကျပ်သား အထုပ်ရေ ၂၀၀ ခန့်ထွက်ရှိသည့်အတွက် ဖက်ရွက် ၆၀၀ခန့် အသုံးပြုရပြီး ဖက်ရွက်ကုန်ကျစရိတ်မှာ ကျပ် ၅၀၀၀ ခန့်၊လုပ်သားခ ကျပ် ၃၂၀၀၀၊ စုစုပေါင်း ကုန်ကျစရိတ် ကျပ် ၁၉၈၈၀၀ ခန့် ကုန်ကျပြီး အကျိုးအမြတ်မှာ ပိဿာ ၁၀ လျှင် ကျပ် ၄၁၂၀၀ ခန့်ရရှိကြောင်း သိရှိရသည်။

ဈေးကွက်အနေဖြင့် ပဲခူးမြို့တွင်းနှင့် ဘုရားကြီးမြို့၊ ကျိုက်ထိုမြို့၊ ရန်ကုန်မြို့ရှိ ကုန်တိုက်များ၊ မန္တလေးကုန်တိုက်ကြီးများ၊ မုံရွာ၊ မိတ္ထီလာ၊ တောင်ကြီး၊ ပုသိမ်၊ နေပြည်တော်၊ ပြင်ဦးလွင်၊ မော်လမြိုင်မြို့များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။ ငါးချဉ်လုပ်ငန်းသည် ပြည်ပဈေးကွက်အထိပါ တိုက်ရိုက်ဖြန့်ဖြူးရောင်းချနိုင်သောလုပ်ငန်းဖြစ်ပြီး ပြည်ပဈေးကွက်များကိုထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် ခေတ်မီထုပ်ပိုးမှုနည်းစနစ်များ၊ ကြာရှည်အသုံးပြုနိုင်ရန် နည်းပညာများကို လေ့လာသင်ယူပြီး တိုးချဲ့လုပ်ကိုင်ပါက ထုတ်လုပ်ရောင်းချသူများအတွက် အခွင့်အလမ်းရှိသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။

## c&rf;csOfoD;,dkvkyfief;

ပဲခူးမြို့နယ်၊ ထုံးကြီးကျေးရွာတွင် ခရမ်းချဉ်သီးများကို ခရမ်းချဉ်သီးထွက်ရှိချိန်တွင် ခရမ်း၊ သက္ကလ၊ ပဲခူးနှင့် ဘိုင်းဒါးဒေသများမှ ဝယ်ယူပြီး အခြားအချိန်ကာလများတွင် ရှမ်းပြည်နယ်ဘက်မှ အင်းသီးများကို ဝယ်ယူ၍ ခရမ်းချဉ်သီးယိုလုပ်ငန်း လုပ်ကိုင်လျက်ရှိသည်။ ခရမ်းချဉ်သီးယိုထုတ်လုပ်ရန်အတွက် ကုန်ကြမ်းမှာ ခရမ်းချဉ်သီးနှင့် သကြားကို အသုံးပြုရပြီး လုပ်သားအရေအတွက် ငါးဦးခန့်ဖြင့် လုပ်ကိုင်လျက်ရှိသည်။ တစ်ရက်လုပ်သားခ ပေးချေရမှုအနေဖြင့် ကျပ် ၇၀၀၀-၈၀၀၀ ကျပ်ခန့်ပေးချေရပြီး ထုတ်လုပ်မှုကုန်ကျစရိတ်သည် သယ်ယူပို့ဆောင်ခအပါအဝင် ခရမ်းချဉ်သီးယို တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ ခန့် ကုန်ကျပြီး တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ ခန့် ပြန်လည်ရောင်းချကြသည့်အတွက် အကျိုးအမြတ်အားဖြင့် တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ခန့် ရရှိသည်။ ဈေးကွက်ရောင်းဝယ်ဖောက်ကားမှုမှာ ဒေသတွင်းနှင့်ရန်ကုန်မြို့တွင်း တင်ပို့ရောင်းချကြပြီး ကုန်ကြမ်း၅ပိဿာလျှင် ကုန်ချော ၂ပိဿာ၇၀ကျပ်သားခန့်ရရှိပြီး တစ်ရက်လျှင်၈ပိဿာကျော်ခန့် ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

**( ဒေသထုတ်ကုန်များအား ဆက်လက်ဖော်ပြပေးပါဦးမည်။)**



# ဝင်ငွေမြင့် ဖွံ့ဖြိုးပြီး နိုင်ငံဖြစ်လာရန် ဆောင်ရွက်မည့် ဗီယက်နမ်

**ထွန်းသက်ထွန်း**

ဗီယက်နမ်အစိုးရသည် ပြည်သူတို့၏ဝင်ငွေ တိုးတက်ရေး၊ ခေတ်မီစက်မှုနိုင်ငံဖြစ်စေရေး၊ ခိုင်မာသည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးတို့ပါဝင်သည့် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအသစ်တစ်ခု ရေးဆွဲခဲ့သည်။ ဤစီမံကိန်းသည် နိုင်ငံ၏ လွှမ်းခြုံရေးဆွဲထားသည့် စီမံချက် ၂၀၂၁-၂၀၃၀ ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဗီယက်နမ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ပြီး ဝင်ငွေမြင့်နိုင်ငံတစ်ခု ဖြစ်လာပြီး တစ်နှစ် တစ်ဦးကျ ပျမ်းမျှ GDP ကို ၂၀၅၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၇၀၀၀ မှ ၃၂၀၀၀ ရရှိရန် ရည်ရွယ်ထားသည်။ စီမံကိန်း၏ တစ်စိတ်တစ်ဒေသအဖြစ် ၂၀၃၀ ပြည့်နှစ်တွင် ခေတ်မီစက်မှုလုပ်ငန်းဖြင့် ဝင်ငွေ အလယ်အလတ်မြင့်မားသည့် နိုင်ငံတစ်ခုဖြစ်လာစေရန် ရည်ရွယ်ထားသည်။

ဤစီမံချက်ကို ဒုတိယဝန်ကြီးချုပ် Le Van Thanh က လက်မှတ်ရေးထိုးကာ လာမည့်လွှတ်တော်တွင် တင်ပြ အတည်ပြုချက်ရယူသွားမည်ဖြစ်သည်။ အလယ်အလတ်အထက် ဝင်ငွေရှိပြီး စက်မှုဖွံ့ဖြိုးသည့်နိုင်ငံမှသည် ဗီယက်နမ်အနေဖြင့် ကောင်းမွန်ထိရောက်သည့်၊ စုစည်းပြီး ရေရှည်တည်တံ့သည့် စီးပွားရေးစနစ်နှင့် ခေတ်မီမြို့ပြအဆင့်အတန်းများ၊ ခိုင်မာသည့် အခြေခံအဆောက်အအုံများကို ပိုင်ဆိုင်ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် နိုင်ငံအနေဖြင့် ဟန်ချက်ညီညီ ထိန်းသိမ်းနိုင်ရေး၊ ရိုက်ခတ်မှုဒဏ်များ ခံနိုင်ရည်ရှိရေး၊ စွမ်းအင်ဖူလုံရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ရေအရင်းအမြစ် ဖူလုံရေးနှင့် တစ်ချိန်တည်းမှာပင် ဂေဟစနစ်ကို ကာကွယ်နိုင်ရေးနှင့် ရာသီဥတု ဖောက်ပြန်မှုနှင့် လိုက်လျောညီထွေ ဖြစ်စေရေးတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် ပြည်သူတို့၏ စိတ်ဓာတ်ရေးရာများ မြှင့်တင်စေကာ နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးများကိုလည်း ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဗီယက်နမ်သည် ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း GDP တိုးတက်မှုနှုန်းကို ၇ ရာခိုင်နှုန်းရရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး အရှေ့တောင်ဒေသနှင့် မြစ်နီမြစ်ဝှမ်းဒေသများတွင် ၈ ရာခိုင်နှုန်းမှ ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မှု ရရှိနိုင်မည်ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် လူတစ်ဦးကျ GDP မှာ အမေရိကန်ဒေါ်လာ ၇၅၀၀ ရှိလာမည်ဖြစ်ပြီး အဆိုပါ GDP တွင် ဖွဲ့စည်းမှုအချိုးအစားမှာ ဝန်ဆောင်မှုကဏ္ဍ ၅၀ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးနှင့် စက်မှုကဏ္ဍ ၄၀ ရာခိုင်နှုန်း၊ လယ်ယာ၊ သစ်တော သားငါးကဏ္ဍ ၁၀ ရာခိုင်နှုန်း ပါဝင်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် အဓိကစွမ်းရည်မြင့် ဇုန်ကြီးနှစ်ခုကို ဟိုချီမင်းနှင့် ဟနွိုင်းမြို့တော်နှစ်ခုရှိ တိုးတက်မှု အထောက်အကူပြုစင်တာများနှင့် ဆက်စပ်တည်ထောင်သွားမည်ဖြစ်ပြီး တောင်-မြောက် စီးပွားရေးကော်ရစ်ဒါများအဖြစ် Lao Cai - Ha Noi - Hai Phong - Quang Ninh - Moc Bai - HCM City - Vung Tau မြို့များကို ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းတွင် ခေတ်မီအခြေခံအဆောက်အအုံများ၊ အမျိုးသားမြို့ပြဧရိယာစနစ်နှင့် ပေါင်းစပ်ထားသည့် ဖွံ့ဖြိုးတိုးတက်ရေးနေရာများ၊ စိမ်းလန်းပြီး စမတ်ကျသော မြို့ပြဧရိယာများကို အဓိကထား ဆောင်ရွက်မည်ဖြစ်သည်။ မြို့ပြနှင့် ကျေးလက်ဒေသဆက်သွယ်ရေးကို အဆင့်မြှင့်တင်မည်ဖြစ်ပြီး မြို့ပြအဆင့်မြှင့်တင်ခြင်းကို ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးကို ဦးစားပေးလုပ်ဆောင်မည်ဖြစ်ပြီး ဒစ်ဂျစ်တယ်အစိုးရ၊ ဒစ်ဂျစ်တယ် စီးပွားရေးနှင့် ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်းအပေါ် အာရုံစိုက်ကာ ဆောင်ရွက်မည်ဖြစ်သည်။ ဒစ်ဂျစ်တယ် စီးပွားရေး၏ GDP အပေါ် ဝေစုမှာ ၃၀ ရာခိုင်နှုန်းခန့်ရှိမည်ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ၏ လူဦးရေမှာ ၁၀၅ သန်းရှိလာမည်ဖြစ်သည်။ လူသားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်း HDI မှာ သုည ဒသမ ၇ အထိ ရှိလာမည်ဖြစ်ကာ ပြည်သူတို့၏ ပျမ်းမျှအသက်မှာ ၇၅ နှစ်အထိ ရှိလာမည်ဖြစ်သည်။ မြို့ပြတွင် လူတစ်ဦး၏ နေထိုင်နိုင်မည့်ကြမ်းခင်းဧရိယာမှာ ၃၂ စတုရန်းမီတာ ရှိလာမည်ဖြစ်သည်။

> **ဖွံ့ဖြိုးတိုးတက်ရေး ကွက်လပ်များကို ဇုန်ခြောက်ဇုန်ဖြင့် ဖြည့်ဆည်းသွားမည်ဖြစ်ပြီး မြောက်ပိုင်းနှင့် တောင်ပေါ်ဒေသဇုန်၊ မြစ်နီမြစ်ဝှမ်းဇုန်၊ မြောက်-အလယ်ကမ်းရိုးတန်းနှင့် အလယ်ဇုန်၊ ဗဟိုကုန်းမြင့်ဒေသ၊ အရှေ့တောင်ဒေသနှင့် မဲခေါင်မြစ်ဝှမ်းဒေသတို့ဖြစ်သည်။**

ပညာရေးနှင့် ပတ်သက်၍ ဗီယက်နမ်သည် ဒေသတွင်း အဆင့်မြင့်သည့်ပညာရေးကို ရရှိရန်ရည်မှန်းထားပြီး အာရှဒေသအတွင်း အကောင်းဆုံးပညာရေးစနစ်ကို ပံ့ပိုးနိုင်မည့် နိုင်ငံတစ်ခုအဖြစ် ရပ်တည်သွားရန် ရည်မှန်းထားသည်။ လူ ၁၀၀၀ တွင် တက္ကသိုလ်တက်နိုင်သည့် လူဦးရေ ၂၆၀ ရှိရန်နှင့် ဘွဲ့လက်မှတ်နှင့် လက်မှတ်ရ လေ့ကျင့်ပြီး လူဦးရေမှာ ၃၅ မှ ၄၀ ရာခိုင်နှုန်းအထိ ရှိရန် ရည်မှန်းထားသည်။

ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးကို မြှင့်တင်ရန်အတွက် နိုင်ငံလုံးဆိုင်ရာ ဆေးဝါးကုသရေး ကွန်ရက်တစ်ခုဖြင့် ဒေသတွင်း အဆင့်မြင့်နိုင်ငံများနှင့် တန်းတူဝန်ဆောင်မှုများ မြှင့်တင်သွားမည်ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် ဗီယက်နမ်နိုင်ငံတွင် လူ ၁၀၀၀၀ လျှင် ဆရာဝန် ၁၉ ဦးနှင့် ခုတင် ၃၅ ခုဆံ့ ဆေးရုံတစ်ရုံ ရှိလာမည်ဖြစ်သည်။

စီမံကိန်းအရ ဗီယက်နမ်သည် ဝင်ငွေမြင့်မားသည့် နိုင်ငံတစ်ခုအဖြစ် ၂၀၅၀ ပြည့်နှစ်တွင် ရောက်ရှိရန် ရည်မှန်းထားသည်။ အဆိုပါကာလအတွင်း နိုင်ငံသည် ပျမ်းမျှတိုးတက်မှုနှုန်း ၆ ဒသမ ၅ မှ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိရန်ခန့်မှန်းထားပြီး လူတစ်ဦးကျ GDP ကို ဒေါ်လာ ၂၇၀၀၀ မှ ၃၂၀၀၀ ရရှိရန်နှင့် မြို့ပြအဆင့်မြှင့်တင်ခြင်းကို ၇၀ မှ ၇၅ ရာခိုင်နှုန်းအထိ ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံသည် ဒီမိုကရေစီနှင့် ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ခုကို ခေတ်မီပြီး လိုက်လျောညီထွေဖြစ်စေမည့် အခြေခံအဆောက်အအုံများနှင့် သဟဇာတဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မာသည့် ဖွံ့ဖြိုးတိုးတက်သည့် စနစ်များနှင့်အတူ ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ရည်မှန်းချက်များတွင် ခေတ်မီပြီး စိမ်းလန်းသည့် အရည်အသွေးမြင့် သဘာဝပတ်ဝန်းကျင်တစ်ခုဖြစ်ရန်၊ ကောင်းမွန်ထိရောက်သည့် စီးပွားရေးစနစ်၊ ကာဗွန်ထုတ်လုပ်မှုကင်းစင်သည့် စနစ်၊ လူသားဖွံ့ဖြိုးမှု အညွှန်းကိန်း မြင့်အားပြီး ခိုင်မာသည့် ကာကွယ်ရေးစနစ်များ ဖြစ်လာရန် ရည်မှန်းထားသည်။

ဤရည်မှန်းချက်များကို အောင်မြင်စေရန် အစိုးရသည် သော့ချက်ကျသည့် လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံသည် အခြေခံကျသည့် မူဘောင်များဖြစ်သည့် အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေး၊ စွမ်းအင်၊ မြို့ပြဒေသ၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး၊ ဆည်မြောင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှု၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို လွှမ်းခြုံပါဝင်သည့် အခြေခံမူဘောင်တစ်ရပ်ကို ရေးဆွဲခဲ့သည်။

ထို့အပြင် စီးပွားရေးစနစ် ဖွဲ့စည်းပုံပြန်လည်ပြင်ဆင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ရန် ကျန်ရှိသည့် နေရာလပ်များကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ရေး၊ အရည်အသွေးနှင့် ထိရောက်မှု ရှိစေရေး၊ နိုင်ငံစီးပွားရေးကို အဓိကတွန်းအားပေးမည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို စနစ်တကျ စိစစ်ရွေးချယ်ကာ တွန်းအားပေး ဆောင်ရွက်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် အဆင့်မြင့်နည်းပညာ ပံ့ပိုးသည့် ထောက်ပံ့ရေးစင်တာများ ဖွံ့ဖြိုးတိုးတက်ရန် အရေးတကြီး လိုအပ်သလို နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် မူဝါဒများ၊ စီးပွား-စီမံခန့်ခွဲမှု ယူနစ်များ၊ ဘဏ္ဍာရေးစင်တာများလည်း တည်ထောင်သွားမည်ဖြစ်သည်။ ဝေးလံခေါင်းပါးသော ဒေသများ၊ နယ်စပ်ဒေသများနှင့် ကျွန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင့်လျော်သော ယန္တရားများနှင့် မူဝါဒများကိုလည်း မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် ဆိပ်ကမ်းများ၊ လေဆိပ်များ၊ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်များ၊ အဓိက ကုန်သွယ်မှု အချက်အချာများ၊ မြို့ပြဗဟိုချက်နှင့် စီးပွားရေးအချက်အချာများကို ချိတ်ဆက်၍ စီးပွားရေးစင်္ကြံများ တည်ထောင်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရေး ကွက်လပ်များကို ဇုန် ခြောက်ဇုန်ဖြင့် ဖြည့်ဆည်းသွားမည်ဖြစ်ပြီး မြောက်ပိုင်းနှင့် တောင်ပေါ်ဒေသဇုန်၊ မြစ်နီ မြစ်ဝှမ်းဇုန်၊ မြောက်-အလယ်ကမ်းရိုးတန်းနှင့် အလယ်ဇုန်၊ ဗဟိုကုန်းမြင့်ဒေသ၊ အရှေ့တောင်ဒေသနှင့် မဲခေါင်မြစ်ဝှမ်းဒေသတို့ဖြစ်သည်။

စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနသည် ပေါ်လစ်ဗျူရိုနှင့် ပါတီဗဟိုကော်မတီတို့၏ သဘောထားအမြင်များကို ရယူပြီး အမျိုးသားအဆင့် မဟာစီမံကိန်းကို အပြီးသတ်ကာ အမျိုးသားလွှတ်တော်သို့ တင်ပြကာ အတည်ပြုချက် ရယူရမည်ဖြစ်သည်။ ဝန်ကြီးဌာနသည် အမျိုးသားလွှတ်တော်သို့ မတင်ပြမီ အမျိုးသားအဆင့် မဟာစီမံကိန်းပြီးစီးမှုနှင့်ပတ်သက်သည့် အစီရင်ခံစာကို ဝန်ကြီးချုပ်ထံ တင်ပြရန် တာဝန်ရှိသည်။

**References: asianews.network**


စစ်မှန်ဆေးစွမ်း အာဂရိုဂရင်းလန်း
AGL
AGRO GREEN LAND
အာဂရိုဂရင်းလန်းကဲမီးကဲ(လ်) ကုမ္ပဏီလီမိတက်
Best B-21
Best
N.P.K - 15:15:15
Best G-24
860 SL


Vito SOY
နေ့ရက်တိုင်းမှာအာဟာရပြည့်ဝစေဖို့ Vito ပဲနို့
STRAWBERRY SOY MILK
စတော်ဘယ်ရီပဲနို့
HIGH PROTEIN
DOUBLE MILK ADDED
CLASSIC SOY MILK
ပဲနို့
HIGH PROTEIN
DOUBLE MILK ADDED
CHOCOLATE SOY MILK
ချောကလက်ပဲနို့
SOYMILK
HIGH PROTEIN

dragon power
Relentless Pursuit Of Excellence

# HEAVY MACHINERY SALE(USED) AND RENTAL SERVICES

UMG
Relentless Pursuit Of Excellence









SP 1800



SP 1400



Address -No.195, Annawyahtar Road,Industrial Zone -5,Hlaing Thar Yar Tsp,Yangon.
Contact- 09-250525974,09-977835280,09-422557267,09-790444470
Email - shinewai.phyo@umgroups.com,Zin mar.oo@umgroups.com

SDC
SALES DIRECT CO., LTD.

PREMIUM WORLDWIDE CO.,LTD



## OUR SERVICE

- Food service supply (QSR & HORECA )
- Logistic & Supply Chain Management / 4PL
- Multi - Temp Warehousing & Cold Chain Logistic
- Shipping Agency, Customs Brokerage & Valuation
- Cargo Insurance Service
  (We represent AIG in Myanmar)
- Food Manufacturing, Import & Export
- Occupational Health & Safety Products
- Statutory & Coporate Consultancy
- IT Syatems Intergration
- Education


## EDUCATION

WE BRING THE WORLD EDUCATION TO YOUR DOOL!

- Sole Distributor of Marshall Cavendish
- Distributor of Cambridge
- And many More!

marshall cavendish education

CAMBRIDGE UNIVERSITY PRESS




## FOOD SERVICE PRODUCTS

فرسانا FORSANA

HUNGRITOS

DODO

TGM
SINCE 1963



*The popular Brand in Saudi Arabia and the middle east.*

- **HQ & Distribution Hub**

N0 (209-238) Kanaung Min Thar Gyi Street, Industrial Zone (2), Hlaing Thar Yar Township Yangon Myanmar.
Tel: :+ 95 9 421125584, +95 9787240169
www.salesdirect.co.biz
www.premiumworldwide.org

- **Mandalay Hub**

No (5/8) 62nd Street, Between 38th & 39th Streets, Mahar Aung Myay Township Mandalay .
Tel: :+ 95 9 421125584, +95 9787240169
www.salesdirect.co.biz
www.premiumworldwide.org

# ဂျယ်လီကဲ့သို့ အရည်ဖြည့်ရသည့် လစ်သီယမ်ဘက်ထရီတစ်မျိုး တရုတ်တီထွင်



တရုတ်သိပ္ပံပညာရှင်များသည် ဂျယ်လီကဲ့သို့ အရည်ဖြည့်ရသည့် လစ်သီယမ်ဘက်ထရီတစ်မျိုးကို တီထွင်ခဲ့ရာ လက်ရှိအချိန်၌ အောင်မြင်ခဲ့ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၄ ရက်က ရေးသားဖော်ပြထားသည်။

ပုံမှန်သုံးနေကြဖြစ်သည့် လစ်သီယမ်အိုင်းယွန်း ဘက်ထရီများသည် ပေါက်ကွဲမှုဖြစ်ပေါ်ကာ မီးလောင်မည့် အန္တရာယ်ရှိနေခြင်းကို ယခုအသစ်တီထွင်လိုက်သည့် လစ်သီယမ်ဘက်ထရီက ကောင်းမွန်စွာ ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျယ်လီကဲ့သို့ အရည်ဖြည့်ရသည့် လစ်သီယမ်ဘက်ထရီများသည် ယခင် အသုံးပြုနေကြ ဘက်ထရီများထက် သုံးဆ ပိုမိုကြာရှည်စွာ သုံးစွဲနိုင်မည်ဖြစ်သကဲ့သို့ လျှပ်စစ်မော်တော်ကားများနှင့် ဒရုန်းများ၏သက်တမ်းကိုလည်း သုံးဆတိုးစေနိုင်မည်ဟု ဆိုသည်။

မကြာသေးမီက ထုတ်ပြန်ခဲ့သော လေ့လာမှုတစ်ခုအရ ဂျယ်ပေါ်လီမာ အီလက်ထရွန်နစ်အသစ်ဖြင့် လစ်သီယမ် ဘက်ထရီများတွင် စွမ်းရည် ၉၂ ရာခိုင်နှုန်း ထိန်းထားနိုင်မှုကို ပြသခဲ့ကြောင်း၊ ထို့ပြင် လစ်သီယမ် အိုင်းယွန်းဘက်ထရီ ပေါက်ကွဲမှုနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ ပြဿနာများကိုဖြေရှင်းရန် ရှာဖွေမှုတွင် ရွေးချယ်စရာတစ်ခု ထပ်တိုးပေးဆောင်နိုင်ခဲ့ကြောင်း၊ လစ်သီယမ်အိုင်းယွန်းဘက်ထရီ၏ သက်တမ်းကို သုံးဆတိုးစေပြီး မီးလောင်နိုင်သည့်အန္တရာယ်ကို လျှော့ချနိုင်သည့် နည်းပညာသစ်ကိုလည်း တီထွင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ပါမောက္ခ Yu Le က ပြောသည်။

ဘက်ထရီ၏ ဓာတုဗေဒအဖြေကို ဂျယ်လီကဲ့သို့ ညီညွတ်မှုရှိသော ဒြပ်စင်အသစ်ဖြင့် အစားထိုးသည့် နည်းပညာသည် တရုတ်နိုင်ငံ၏ ထွန်းကားလာသော လျှပ်စစ်မော်တော်ကားလုပ်ငန်းတွင် အလျင်အမြန် အသုံးချနိုင်တော့မည်ဟု သုတေသီများက ထပ်မံပြောခဲ့သည်။

လစ်သီယမ် ဘက်ထရီများ တီထွင်နိုင်မှုနှင့်ပတ်သက်ပြီး Beijing University of Chemical Technology မှ ပါမောက္ခ Yu Le နှင့် တွဲဖက်ပါမောက္ခ Li Nianwu တို့ဦးဆောင်၍ လေ့လာမှုအသေးစိတ်ပြုလုပ်ကာ တီထွင်အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း Advanced Functional Materials ဂျာနယ်တွင် ဖော်ပြခဲ့သည်။

သုတေသီများသည် ဘက်ထရီအသစ်၏ ထိန်းသိမ်းမှုစွမ်းဆောင်ရည်ကို တိုင်းတာရန်အတွက် စမ်းသပ်မှုများကို ဆက်တိုက်ပြုလုပ်ခဲ့ရသည်ဟု ဆိုသည်။

လက်ရှိ လျှပ်စစ်မော်တော်ကားများတွင် အသုံးပြုနေသည့် ဘက်ထရီများသည် ယခုအသစ်တီထွင်လိုက်သည့် မော်ဒယ်နှင့် ဆင်တူသော်လည်း ဘက်ထရီစွမ်းဆောင်ရည်ကို မြှင့်တင်ရန် မော်ဒယ်သစ်တွင် ပိုထူသော ဂျယ်လီအလွှာကို အသုံးပြုထားကြောင်း၊ ဒီဇိုင်းအသစ်သည် သာမန်ထက် ပိုထူနေသော်လည်း အသုံးပြုသူများအတွက် အဆင်ပြေမည်ဖြစ်ကြောင်း သုတေသီများက ပြောသည်။

**Source; Xinhua**



# တွစ်တာတွင် ကုန်ကျစရိတ် ဒေါ်လာ တစ်ဘီလီယံ လျှော့ချမည်

တွစ်တာ၏ ပိုင်ရှင်သစ်ဖြစ်လာသူ အီလွန်မက်စ်က ဝန်ဆောင်မှုများနှင့် ဆာဗာနေရာအပိုများကို ဖြတ်တောက်ခြင်းဖြင့် နှစ်စဉ် အခြေခံအဆောက်အအုံကုန်ကျစရိတ်ကို ဒေါ်လာ တစ်ဘီလီယံအထိ လျှော့ချသွားမည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မိမိအနေဖြင့် တွစ်တာမှ ဝန်ထမ်းများကို လျှော့ချသွားမည် မဟုတ်ကြောင်းနှင့် တွစ်တာနှင့်ပတ်သက်ပြီး မည်သည့်လျှော့ချမှုများကိုမျှ ပြုလုပ်သွားမည် မဟုတ်ကြောင်း ကနဦးပြောဆိုခဲ့သော်လည်း ယခုအချိန်တွင် တွစ်တာနှင့်ပတ်သက်ပြီး ဒေါ်လာ တစ်ဘီလီယံအထိ လျှော့ချသွားမည်ဟု အီလွန်မက်စ်က ပြန်လည်ပြောဆိုလာခဲ့ခြင်းဖြစ်သည်။

အီလွန်မက်စ်က ထိုကဲ့သို့ ညွှန်ကြားမှု ပြုလုပ်အပြီးတွင် ဝန်ထမ်းတချို့နှင့်ပတ်သက်ပြီး ရာထူးမှ ထုတ်ပယ်မှု ခံရခြင်း ရှိ၊ မရှိကိုလည်း မကြာမီတွင် ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်း၏ရုံးများကို ယာယီပိတ်ထားမည်ဖြစ်ပြီး တံဆိပ်ဝင်ရောက်ခွင့်ကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ကုမ္ပဏီက ထပ်လောင်းပြောကြားခဲ့သည်။ အီလွန်မက်စ်သည် မကြာသေးမီ ရက်ပိုင်းအတွင်က တွစ်တာကို ဒေါ်လာ ၄၄ ဘီလီယံ (ပေါင် ၃၉ ဒသမ ၃ ဘီလီယံ)ဖြင့် ဝယ်ယူခဲ့ပြီးနောက် တွစ်တာ၏ အမှုဆောင်အရာရှိချုပ် ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်သူ အီလွန်မက်စ်သည် စွန့်ဦးတီထွင်သူနှင့် ရင်းနှီးမြှုပ်နှံသူတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် တောင်အာဖရိကဖွားကနေဒါ-အမေရိကန်နိုင်ငံသားဖြစ်ပြီး Space X ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်နှင့် ခေါင်းဆောင်ဒီဇိုင်နာဖြစ်သည်။ ထို့ပြင် အီလွန်မက်စ်သည် Tesla ကုမ္ပဏီ၏ ထုတ်ကုန် ဗိသုကာပညာရှင်လည်းဖြစ်ကာ Paypal နှင့် Neuralink တို့၏ ပူးတွဲတည်ထောင်သူလည်း ဖြစ်သည်။

**Source; The New York Times, Reuters**

# ပင်လယ်ရေကြောင်းစီမံကိန်း ဆိပ်ကမ်းတစ်ခု နိုင်ဂျီးရီးယား ဖွင့်လှစ်

နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့တွင် ပထမဦးဆုံးသော ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခုကို နိုဝင်ဘာ ၂ ရက်က ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ ဆိပ်ကမ်းအင်ဂျင်နီယာလုပ်ငန်း China Harbor Engineering Company Ltd(CHEC)သည် နိုင်ဂျီးရီးယားနိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် လာဂို့စ်မြို့၌ ပင်လယ်ရေကြောင်းစီမံကိန်းကြီး ပြီးမြောက်ခဲ့ပြီးနောက် နိုင်ဂျီးရီးယား၏ ပထမဆုံးသော အဆိုပါ ပင်လယ်ရေနက်ဆိပ်ကမ်းကို အစိုးရအဖွဲ့ထံသို့ နိုဝင်ဘာ ၁ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Cui Jianchun က တရုတ်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့အကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု စီးပွားရေးစီမံကိန်းတစ်ခုဖြစ်ပြီး ယခုဖွင့်လှစ်လိုက်သည့် Lekki ဆိပ်ကမ်းသည် အာဖရိကရှိ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရာတွင် အလွန်အရေးပါကြောင်း ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ဆိပ်ကမ်းအင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်က တည်ဆောက်ခဲ့သည့် Lekki ပင်လယ်ရေနက်ဆိပ်ကမ်းသည် နိုင်ဂျီးရီးယားနိုင်ငံရှိ အကြီးဆုံး ပင်လယ်ဆိပ်ကမ်းဖြစ်သကဲ့သို့ အနောက်အာဖရိကတွင်လည်း အကြီးဆုံး ဆိပ်ကမ်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါဆိပ်ကမ်း တည်ဆောက်မှုကို ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် စတင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ပြီးစီးခဲ့ခြင်းဖြစ်သည်။ ယင်း Lekki ပင်လယ်ရေနက်ဆိပ်ကမ်းမှ နှစ်စဉ် ကုန်သေတ္တာ ၁ ဒသမ ၂ သန်း ကိုင်တွယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆိပ်ကမ်းသစ်က လာဂို့စ်မြို့ကို ဗဟိုနှင့် အနောက်အာဖရိကဒေသတစ်ခုလုံးအထိ ပင်လယ်ရေကြောင်း ထောက်ပံ့ပို့ဆောင်ရေး အချက်အချာနေရာအသစ် တစ်ခုအဖြစ် နေရာယူသွားမည်ဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံကို အာဖရိကတိုက် လွတ်လပ်သည့်ကုန်သွယ်ရေး သဘောတူညီချက်အောက်တွင် စီးပွားရေးဦးဆောင်မှု အလားအလာ အပြည့်အဝ ရရှိရေးအတွက် နေရာယူသွားမည်လည်းဖြစ်ကြောင်း လာဂို့စ်ပြည်နယ် အုပ်ချုပ်ရေးမှူး Babajide Sanwo-Olu က ပြောသည်။

ယခု အသစ်ဖွင့်လှစ်လိုက်သည့် Lekki ပင်လယ်ရေနက်ဆိပ်ကမ်းမှ လာမည့်နှစ်များအတွင်း နိုင်ဂျီးရီးယားနိုင်ငံ၌ အလုပ်အကိုင်ပေါင်း နှစ်သိန်းနီးပါးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေး အလားအလာများအား ဖော်ထုတ်ပေးနိုင်မည်ဖြစ်ကာ နိုင်ငံ၏ အခွန်ဘဏ္ဍာအား မြှင့်တင်နိုင်မည်ဖြစ်ကြောင်း Babajide Sanwo-Olu က ထပ်မံပြောဆိုခဲ့သည်။

**Source; scio.gov.cn**



စိုင်းဗညား - စုစည်းသည်